
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

# စေတန်၏ (၅)အုပ်မြောက် သရဲစာအုပ်

## ထဝေနဲ့ တစ္ဆေ
## ထလေးသရဲ
## ဗိုက်ပူမ သရဲ




စေတန်၏ (၅)အုပ်မြောက် သရဲစာအုပ်တွင် 'ထဝေနဲ့ တစ္ဆေ'၊ 'ထလေး သရဲ'၊ 'ဗိုက်ပူမ သရဲ' ဆိုသည့် သရဲဝတ္ထုတို (၃)ပုဒ်ကို ဖတ်ရှုရမည်။

'ထဝေနဲ့ တစ္ဆေ'တွင် ဝမ်းတွင်းဝါ ထဝေဆရာဝန်တစ်ဦးနှင့် တစ္ဆေဖြစ်သွားသည့် မိန်းကလေးတစ်ဦးတို့၏ ချောက်ချားဖွယ် အဖြစ်အပျက်များ၊

'ထလေး သရဲ'တွင် ဂူကြီးအတက်များကို ငယ်ငယ်ရွယ်ရွယ်နှင့် တက်ထွန်းနေသော ထလေးတစ်ဦးသေဆုံးပြီး ထလေးသရဲလေး ဖြစ်သွားသော အခါ .. ထိုဇာတ်လမ်းမှာ ဖြစ်ရပ်မှန်။

'ဗိုက်ပူမ သရဲ'တွင် ခေါင်တောတောင်ရှိန်၌ ထိတ်လန့်ချောက်ချားဖွယ် ဗိုက်ကြီးသူတာသော သတို့သမီးလောင်း၏ ဇာတ်လမ်းတို့ ဖြစ်သည်။

# EDITOR's LETTER



ယခုလတွင် ချက္ကာရနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ လျှပ်စစ်ကဲ့သို့ စွမ်းအင်ဓာတ်လှိုင်း ကုဏ္ဍလီနီနှင့် မှုအြာကျင့်စဉ်များကို အထူးပြု ဖော်ပြထားပါသည်။

ထို့အပြင် ယင်နှင့်ယန် သဘောတရားများနှင့် အစီအရင်များ၊ အံ့ဖွယ် ထူးခြားအဆောင်များ၊ ဆန္ဒပြည့်အင်းတော်နှင့် လောကီပညာရပ်များစွာကိုလည်း ဖော်ပြထားပါသည်။

ယခုလအတွက် အယ်ဒီတာအဖွဲ့ အကြိုက်ဆုံး ဝတ္ထုမှာ စာလောင်သစ် "ယက္ခဒေဝီ"၏ စိတ္တဇ တစ္ဆေ ဝတ္ထုဖြစ်သည်။ နောက်စာအုပ်များတွင်လည်း ကလောင်သစ်များကို ဦးစားပေး ဖော်ပြသွားပါမည်။

အထူးဝယ်သိမ်း စာအုပ်ကောင်းများဖြစ်အောင် ဖော်ပြထားပါသဖြင့် ပရိသတ်များအနေဖြင့် လက်မလွှတ်ရလေအောင် *စာအုပ်ဆိုင်များတွင် ကြိုတင်မှာကြား၍ ဝယ်ယူထား*ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

## သင့်အတွက် မရှိမဖြစ် ဆောင်ထားသင့်သည့် Dream Catcher များ ဝယ်ယူနိုင်ပြီ



ဖက်ရှင်လည်းကျ၊ လှပဆန်းကြယ်သည့် Dream Catcher များကို ဆောင်ထားပါက အိပ်မက်များကို မှတ်မိစေခြင်း၊ မိမိအပေါ်ကျရောက်လာမည့် ဘေးဆိုးအန္တရာယ်များ၊ မကောင်းကြံစည်ခြင်းများကို Dream Catcher ၏ Spider Web ပင့်ကူအိမ်ကွန်ရက်က ဖမ်းဆီးထားမည်ဖြစ်ပါသည်။


မိမိနေအိမ်၊ အိပ်ခန်း၊ ကားများတွင် အလှဆင်ပစ္စည်းအဖြစ်သာမက အဆောင်အဖြစ်ပါ ဆောင်ထားနိုင်ပါပြီ။

## ဂျူပီတာ အင်းပြားအဆောင်များ ဝယ်ယူနိုင်ပါပြီ

ဂျူပီတာ အင်းပြား အဆောင်အကြောင်းကို ဆဋ္ဌမအာရုံ မဂ္ဂဇင်း အမှတ်(၂၆)တွင် ဖော်ပြထားပြီး လုပ်ငန်းများတွင် ထားရှိပါက လုပ်ငန်းများ တိုးတက် ကြီးပွား အဆင်ပြေခြင်း၊ လာဘ်လာဘ ရွှင်လန်းခြင်း၊ အန္တရာယ်ကင်းခြင်းများကို ရရှိနိုင်သည့် ဂျူပီတာ အင်းပြား အဆောင်များ ဝယ်ယူ ရရှိနိုင်ပါပြီ။





## ငါးထောင့်ကြယ် အဆောင်များ “ဆဋ္ဌမအာရုံ” မဂ္ဂဇင်းတွင် ဝယ်ယူနိုင်ပါပြီ



ငါးထောင့်ကြယ် အဆောင်နှင့် ဆွဲကြိုးကို အစွမ်းသတ္တိ သိဒ္ဓိသွင်းနည်းကို လည်း “ဆဋ္ဌမအာရုံ” မဂ္ဂဇင်း အမှတ်စဉ်(၂၆)တွင် ဖော်ပြထားပါသည်။ သင့်အတွက်ကံကောင်းခြင်းအဆောင် လက်ဖွဲ့တစ်ခုအနေဖြင့် ဆောင်နိုင်ပါပြီ။

## ရောင်စုံ ဖယောင်းတိုင်များ “ဆဋ္ဌမအာရုံ” မဂ္ဂဇင်းတွင် ဝယ်နိုင်ပြီ





အစီအရင်များအတွက် အဖြူရောင်၊ အပြာရောင်၊ အဝါရောင်၊ နီရောင်၊ လိမ္မော်ရောင်၊ အနက်ရောင်၊ အစိမ်းရောင်၊ ခရမ်းရောင် ဖယောင်းတိုင်များ ဝယ်ယူနိုင်ပါပြီ။ ဖယောင်းတိုင်စိုက်ရန် Candle Holder ဖယောင်းတိုင်စိုက် ခွက် အလှများလည်း ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**တမွေသောက်၊ ပုဇွန်တောင်အကောက်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အကောင့်နံပါတ် ၀၀၄၁ - ၂၂၀၀ - ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးရချေ၍ ငွေလွှဲပေးပို့ရပါမည်။

## (၆)လ ၂၀၀၀၀ ကျပ်

## (၁၂)လ ၄၀၀၀၀ ကျပ်

**ဖုန်း** - ၀၉ ၇၃၁ ၇၆၆၅၀ သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ်ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်းကြားပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက်အလက်များ ပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်။

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ

ဆက်သွယ်ရန် – ၀၉ ၇၃၁ ၇၆၆၅၀

စာအုပ်ဆိုင်များနှင့်ဖြန့်ချိရေးကိုယ်စားလှယ်များ

ဆက်သွယ်ရန် – ၀၉ ၃၀၀ ၅၀၁၆၀



# စာပေမြင့်မှ လူမျိုးတင့်မည်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းကို ဖတ်စရာ၊ မှတ်စရာများစွာဖြင့် ဝယ်သိမ်းစာအုပ်ကောင်း တစ်အုပ်ဖြစ်အောင် အထူး ကြိုးစားထားပါသည်။ လစဉ်လဆန်းပိုင်းတွင် ထွက်ရှိနိုင်အောင် ကြိုးစားပါမည်။

ပရိသတ်များအနေဖြင့် မိမိ ဝယ်ယူနေကျ စာအုပ်ဆိုင်များတွင်လည်း ကြိုတင် မှာကြားထားနိုင်ပါသည်။ ဆဋ္ဌမအာရုံ မဂ္ဂဇင်း၏ ထွက်မည့်ရက်ကိုလည်း ကြိုတင် ဖုန်းဆက် မေးမြန်းနိုင်ပါသည်။

သင်သည် ဆဋ္ဌမအာရုံ မဂ္ဂဇင်း ပရိသတ်တစ်ဦး ဖြစ်လျှင် စာပေကို ချစ်မြတ်နိုးသူ၊ စာပေ၏ရသကို ခံစားတတ်သူ၊ စာအစုံ ဖတ်တတ်သူများ ဖြစ်ကြပါစေ။ စာအုပ်၊ စာပေ လူ့မိတ်ဆွေ - စာပေမြင့်မှ လူမျိုးတင့်မည်။

ဆဋ္ဌမအာရုံ မဂ္ဂဇင်း

အယ်ဒီတာ အဖွဲ့

Sixth Sense

Publishing House

**ဆဋ္ဌမအာရုံ စာပေတိုက်**

အမှတ်(၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၁ ၇၆၆၅၀



www.burmeseclassic.com

www.burmeseclassic.com

# Contents




စိုးနိုးရောင် လောကီပညာရပ်(၂၉) ၃၅

ခေတ်သစ်တို

အံ့ဖွယ်ထူးခြား အဆောင်များ ၄၁

ဝေယံဘုန်းပြည့်

ဆော်လမွန်အဆောင်များရဲ့ စွမ်းပကား ၅၁

ဝေယံဘုန်းပြည့်

ဆန္ဒပြည့်အင်းတော် ၆၅

ခင်းသက်ဆင်း

ခန္ဓာပြောင်း ဝိဉာဉ် ၁၂၂

ရေနံချေး ခရေ


## ...ရင် နည်း များ


အရှုံးအမှုးဖြစ်စေမယ့် အချစ်အစီအရင် ၁[illegible]

ချစ်သူပြန်လာမယ့် မှော်ဆံနွယ်အစီအရင် ၁[illegible]

အချစ်ပီယ မှော်လက်ကိုင်ပုဝါ စီရင်နည်း ၂[illegible]

ယင် နှင့် ယန် ဆုတောင်းပြည့် အစီအရင် ၂[illegible]

စာမေးပွဲအောင်မြင်နိုင်မယ့် မှော်အစီအရင် [illegible]

စုန်းကဝေရေမန်းဖြင့် အချစ်ရေမွှေးပြုလုပ်နည်း [illegible]







စိတ္တဇ တစ္ဆေ ၆၂

ယတ္တဒေဝီ

ထူးတဲ့ တစ္ဆေ ၁၄၅

တိုမောင်သန်းဝင်း

အတိတ်က ကြွင်းယာတော်၊ ပစ္စုပ္ပန်က ဖန်း၊ အနာဂတ်က မရဏ ၁၆၀

ဧတွေးညိုစိမ့်

[illegible]လက် ဝိဉာဉ် ၁၉၂

[illegible]နိုးနိုင်

[illegible]ရှားသခင်၏ အလိုတော် ၂၀၂

[illegible]အောင်ငြိမ်း


## ...သန်း ကြယ်


[illegible]အင်စခန်း ချက္ကာရနှင့် လုပ်ဆောင်မှုများ ၇၈

[illegible]ချပ်စ်တဲ့သို့ စွမ်းအင်ဓာတ်လှိုင်း ကုဏ္ဍလိနီ ၈၇

[illegible]စခန်းများအတွက် မှုဒြာကျင့်စဉ်များ ၁၁၄

[illegible]ခင်း မိုးသောက်ကြယ် လူစီဖာ ၁၃၄

[illegible]င်းတစ်တာမှန် နတ်မင်းကြီးလေးပါး ၁၃၉

[illegible]တ်ထေိ၊ ဆူးမညှိစေဘဲ ခရီးသွားလာခြင်း [illegible]၂

[illegible] boros (သို့မဟုတ်) Infinity သင်္ကေတ ၁၅၈

[illegible]ချမ်းသာအောင် ကြေးကိုဆောင် ၁၉၀




www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထားပါသည်။ ကလောင်ရှင်သစ်များပါဝင် လက်စွမ်းပြရေးသားနိုင်ရန်နေရာများကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရ ပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့်ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့်စာအုပ်လက်ဆောင်တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း
အယ်ဒီတာအဖွဲ့



# ဆဋ္ဌမအာရုံ မဂ္ဂဇင်း ၏ ဦးတည်ချက်

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ။ "ဆဋ္ဌမအာရုံစိတ်အဟုန်" ဆိုသည့်ဆောင်ပုဒ်ကိုလက်ကိုင်ပြု၍ထူးထွေဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက် ညီအောင် ပုံဖော်ထားသည်။ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာသည့်ခေတ်မီ ဂမ္ဘီရမဂ္ဂဇင်းတစ်စောင်ဖြစ်သည်။

အစွမ်းထက်သည့် ဂါထာမန္တန်နှင့် လောကီအစီအရင်များ၊ မှော်ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ်သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထုများ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့်လျှို့ဝှက်အံ့ဖွယ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမိုကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)
ဆဋ္ဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)

www.burmeseclassic.com

www.burmeseclassic.com

ဆဌမအာရုံ မဂ္ဂဇင်း

ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်

တိုမိုး (တောင်ကြီး)

အကြံပေး အယ်ဒီတာ

ဦးငွေစိုး၊ ဒေါက်တာမိ

အမှုဆောင် အယ်ဒီတာအဖွဲ့

နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်

အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး

ဒေါ်ဌေးဌေးလှိုင်

ထုတ်ဝေသူ

တိုမိုး(တောင်ကြီး) {(၀၀၅၀၈)}

ပုံနှိပ်သူ

ဦးကျော်သင်း {(၀၀၆၂၆)}

(သံလွင်ဦး ပုံနှိပ်တိုက်)

မျက်နှာဖုံး ဒီဇိုင်းနှင့် လိုဂို

အောင်မိုး

ပန်းချီ သရုပ်ဖော်

ရဲရင့်နိုင်၊ ဖိုးအောင်၊ လှသစ်အောင်

ကွန်ပျူတာ

ဆဌမအာရုံ ဝိုင်းတော်သားများ

ဖြန့်ချိရေး

ဆဌမအာရုံ စာပေတိုက်

အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်

မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀၊

တန်ဖိုး - ၂၀၀၀ ကျပ်





# ထူးဆန်းထွေလာ အံ့ဖွယ်စီရင်နည်းများ

ခေတ်သစ်ကို

www.burmeseclassic.com

www.burmeseclassic.com



## အရူးအမူးဖြစ်စေမယ့် အချစ်အစီအရင်



ဘယ်သူမဆို၊ ကိုယ့်ချစ်သူက ကိုယ့်အပေါ် အရူးအမူးဖြစ်ပြီး စွဲလမ်းစေလိုကြပါတယ်။ အခုအစီအရင်ကတော့ သင်ဟာ လူတစ်ယောက်ကို တကယ်ချစ်ပြီ။ သူ့ကို ကိုယ့်ဘဝခရီးအတွက် ဘဝအဖော်မွန်အဖြစ်ပါ ရွေးချယ်ထားပြီဆိုတော့မှ ထာဝရ အရူးအမူးဖြစ်စေမယ့် အခု အချစ်အစီအရင်ကို အသုံးပြုပါ။

လက်ထပ်ဖို့အတွက် ရည်ရွယ်ထားသူကိုမှ လုပ်ဆောင်စေချင်ပါတယ်။ စုန်းကဝေတို့ရဲ့ ဥပဒေသဖြစ်တဲ့ ဘယ်သူ့ကို၊ ဘယ်လိုအစီအရင်လုပ်မယ်ဆိုတာ၊ ဘယ်သူ့ကိုမှ မပြောရဆိုတဲ့ အချက်(၃)ချက်ကိုတော့ လိုက်နာရပါမယ်။ အခုနည်းလမ်းကို အသုံးပြုပြီးရင် နောက်ဆုတ်ဖို့၊ ပြန်ဖြေဖို့နည်း မရှိပါဘူး။

အစီအရင်က ရိုးရှင်းလွယ်ကူပေမယ့် အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကိုတော့ သေချာရှာဖွေဖို့လိုပါလိမ့်မယ်။

၁) လိမ္မော်ရည်

၂) စမ်းရေ(သို့မဟုတ်) စိမ့်ရေ







၃) နှင်းဆီပန်း အရည်


၄) ဇာဒိပ္ပိုလ်သီး

၅) ပန်းရောင် ဖယောင်းတိုင်တစ်တိုင်တို့ ဖြစ်ပါတယ်။

လိုအပ်တဲ့ ပစ္စည်းများ ရပြီဆိုရင် နေ့ရက်ကိုတော့ သောကြာနေ့ကို ရွေးချယ်ပြီး ရယူထားတဲ့ (လိမ္မော်ရည်၊ စမ်းရေ၊ နှင်းဆီပွင့်ဖတ် အရည်၊ ဇာဒိပ္ပိုလ်သီး)တို့ကို အားလုံးစုံအောင်ထည့်ပြီး လန်းဆန်းတဲ့ ဖျော်ရည်ရအောင် ပြုလုပ်ပါ။

ဇာဒိပ္ပိုလ်သီးကိုခွဲပြီး အထဲက အတွင်းသားကို ထည့်ရမှာဖြစ်ပါတယ်။ အလွန်အမင်း ကြေမွသွားအောင် မခွဲမိဖို့လိုပါတယ်။ ထည့်သွင်းတဲ့ ဖျော်ရည်ပစ္စည်း ပမာဏကို မိမိနဲ့ မိမိချစ်သူအကြိုက် ပမာဏကို ထည့်သွင်းနိုင်ပါတယ်။ ပြီးရင် Blender ထဲထည့်ပြီး ဖျော်ရည်ဖြစ်အောင် မွှေလည်း ရပါတယ်။

အချိုးကျ ဖျော်ရည်ရပြီဆိုရင် ဒုတိယအဆင့် ဖယောင်းတိုင်ပန်းရောင်ကို ထွန်းပါ။ ပြီးရင် -



www.burmeseclassic.com

www.burmeseclassic.com





"အချစ်နတ်ဘုရားမ အက်ဖရိုဒိုက်

သူ(သူမ)ဟာ ကျွန်တော့်(ကျွန်မ)အတွက်

တစ်ဦးတည်းသော အချစ်ရဆုံးသူပါ။

ကျွန်ုပ်ကို သူသိမြင်လာအောင် ကူညီပါ။

သူ့အသည်းနှလုံးကို ကျွန်ုပ်ပိုင်ပါစေ"လို့ ရွတ်ဆိုဆုတောင်းပါ။ အမျိုးသား၊ အမျိုးသမီး နှစ်သက်သလို၊ ရွတ်ဆိုနိုင်ပါတယ်။ ပြီးရင်တော့ တတိယအဆင့်အနေဖြင့် စီရင်ထားတဲ့ ဖျော်ရည်တစ်ဝက်ကို သင့်ချစ်သူကို ပေးပါ။ ကျန်တဲ့တစ်ဝက်ကိုတော့ သင့်အတွက် ချန်ထားပါ။

ပြီးရင် ချစ်သူနှစ်ယောက်ဟာ လေသာပြတင်းပေါက်မှာ နှစ်ယောက်သား ဖျော်ရည်ခွက်ကိုယ်ဆီကိုင်ရင်း တစ်ယောက်နဲ့တစ်ယောက် ချစ်ရည်ရွှမ်းတဲ့ မျက်ဝန်းတွေနဲ့ တစ်ယောက်ကိုတစ်ယောက်ကြည့်ပေးပါ။ ကိုယ်ဟာ ဖျော်ရည်ခွက်ကို အကုန်သောက်ပြီး သူ့မျက်ဝန်းကို စိုက်ကြည့်ပေးပါ။ သူဟာလည်း ဖျော်ရည်ခွက်ကိုကုန်အောင် သောက်ပါစေ။

ဒီအတိုင်း တသွေမတိမ်း လုပ်ဆောင်နိုင်ရင်တော့ သင့်ချစ်သူဟာ သင့်အပေါ်ထာဝရ စွဲလမ်းနေတော့မှာပါပဲ။ စွဲလမ်းမှု လျော့နည်းလာရင်လည်း ဒီအတိုင်း ထပ်လုပ်ပေးနိုင်ပါတယ်။ ဒါပေမယ့် အရေးကြီးဆုံးအချက်ကတော့ သူရော၊ ဘယ်သူဘယ်ဝါမှ သင့်အစီအရင်ကို သိရှိလို့ မရပါကြောင်း။





## ချစ်သူပြန်လာမယ့် မှော်ဆံနွယ်အစီအရင်



ကိုယ့်ချစ်သူ၊ ကိုယ့်အပေါ် အချစ်စိတ်ပြန်လည်လာအောင် စီရင်နိုင်တဲ့ အချစ်ဆံနွယ်ခွေအစီအရင်ဖြစ်ပါတယ်။ ချစ်သူနဲ့ စကားများပြီး ပြတ်ဆဲဖို့အထိ ဖြစ်နေတဲ့အချိန်မှာ ကိုယ့်ဘက်ကနေ သူ့ကို အချစ်စိတ်ပြန်လည်လာဖို့ ဆွဲဆောင်တဲ့အစီအရင် ဖြစ်ပါတယ်။

အစီအရင်အတွက် မိမိရဲ့ဆံနွယ်ကိုအသုံးပြုရပါမယ်။ မိမိရဲ့ဆံနွယ်တစ်စုကို ကတ်ကြေးနဲ့ဖြစ်စေ၊ ညှပ်ယူပြီး ဆံနွယ်ခွေလေးဖြစ်အောင် လုပ်ထားပါ။ ပြီးရင် ကိုယ့်ချစ်သူရဲ့ဓာတ်ပုံ (4x6) ဆိုက်ဒ်ကို အခွေလေးဖြစ်အောင်လိပ်ပြီး အဲဒီအထဲမှာ ကိုယ့်ရဲ့ဆံနွယ်ခွေကို ထည့်ပါ။

အဲဒါလေးကိုပန်းရောင်ကြိုးလေးနဲ့ချည်နှောင်ထားပြီး သူနဲ့ကိုယ်ဟာ တစ်သားတည်းဖြစ်သွားပြီလို့ ခံယူပြီး ကြာသပတေးနေ့တစ်ည၊ ကိုယ့်ခေါင်းအုံးအောက်မှာ ချထားပေးပါ။ အစီအရင်ကို သောကြာနေ့မှာ ပြုလုပ်မှာ ဖြစ်ပါတယ်။

သောကြာနေ့ရောက်ရင် ညအချိန်၊ ကိုယ့်ကို ဘယ်သူမှ အနှောင့်အယှက်မပေးတဲ့နေရာမှာ၊ ကိုယ့်ရဲ့အစီအရင်စားပွဲပေါ်၌

www.burmeseclassic.com





အရင်ဆုံး နှင်းဆီရနံ့ရှိတဲ့ အမွှေးတိုင်လေးကို ထွန်းလိုက်ပါ။

အမွှေးတိုင်ရနံ့လေးဟာ သင်းပျံ့လာပြီဆိုတော့မှ ကိုယ့် ချစ်သူနာမည်ကို အကြိမ်ကြိမ် အော်ခေါ်ပါ။ အနည်းဆုံး (၉)ခေါက် ရွတ်ပါ။ ဥပမာ -

"ကိုမိုးသူ . . ကိုမိုးသူ (၉ ကြိမ်)

ငါက ချစ်သလို၊ ငါ့ကို ပြန်ချစ်ပါ။

ငါက ချစ်သလို၊ ငါ့ကို ပြန်ချစ်ပါ။

ငါ ဘယ်သူ့ကိုမှ ဒုက္ခ မပေးချင်ပါဘူး။

ငါလည်း ချစ်ဒုက္ခ မရောက်ချင်ဘူး။









ငါ့ကို နားလည်ပါ၊ ငါတောင်းဆိုပါတယ်။

ငါ့ကို နားလည်ပါ၊ ငါတောင်းဆိုပါတယ်။

ငါက ချစ်သလို၊ ငါ့ကို ပြန်ချစ်ပါ။

ငါက ချစ်သလို၊ ငါ့ကို ပြန်ချစ်ပါ"လို့ ရွတ်ဆိုပါ။ ကိုယ့်ရဲ့ အသံလှိုင်းရော၊ စိတ်လှိုင်းရော လွှင့်ပြီး တောင်းဆိုရမှာ ဖြစ်ပါတယ်။

ကိုယ်က အဲ့လိုရေရွတ်နေချိန်မှာ သူ့ဓာတ်ပုံနဲ့ ဆံနွယ်ခွေ ရစ်ပတ်ထားတာလေးကို ပန်းရောင် ဖယောင်းတိုင်လေးနဲ့ မီးရှို့ပြီး ပြာကျစက်လောင်ကျွမ်းစေတဲ့အခါမှာ သူ့စိတ်တွေဟာ ကိုယ့်အပေါ် ဆံနွယ်လို ရစ်ပတ်စည်းနှောင် ပူးလွှတ်လိုက်သကဲ့သို့ ကိုယ့်အပေါ် အချစ်စိတ်တွေ ပြန်လည်လာပြီလို့ စိတ်ထဲမှာ အလိုလိုဖြစ်လာအောင် အာရုံပြုပါ။

လောင်ကျွမ်းခြင်းပြီးဆုံးပြီး အမွှေးတိုင်လည်း ကုန်ပြီဆိုတော့ ပန်းရောင်ဖယောင်းတိုင်လေးကို မှုတ်လိုက်ပြီး သင့်အစီအရင်ဟာ အောင်မြင်စွာ အဆုံးသတ်လိုက်ပါ။ ပြာတွေကိုတော့ တစ်ခုခုနဲ့ ထုတ်ပြီး ကိုယ်အိပ်တဲ့ ခေါင်းအုံးထဲ ထည့်ပြီး ညအိပ်တိုင်း သူဟာ ကိုယ့်အပေါ် အချစ်စိတ်ပြန်လည်ပြီး ပြန်လာပြီလို့ တွေးပေးပါ။

ဒါဆိုရင် သင့်ချစ်သူဟာ အိပ်မက်ထဲမှာရော၊ အပြင်မှာပါ သင့်အပေါ် ဘယ်လောက်ပဲ နာကျည်းနေပါစေ၊ အချစ်စိတ် ပြန်လည်လာပြီး ပြန်လာစေမယ့် အချစ်အစီအရင်ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# အချစ်ပီယ မော်လက်ကိုင်ပုဝါစီရင်နည်း



အခု အစီအရင်က ခံစားချက် အပြင်းစားများရှိမှသာ စီရင်နိုင်မယ့် ထူးခြားတဲ့ အချစ်အစီအရင် ဖြစ်ပါတယ်။

တစ်ဖက်သတ် အချစ်သမားပဲဖြစ်ဖြစ်၊ အချစ်ကို လိုချင်သူပဲ ဖြစ်ဖြစ်၊ အသည်းကွဲနေသူပဲ ဖြစ်ဖြစ်၊ ခံစားချက်အပြင်းစားရှိသူတွေသာ စီရင်နိုင်ပါမယ်။


မော်လက်ကိုင်ပုဝါ စီရင်ဖို့အတွက် လိုအပ်တဲ့အရာများကတော့ -

၁) ပြင်းပြတဲ့ အချစ်စိတ်
၂) အချစ်တစ်ခု ကိုယ့်ထံပြန်လာဖို့ ပြင်းပြတဲ့ဆန္ဒ
၃) ကိုယ့်ရဲ့သွေးစက်
၄) အချစ်ကြောင့်ကျတဲ့ မျက်ရည်
၅) ပန်းရောင်(သို့မဟုတ်) အနီရောင်ဖယောင်းတိုင်
၅) လက်ကိုင်ပုဝါအဖြူနဲ့ မှင်နီဘောပင်တို့ ဖြစ်ပါတယ်။

သွေးစက်ကို သုံးတဲ့နေရာမှာ စတိသဘော အနည်းငယ်







လောက်သာ ကျပါစေ။ ခဲတံချွန်တဲ့ ဓားလေးနဲ့ ဘယ်လက်ညှိုးထိပ်လေးကို အနည်းငယ် ပွတ်ဆွဲပြီး သွေးစက် ထွက်လာရုံလောက်ပါပဲ။ စတိလောက်ဆိုတာကိုတော့ အထူးမှတ်ပါ။

ဒီအရာတွေက သင့်အချစ်ကို သက်သေပြမယ့်အရာတွေ ဖြစ်ပါတယ်။ အစီအရင်အတွက် ဘယ်နေ့မှာ လုပ်ရမယ်ဆိုတဲ့နေ့ ရက်မပါတာကြောင့် အချစ်အစီအရင်အများစု အစွမ်းထက်တဲ့ သောကြာနေ့မှာ ပြုလုပ်တာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။

လမင်းနဲ့ အချိန်အခါရွေးနည်းကို ဆဋ္ဌမအာရုံမဂ္ဂဇင်း၊ အမှတ်(၂၈)မှာ ဖော်ပြထားတဲ့အတွက် အဲ့ဒီက အချိန်အခါနဲ့ ကိုက်ပြီးလည်း ပြုလုပ်နိုင်ပါတယ်။ မှန်ကန်တဲ့ အစီအရင်ပြုလုပ်နည်းများကို သေချာသိရှိလိုပါက ဆဋ္ဌမအာရုံမဂ္ဂဇင်း စာအုပ်များဖြစ်တဲ့ အမှတ်(၁၅)၊ (၁၆)လောက်ကနေ အခုနောက်ဆုံးအထိ အစဉ်လိုက် ဖတ်သွားတော့မှ နားလည်ပါလိမ့်မယ်။

ကဲ . . အခု အစီအရင်စပါပြီ။ သောကြာနေ့ ညအချိန်မှာ၊ သင်ဟာ ကိုယ့်ကို ဘယ်သူမှအနှောင့်အယှက်မပေးနိုင်တဲ့၊ ကိုယ်တစ်ဦးတည်း သီးသန့်နေလို့ရတဲ့ အစီအရင်ပြုလုပ်ရာနေရာ၊ အစီအရင်စားပွဲမှာ အရင်ဆုံး အနီရောင်(သို့မဟုတ်) ပန်းရောင် ဖယောင်းတိုင်လေးကို ထွန်းပါ။

အနီရောင်ဖယောင်းတိုင်ကို ထိပ်မှာ ထွန်းထားပြီး သူ့အောက်နားမှာ အဖြူရောင်လက်ကိုင်ပုဝါလေးကို ဖြန့်ချထားပါ။ ပြီးနောက် ခရစ်ယာန်ဘုရား ကျောင်းတက် ဆုတောင်းပုံစံ၊ ဒူးထောက်ထိုင်ပြီး Prayer ပြုလုပ်ပါ။

ကိုယ် သူ့အပေါ် ချစ်ခဲ့တာတွေ၊ သူ့အပေါ် အရူးအမူးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့မြတ်နိုးခဲ့တာတွေကို ပြန်တွေးရင်းဖြင့် -

၁) ပြင်းပြတဲ့ အချစ်စိတ်တစ်ခုရအောင် ပုံဖော်ပါ။

၂) ပြီးရင် အချစ်တစ်ခု၊ ကိုယ့်ထံပြန်လာဖို့ ပြင်းပြတဲ့ဆန္ဒ ပေါ်ထွက်လာအောင် ပြုလုပ်ပါ။

၃) အဲဒီအချိန်မှာ ဒီဆန္ဒတွေ အမှန်ဖြစ်ကြောင်းကို သက်သေပြချက်အနေဖြင့် ကိုယ့်ရဲ့ ကိုယ်ကထွက်တဲ့ သွေးစက်၊ မျက်ရည်တို့ဖြင့် အချစ်နတ်မင်းကြီး Saint Antony ကို တိုင်တည်မှုပြုရမှာ ဖြစ်ပါတယ်။



ရွတ်ဆိုမှုပြုရမှာက -

"ကျွန်ုပ်မှာရှိခဲ့ပြီး ဆုံးရှုံးခဲ့ရတဲ့ အချစ် ကျွန်ုပ်ထံ ပြန်ရောက်ပါစေ။

ကျွန်ုပ်ရဲ့အချစ်နဲ့ နှလုံးသားကို သူ့အတွက် ပေးခဲ့ပါတယ်။

ဒီလို ကျွန်ုပ်ရဲ့အချစ်ကို ပေးလိုက်တဲ့ အတွက် အခု ကျွန်ုပ် အချစ်ကို ပြန်ရလိုပါတယ်။

(အချစ်ကို ပေးခဲ့ပါတယ်၊ အချစ်ကို ပြန်ရလိုပါတယ်)






(အချစ်ကို ပေးခဲ့ပါတယ်၊ အချစ်ကို ပြန်ရလိုပါတယ်)

(အချစ်ကို ပေးခဲ့ပါတယ်၊ အချစ်ကို ပြန်ရလိုပါတယ်)

အချစ်နတ်မင်းကြီး Saint Antony



ကျွန်ုပ်အတွက် အချစ်ကို ရှာဖွေပေးပါ။

(ကျွန်ုပ်ထံသို့ အချစ် ပြန်လာပါစေ)

(ကျွန်ုပ်ထံသို့ အချစ် ပြန်လာပါစေ)

(ကျွန်ုပ်ထံသို့ အချစ် ပြန်လာပါစေ)"လို့ ရွတ်ဆိုပါ။

ကိုယ့်ရဲ့ခံစားမှု Feeling များကို အဲ့ဒီလိုရွတ်ဆိုနေချိန်မှာ စိတ်ထဲရှိသလောက် ပွင့်အန် ထွက်ပါ။ သင့်ခံစားချက်များ အဆုံးမဲ့ ထွက်နေချိန်မှာမှ အဖြူရောင် လက်ကိုင်ပုဝါလေးပေါ်မှာ မှင်နီဘောပင်ဖြင့် -



((( အချစ်ကို ပေးခဲ့ပါတယ် )))

((( အချစ်ကို ပြန်ရလိုပါတယ် )))


((( ကျွန်ုပ်ထံသို့ အချစ် ပြန်လာပါစေ )))

ဆိုတဲ့ စာသားသုံးကြောင်းကို

www.burmeseclassic.com

www.burmeseclassic.com





ရေးပါ။ စာသားလေးရေးပြီးတော့မှ ကိုယ့်ရဲ့ကိုယ်ကနေ စီးကျလာတဲ့ မျက်ရည်၊ သွေးစက်တို့ကို အဖြူရောင် လက်ကိုင် ပုဝါလေးအပေါ်မှာ ထိပွတ်မိသွားအောင် သုတ်ပါ။

သုတ်နေတဲ့အချိန်မှာ သင်နောက်ဆုံးတမ်းတရမှာက –

"ကျွန်ုပ်ထံသို့ အချစ်ပြန်လာပါစေ၊
ကျွန်ုပ်ထံသို့ အချစ်ပြန်လာပါစေ"

ဆိုတာကို အသံထွက်ပြီး တတ်နိုင်သလောက်ရွတ်ပေးပါ။

ပြီးရင်တော့ သင့်အတွက် ခံစားချက်အပြင်းစားများနဲ့ ဖန်တီးရယူထားတဲ့ ပီယမော်လက်ကိုင်ပုဝါ တစ်ထည်ရပါပြီ။



ဒီမော်လက်ကိုင်ပုဝါက သင့်အတွက် အချစ်ကို ပြန်ပေးလာပါလိမ့်မယ်။

မကြာခင်မှာ သင်ချစ်ရသူ၊ ကိုယ် အချစ်ပေးခဲ့သူဟာ သင့်ထံ ပြန်လာပါလိမ့်မယ်။ တကယ်လို့ ဒီလို ပြန်မလာခဲ့ဘူး ဆိုရင်တောင် ကိုယ်ချစ်ခဲ့ရသလို၊ အချစ်မျိုးနဲ့ ကိုယ့်ကို ချစ်မြတ်နိုးမယ့်







ချစ်သူသစ်တစ်ယောက် ရလာပါလိမ့်မယ်။

ပီယမော်လက်ကိုင်ပုဝါလေးကို ပိုမို အစွမ်းထက်လိုတယ်ဆိုရင်တော့ အစုအစီအရင်ကို လပြည့်ညမှာ ပြုလုပ်ပြီး တစ်ခါတည်း လရိပ်ကျရောက်တဲ့ နေရာမှာ လက်ကိုင်ပုဝါလေးကို ချထားတာ –

"ကျွန်ုပ်ထံသို့
အချစ် ပြန်လာပါစေ"

လို့ ရွတ်ဆိုတိုင်တည်ပြီး တစ်ညသိပ်ထားရမှာ ဖြစ်ပါတယ်။ မနက်ကျရင်တော့ အသုံးပြုလို့ရပါပြီ။

အသုံးပြုနည်းက မော်လက်ကိုင်ပုဝါလေးကို ညာ လက်ကနေ တင်းတင်းဆုပ်ထားပြီး သင်ချစ်ရသူရဲ့မျက်လုံးကို စေ့စေ့ကြည့်ကာ –

"ကျွန်ုပ်ထံသို့
အချစ် ပြန်လာပါစေ"

ဆိုတာကို စိတ်ထဲကနေ အခေါက်ခေါက်ရွတ်ပေးဖို့ပါပဲ။

သင့်အတွက် ထူးခြားတဲ့ အချစ် အစွမ်းထက်မြက်မှုတွေကို ပီယမော်လက်ကိုင်ပုဝါလေးက ပေးစွမ်းပါလိမ့်မယ်။ တကယ်တမ်း ကိုယ် ဖီလင်မလာတဲ့သူတွေအပေါ်မှာ သွားစမ်းရင်တော့ ပီယ မော်လက်ကိုင်ပုဝါရဲ့ စွမ်းအားဟာ လျော့ကျသွားမှာ ဖြစ်တယ်ဆိုတာကိုတော့ သတိချပ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



# ယင်နှင့်ယန် ဆုတောင်းပြည့်အစီအရင်



ယင်နဲ့ယန်ဟာ တရုတ်လူမျိုးတို့အသုံးပြုတဲ့ ဂမ္ဘီရ မှော်အတတ်ဆိုင်ရာ သင်္ကေတတစ်ခုဖြစ်ပါတယ်။ အခု ဒီသင်္ကေတကို အသုံးပြုပြီး ပြုလုပ်ရတဲ့ ယင်နဲ့ယန် ဆုတောင်းပြည့် မှော်အစီအရင်ကို ဖော်ပြပေးပါမယ်။

အခုအစီအရင်ရဲ့ထက်မြက်မှုအစွမ်းကတော့ အစီအရင်ကို အကြိမ်ကြိမ်အခါခါနေ့ရက်များများ ပြုလုပ်နိုင်လေလေ၊ အချိန်တိုအတွင်းမှာ အံ့အားသင့်ဖွယ် အောင်မြင်မှုရလဒ်ကို ပြန်လည်ရရှိစေမှာ ဖြစ်ပါတယ်။

အရပ်စကားနဲ့ပြောမယ်ဆိုရင် အစီအရင်ကို ရက်များများ၊ ခပ်များများသာ ပြုလုပ်ပေး။ အချိန်တိုအတွင်း အောင်မြင်ရမယ်လို့ အာမခံထားတဲ့ အစီအရင်တစ်ခုပါ။

ယင်နဲ့ယန် အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများက -

၁) စက္ကူဖြူ အလွတ်တစ်ရွက်

၂) အစီအရင်များမှာ အသုံးပြုနေကျ ခဲတံ(သို့) ဘောပင်

၃) ဖယောင်းတိုင်တစ်ချောင်း







၄) စတီးလင်ဇွန်းသေး တစ်ချပ်တို့ ဖြစ်ပါတယ်။

အစီအရင်ဟာ လွယ်ကူသလို၊ အစီအရင်အတွက် လိုအပ်ပစ္စည်းများကလည်း ရှာရလွယ်တဲ့ ပစ္စည်းများဖြစ်တဲ့အတွက် အရမ်း လွယ်ကူနေလို့ ဒီအစီအရင်ကို အထင်တော့ မသေးပါနဲ့။

ယင်နဲ့ယန် သင်္ကေတနဲ့ ငါးထောင့်ကြယ်တို့ကို ပူးပေါင်းပြီး စီရင်လုပ်ဆောင်ရမယ့်အစီအရင်ဖြစ်ပါတယ်။ ပထမဆုံး မိမိပြုလုပ်မယ့် အစီအရင်အပေါ် အာရုံစူးစိုက်ထားပါ။ အစီအရင်ပြီးရင် ရရှိလာတော့မယ့် အောင်မြင်မှု၊ ပျော်ရွှင်မှုတို့အပေါ်မှာ ရှေးဦးစွာ အာရုံရောက်မနေစေဖို့ အရေးကြီးပါတယ်။

စိတ်တည်ငြိမ်ပြီး ကိုယ့်စိတ်က အခုအစီအရင်တစ်ခုထဲအပေါ် အာရုံစူးစိုက်နိုင်ပြီဆိုတော့မှ ပထမဆုံး ကိုယ့်အစီအရင်စားပွဲပေါ်မှာ အဖြူရောင်ဖယောင်းတိုင်ကို ထွန်းညှိပါ။



ပြီးရင် စက္ကူဖြူပေါ်မှာ ငါးထောင့်ကြယ်မှော်စက်ဝိုင်းကို ရေးဆွဲပါမယ်။ ငါးထောင့်ကြယ် မှော်စက်ဝိုင်းဆွဲပြီးပြီဆိုရင် အဲဒီအလယ်တည့်တည့်မှာ ယင်နဲ့ယန် သင်္ကေတကို ထည့်ပါမယ်။

ဒီလိုထည့်ပြီးရင်တော့ သင့်အစီအရင်အတွက် လိုအပ်တာများ ပြည့်စုံပြီလို့ သတ်မှတ်နိုင်ပြီး သင့်ဘက်က သင်ဖြစ်ချင်တဲ့ ဆန္ဒကို ဆုတောင်းဖို့ပဲ လိုပါ

www.burmeseclassic.com

www.burmeseclassic.com





တော့တယ်။

သင်ဖြစ်လိုတဲ့ ဆန္ဒက ဥပမာ -

"ကျွန်ုပ် ချမ်းသာပါစေ"

"ကျွန်ုပ် မိခင်ကြီး နာမကျန်းဖြစ်နေတာ ပျောက်ပါစေ"

"ကျွန်ုပ်အလိုရှိတဲ့ သူ့(အမည်)အချစ်ကို ရပါစေ"

စသည်ဖြင့် မိမိ အလိုရှိရာကို ရေးသားပြီး ဆုတောင်းနိုင်ပါတယ်။ ရေးသားရာမှာ အရိုးရှင်းဆုံးနဲ့ အတိုဆုံးဝါကျဖြစ်ပါစေ။

ပြီးရင် အဲဒီစာရွက်ကို စာရေးထားတဲ့ အပြင်ဘက်ကနေ ခေါက်လိုက်ပါ။ စာရွက်ခေါက်ရာမှာ ငါးထောင့်ကြယ်မော်စက်ဝိုင်းရဲ့အောက်ကနေ စခေါက်ပါ။ (၂)ခေါက်မှ (၃)ခေါက်ခေါက်နိုင်ပါတယ်။ စာရွက်လိပ် ခေါက်ပြီး









ချိန်မှာ သင့်ဆန္ဒဟာ စာရွက်လိပ်လေးပေါ်မှာ ပေါ်နေပါလိမ့်မယ်။

အဲဒီစာရွက်လိပ်လေးကိုမှ ကိုယ့်ရဲ့အစီအရင် စားပွဲပေါ်မှာ ထွန်းညှိထားတဲ့ အဖြူရောင် ဖယောင်းတိုင်လေးနဲ့ မီးရှို့ပေးလိုက်ရမှာဖြစ်ပါတယ်။ စာရွက်ခေါက်ပြာအဖြစ် ပြောင်းသွားတဲ့အချိန်မှာ ပါးစပ်ကနေ ကိုယ်လိုချင်တဲ့ဆုတောင်းကို ထပ်ပြီး ရွတ်ပေးပါ။ ခပ်ကျယ်ကျယ်လေး ရွတ်ပေးပါ။

စာရွက်ခေါက်လေးက ပြောင်းလဲသွားတဲ့ ပြာများကို စတီးလင်ဗန်းပေါ်မှာ စုထားပါ။ အားလုံးပြီးရင်တော့ ပြာများကို ပြူတင်းပေါက်ကနေ အပြင်ကို သွန်ကြဲပက်လိုက်ရမှာ ဖြစ်ပါတယ်။

ဒီလိုကြဲပက်လိုက်တဲ့အချိန်မှာလည်း ကိုယ့်ဆုတောင်းကို တစ်ခါထပ် ရေရွတ်ပြီး ဆုတောင်းပြည့်ရမယ်လို့ ထပ်ပြောကာ အစီအရင်ကို အဆုံးသတ်ရပါမယ်။ ဒီအစီအရင်ကို ဆက်တိုက် ခပ်များများ လုပ်ပေးသွားရုံနဲ့ သင့်ဆုတောင်းဟာ တုန့်ပြန်မှု တစ်ခုခုနဲ့ ပေါ်ပေါက်လာမှာပဲ ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။

ငါးထောင့်ကြယ်မော်စက်ဝိုင်းနဲ့ ယင်၊ ယန် သင်္ကေတတို့ မှမ်းအားကြောင့် အစီအရင်ရဲ့ဖြစ်မြောက်အားဟာ အရမ်းကြီးမားပါတယ်။ ဒါကို မထီမဲ့မြင်မလုပ်မိပါစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



## စာမေးပွဲအောင်မြင်နိုင်မယ့် မှော်အစီအရင်



တစ်ကြိမ်တည်းနဲ့ စာမေးပွဲ ဖြေဆိုအောင်မြင်နိုင်အောင် ထောက်ပံ့ပေးမယ့် အစီအရင်ဖြစ်ပါတယ်။ အစီအရင်ပြုလုပ်သူဟာ စိတ်ဓာတ်ကြံ့ခိုင်မှုရှိရမယ်။ စာတွေကို နိုင်နင်းပိုင်နိုင်ရမယ်။ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိရမယ်ဆိုတဲ့ အချက်(၃)ချက်နဲ့ ပြည့်စုံဖို့လိုပါတယ်။

အခုအစီအရင်က သင့်ကို စာမေးပွဲမှာ သင်ကျက်ထားတဲ့ စာတွေ တိုးအောင်၊ စာမေးပွဲမှာ ကချော်ကချွတ်မဖြစ်ဘဲ စာတွေ ပြန်လည် အမှတ်ရလာအောင်၊ စာတွေကို သိရှိရဲ့သားနဲ့ မေ့လျော့သွားတာမျိုး မဖြစ်ရအောင်၊ အမှားအယွင်းတွေ မဖြေမိအောင် ဟန့်တားပေးပြီး အောင်မြင်မှုလမ်းကြောင်းပေါ်ကို တင်ပေးမယ့် အစီအရင်ဆိုတာကို သိဖို့လိုပါတယ်။

စာမေးပွဲဆိုတာ အင်မတန်မှကို နတ်ကြီးပါတယ်။ တစ်ခါတရံမှာ ကိုယ်က စာအကုန်ရရဲ့သားနဲ့ ဖြေတဲ့အခါမှာ တလွဲ ဖြေဆိုမိတာမျိုး၊ ကိုယ်ရတဲ့မေးခွန်းကို တွေ့နေရဲ့သားနဲ့ ဖြေဆိုတဲ့အခါမှာ အဲဒါကိုမတွေ့တော့ဘဲ ခက်ခဲတဲ့ပုစ္ဆာကိုမှ ရွေးဖြေဆိုမိတာမျိုး၊







စာမေးပွဲခန်းထဲရောက်တော့မှ ကျက်ထားတဲ့ စာတွေ အားလုံး မေ့သွားတာမျိုးတွေ မဖြစ်ရလေအောင် စောင့်ရှောက်ပေးမယ့် အစီအရင်ဖြစ်ပါတယ်။

အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများက အဖြူရောင် ဖယောင်းတိုင်တစ်တိုင်နဲ့ ရေအေးဖလားတစ်လုံးတို့ ဖြစ်ပါတယ်။ အစီအရင်စပြီဆိုရင် ဓိမိရှေ့မှာ ဖယောင်းတိုင်အဖြူကို ထွန်းပါ။ ပြီးရင် လက်နှစ်ဖက်ကို ခေါင်းပေါ်တင်လိုက်ပြီး ခေါင်းပေါ်ကနေမှတဆင့် ရေအေးထည့်ထားတဲ့ ဖလားထဲကို နှစ်လိုက်ပါ။

နှစ်လိုက်တဲ့အခါမှာ -

"ငါ့ရဲ့လက်တွေ . .

ရေအေးထဲ ထိနှစ်လိုက်သလို၊

ငါဟာ စာမေးပွဲကို တစ်ချီတည်းနဲ့

အောင်မြင်စွာ ဖြေဆိုနိုင်ရမယ်"လို့ ရွတ်ဆိုပါ။

အခု စာမေးပွဲအစီအရင်ကို စာမေးပွဲမဖြေဆိုမီ(၂)ရက်အလိုမှာ ပြုလုပ်ပါ။ (၂)ရက်အတွင်းမှာ (၅)ကြိမ်တိတိ ပြုလုပ်ရပါမယ်။ ပထမဆုံးရက်မှာ နေ့လယ်(၁၂း၀၀)နာရီအတိ၌ စတင်ပြီး ညနေ(၆)နာရီမှာ ဒုတိယအကြိမ်နဲ့ နောက်တစ်ရက်အတွင်းမှာ မနက်(၆)၊ နေ့လယ်(၁၂)နဲ့ ညနေ(၆)နာရီတို့မှာ သုံးကြိမ်တိတိ ပြုလုပ်ပေးခြင်းဖြင့် အစီအရင်ပြီးမြောက်မှာ ဖြစ်ပါတယ်။

ရိုးရှင်းလွယ်ကူတဲ့ မှော်အစီအရင်ကို ပြုလုပ်ပြီး သင်ဟာ စာမေးပွဲကို အခက်အခဲမရှိဘဲ အောင်မြင်စွာ ဖြေဆိုနိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



# စုန်းကဝေရေမန်းဖြင့် အချစ်ရေမွှေးပြုလုပ်နည်း



စုန်းကဝေတို့အတွက် ရေမန်းပြုလုပ်နည်းကို ဆဋ္ဌမအာရုံ စွေစင်း အမှတ်(၂၂)မှာ ဖော်ပြခဲ့ပါတယ်။ ရေမန်းပြုလုပ်ဖို့ မန်းရမယ့် ဂန္ထနတ "အေဗီဂူးဝိုင်း မိုဆဲလ်၊ ဘောင်အောက်စ်၊ နာ(စ်စ်စ်)၊ ဇီအန်ဒူး၊ မော်စ်၊ ဇီအာ(စ်စ်)၊ လုက်(စ်)ဆိုတာ ဖြစ်ပါတယ်။


ပြုလုပ်နည်း အပြည့်အစုံကို အဲဒီထဲမှာ ဖော်ပြထားပါတယ်။ အဲဒီလို စုန်းကဝေရေမန်းရပြီးတော့မှ အဲဒီက ရေစင်အနည်းငယ်ဖြင့် အချစ်ရေမွှေးအစီအရင်ကို ဖန်တီးရမှာ ဖြစ်ပါတယ်။ စုန်းကဝေရေမန်း၊ ရေစင်ဖန်တီးဖို့ကတော့ နေ့ရက်၊ အချိန်အတိအကျ လိုအပ်ပါတယ်။ ဆဋ္ဌမအာရုံ အမှတ်(၂၂)မှာ တိတိကျကျ ရေးထားပါတယ်။

အစွမ်းထက်တဲ့ အချစ်ရေမွှေးရဖို့အတွက် လိုအပ်တဲ့ ပစ္စည်းများကတော့ -

၁) စုန်းကဝေ ရေမန်း
၂) ယုံကြည်မှု
၃) အာရုံစူးစိုက်နိုင်မှု
၄) မိမိ အနှစ်သက်ဆုံး ရေမွှေးတို့ ဖြစ်ပါတယ်။








အစီအရင်အတွက် ပစ္စည်းများရှိနေပြီဆိုရင် ကိုယ့်အတွက် အချစ်ရေမွှေး ဖန်တီးဖို့ မခက်ပါဘူး။ ဒီရေမွှေးကို အသုံးပြုပြီး မိမိ စွဲလမ်းနေသူ၊ ကိုယ့်အပေါ် စိတ်ဝင်စားအောင် ဖန်တီးနိုင်ပါတယ်။

ပထမဆုံး သောကြာနေ့၊ လပြည့်ည ရောက်တဲ့ အချိန်မှာ ကိုယ့်အတွက် ဆောင်ထားတဲ့ စုန်းကဝေ ရေမန်းကို လက်ဖက်ရည်ဇွန်း(၃)ဇွန်းခန့်ယူပြီး အချစ်ရေမွှေးစီရင်ဖို့ သင် ရွေးချယ်ထားတဲ့ ရေမွှေးထဲကို ထည့်ပါ။



ပြီးရင် ရေမွှေးပုလင်းလေးကို လှုပ်ပေးပါ။

ရေမွှေးပုလင်း လှုပ်ပေးပြီးပြီဆိုရင် အဲ့ရေမွှေးကို လရိပ်ကျရောက်တဲ့နေရာမှာ လက်နှစ်ဘက်ဖြင့် ကိုင်ကာရပ်ပြီး လမင်းကို မော့ကြည့်ကာ -

"လနတ်ဘုရားကို တိုင်တည်ပါတယ်။

နောက်နေ့မှာ ဒီရေမွှေးဆွတ်ပြီး

ချစ်ရသူနဲ့ သွားတွေ့တဲ့အခါမှာ သူဟာ မြန်စိတ်ဝင်စားလာပါစေ၊

www.burmeseclassic.com

www.burmeseclassic.com





ချစ်ရသူက ကျွန်ုပ်ကို
ပြန်ချစ်လာပါစေ။
ချစ်ရသူက ကျွန်ုပ်ကို
ပြန်ချစ်လာပါစေ။
ချစ်ရသူက ကျွန်ုပ်ကို
ပြန် ချစ် လာ ပါ စေ ”လို့ ယုံကြည်မှု၊ ကိုယ့်အစီအရင်တစ်ခု ထဲအပေါ်မှာပဲ အာရုံ ရှူးစိုက်နိုင်မှုတို့ဖြင့် အစီအရင်ကို အောင်မြင်အောင် ပြုလုပ်ပါ။

ပြီးရင် အဲ့ဒီ ရေမွှေးလေးကို လရိပ်ကျရောက်တဲ့ နေရာမှာ တစ်ညသိပ်ထားပါ။ မနက်ရောက်တဲ့အခါ ဒီရေမွှေးလေးကိုဆွတ်ပြီး သင်ချစ်ရသူကို ချစ်ခွင့်ပန်တာမျိုး၊ သူ့ကိုဆွဲဆောင်တဲ့ကိစ္စမျိုးတွေမှာ သုံးနိုင်ပါတယ်။

သူနဲ့တွေ့ရမယ့်အချိန်တိုင်း ဒီရေမွှေးကို အသုံးပြုခြင်း၊ အသုံးမပြုမီမှာ စုန်းကဝေမန္တန်(အေဗီဂူးဗိုင်း)ကို (၃)ခေါက်လောက်ရွတ်ပြီးမှ ရေမွှေးဆွတ်ဖျန်းခြင်း၊ ဒီရေမွှေးရနံ့ကို သူ ရှူမိတိုင်း သင့်အပေါ် သူစိတ်တွေ ပြောင်းလဲလာပြီး ညွတ်နူးချစ်မိလာမှာ အမှန်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါတယ်။



# မီးခိုးရောင်

## လောကီပညာရပ်(၂၉)

ခေတ်သစ်ကို

www.burmeseclassic.com

www.burmeseclassic.com



# မီးခိုးရောင်လောကီပညာရပ် (၂၉)



**မှော်နေ့စွဲများနှင့် အသုံးပြုပုံ အဆင့်ဆင့်**

မှော်ပညာရပ်ဆိုင်ရာ အစီအရင်များကို သူနဲ့ သက်ဆိုင်ရာ မှော်နေ့စွဲများမှာ အသုံးပြုရင် အစွမ်းထက်မြက်မှုက သာမန်နေ့တွေမှာ ပြုလုပ်တာထက် ပိုပါတယ်။

**Sunday (Sun)**

Sunday ဟာ နေမင်းကို ကိုယ်စားပြုတဲ့နေ့စွဲဖြစ်သလို၊ ရုံးပိတ်ရက်၊ အားလပ်ရက်တစ်ခုလည်း ဖြစ်ပါတယ်။ ဒီနေ့မှာ ပျော်ရွှင်မှု၊ ကုသမှု၊ မျှော်လင့်ချက်၊ စစ်မှန်မှု ရှာဖွေခြင်း၊ အကောင်းမြင်ခြင်း၊ အလုပ်အကိုင်နှင့် အကောင်းဘက်က စွမ်းအားရယူခြင်း၊ သူငယ်ချင်းမိတ်ဆွေဆိုင်ရာ အစီအရင်များကို ပြုလုပ်နိုင်ပါတယ်။

လူတစ်ယောက်ရဲ့ လုပ်ငန်းဆိုင်ရာ အရေးပါ အကျိုးသက်ရောက်မှုရှိစေမယ့် အဆောင်အစီအရင်များကို ပြုလုပ်အသုံးချခြင်းကို ဒီနေ့မှာ ဆောင်ရွက်နိုင်ပါတယ်။ စီးပွားလာဘ်လာဘများ တိုးတက်ဖွံ့ဖြိုးစေရန်၊ လူချစ်လူခင်များ လာဘ်ပွင့်အစီအရင်များကို







အဲ့ဒီနေ့မှာ လုပ်ဆောင်တာ အကောင်းဆုံးပါပဲ။

**Monday (Moon)**

တနင်္လာနေ့ကတော့ Moon (လမင်း)ကို ကိုယ်စားပြုတဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ ခရီးသွားလာရာတွင် ဘေးရန်ကင်းရှင်းရန် ကာကွယ်ခြင်း အစီအရင်၊ အကြားအမြင်နှင့် သက်ဆိုင်တဲ့ စီရင်နည်းများ၊ စိတ်က အလိုလို သိရှိနားလည်ခြင်း ကျင့်စဉ်များ၊ ခန္ဓာကိုယ်အတွက် ကျန်းမာရေးယတြာများ၊ ရန်သူအပေါင်းကို ဖယ်ရှားရေး၊ မကောင်းဆိုးဝါး အပမှီခြင်းဆိုင်ရာများကို ကုသခြင်း အစရှိတဲ့ အစီအရင်များကို ဒီနေ့မှာ ပြုလုပ်နိုင်ပါတယ်။

စီးပွားဥစ္စာတိုးတက်ရေး၊ မိမိကို မလိုမုန်းထားသူ၊ စိတ်ကောင်းမထားသူများကို ဖယ်ရှားလိုပါက တနင်္လာနေ့မှာ ရွေးချယ်စီရင်နိုင်ပါတယ်။

**Tuesday (Mars)**

စစ်ထွက်သူများ၊ စစ်တိုက်သူများအတွက် စစ်ပွဲအောင်နိုင်ရေးအတွက် ကိုယ်ရောစိတ်ပါ အားရှိလာအောင် အစီအရင်များ လုပ်ဆောင်ပေးလိုတယ်ဆိုရင် အင်္ဂါနေ့ကို ရွေးချယ်နိုင်ပါတယ်။ စွဲလမ်းတပ်မက်မှုများ၊ ကိုယ့်ကိုကိုယ် ယုံကြည်မှု၊ လူတစ်ယောက်ထံမှ တရားမျှတမှုကို အလိုရှိတယ်ဆိုရင်လည်း အစီအရင်ကို အင်္ဂါနေ့မှာ အသုံးပြုနိုင်ပါတယ်။

အမုန်းတရားပွားခြင်း၊ စွန့်ပစ်ခြင်း၊ ကမောဂကာမ အမျိုး

www.burmeseclassic.com

www.burmeseclassic.com





မျိုးဖြစ်စေခြင်းနှင့် စုန်းတိုက်၊ ကဝေတိုက် အစီအရင်များကိုလည်း အင်္ဂါနေ့မှာ စီရင်အသုံးပြုနိုင်ပါတယ်။ အတိုက်အခိုက်အစီအရင်များကို ဒီနေ့မှာ သုံးရင် ပိုမိုပြီး အစွမ်းထက်မြက်ပါတယ်။

စီးပွားဥစ္စာ၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေလိုလျှင်၊ မိမိနဲ့ တစ်ခုခု ယှဉ်ပြိုင်နေသူကို ကံမကောင်းစေလိုလျှင် ဒီနေ့မှာ သူ့ကိုပြုလုပ်ပြီး အနိုင်ယူနိုင်ပါတယ်။

**Wednesday (Mercury)**

လူသားကမ္ဘာနဲ့ ဝိညာဉ်ကမ္ဘာကြားက အသိဉာဏ်ပညာတွေ ရနိုင်ဖို့အတွက် လုပ်ဆောင်သော အစီအရင်များ၊ အကြားအမြင်ရဖို့၊ ဖြစ်ချင်တဲ့ အိပ်မက်တွေ အကောင်အထည်ပေါ်ဖို့၊ ဆင်းရဲဒုက္ခကို ကာကွယ်နိုင်ဖို့၊ ရန်သူတွေ ကြေအေးစေဖို့၊ မိမိရဲ့ ဂုဏ်သိက္ခာ၊ ဂုဏ်ပုဒ်တွေ အမှန်အကန်ဖြစ်လာစေဖို့ အစီအရင်







များကို ဗုဒ္ဓဟူးနေ့မှာ ပြုလုပ်ပါ။

မှော်စွမ်းအား (သို့မဟုတ်) ဂမ္ဘီရပညာရပ်ဆိုင်ရာ စွမ်းအားများ အဆင့်တက်ခြင်း၊ စွမ်းအားတိုးအောင် ပြုလုပ်စီမံခြင်းများကို ဒီနေ့မှာ လုပ်ဆောင်လျှင် အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။



**Thusday (Jupiter)**

ငွေကြေး၊ ချမ်းသာခြင်း၊ လာဘ်လာဘ ပေါများခြင်း၊ ငြိမ်းချမ်းခြင်း၊ အချစ်၊ သဘောတူညီမှု တစ်ခုခုရယူခြင်း၊ ရန်သူနှင့် ကြေအေးခြင်း၊ မိမိဂုဏ်သိက္ခာများ ပြန်လည်ရရှိရေးစတဲ့ အစီအရင်များကို ကြာသပတေးနေ့မှာ ပြုလုပ်နိုင်ပါတယ်။ ပညာရပ်ဆိုင်ရာကိစ္စများ (ဥပမာ- ကျောင်းပညာရေးနဲ့ သက်ဆိုင်တဲ့ အစီအရင်များ)ကို ဒီနေ့မှာ ပြုလုပ်ရင် ပိုမိုပြီး အစွမ်းထက်မြက်မှု ရရှိပါလိမ့်မယ်။

**Friday (Venus)**

သောကြာနေ့ဟာ ဗီးနပ်စ်ဂြိုဟ်ကို ကိုယ်စားပြုတဲ့ အတွက် ချစ်ခြင်းနဲ့သက်ဆိုင်တဲ့ အစီအရင်များကို ဒီနေ့မှာ စီရင် ပြုလုပ်ရင် အကောင်းဆုံး ဖြစ်ပါတယ်။ ချစ်ခြင်း၊ စွဲလမ်းတပ်မက်ခြင်း၊ လိင်မှုကိစ္စ၊ သားသမီးရယူရန် ကိစ္စ၊ ခိုက်ရန်ဖြစ်ပွားခြင်းများကို ရပ်တန့်ရန် ကြိုးစားခြင်း၊ တစ်စုံတစ်ခုကို သဘောတူညီမှုရရှိသည့်အထိ ကြိုးပမ်းမြှင့်တင်နေခြင်း အစီအရင်များကို ဒီနေ့မှာ ပြုလုပ်ရင် အကောင်းဆုံး အကျိုးထူးများကို ပေးပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com





**Saturday (Saturn)**

စနေနေ့ဟာ ဆာတန် (မာရ်နတ်ဂြိုဟ်)ကို ကိုယ်စားပြုတဲ့ နေ့ရက်တစ်ခုဖြစ်ပါတယ်။ အတိတ်ဘဝကိစ္စရပ်များကို ပြန်လည်အမှတ်ရလိုတယ်၊ ပြန်ဖော်ချင်တယ်ဆိုရင်၊ တစ်ခုနဲ့တစ်ခု ပြန်လည်ပေါင်းစည်းချင်တယ်၊ မကောင်းတဲ့အမူအကျင့်တွေကို စွန့်ပစ်ချင်တယ်ဆိုရင် စနေနေ့မှာ ပြုလုပ်နိုင်ပါတယ်။

လူတစ်ယောက်ကို ဘေးရန်ကင်းရှင်းစေဖို့၊ ကိုယ်စိတ်ပါဝါမြှင့်တင်ဖို့၊ ပြိုင်ဘက်တွေအပေါ် အနိုင်ရဖို့ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းတာတွေကို လွတ်ကင်းချင်ရင် စနေနေ့မှာ အစီအရင်များ ပြုလုပ်နိုင်ပါတယ်။

ဒါ့အပြင် ဆာတန်ကြီးစိုးတဲ့ နေ့ရက်တစ်ခုဖြစ်တဲ့အတွက် လူတစ်ယောက်မှာရှိတဲ့ ဂုဏ်သိက္ခာတွေ ညှိုးနွမ်းစေချင်တယ်၊ မကောင်းတာတွေ ဖြစ်စေချင်တယ်၊ ခြောက်တွန်းအခက်တွေ အောင်လုပ်ချင်တယ်ဆိုရင် စနေနေ့မှာပဲ ပြုလုပ်နိုင်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။

"God Bless You, See you again Next Month"

နောက်လမှာ ပြန်ဆုံကြပါမယ်။

❑





# အံ့ဖွယ်ထူးခြား အဆောင်များ

ဝေယံဘုန်းပြည့်

www.burmeseclassic.com

www.burmeseclassic.com





လူ့ရယ်လို့ဖြစ်တည်လာလျှင် မလွဲမသွေ တွေ့ကြုံရမည်မှာ ကုသိုလ်၊ အကုသိုလ် တရားတို့ပင် ဖြစ်ပါသည်။

ကုသိုလ်ကံအကျိုးပေးလာလျှင် ကောင်းကျိုးဖလတွေ ရရှိနိုင်ပြီး အကုသိုလ်ကံ အကျိုးပေးလာသော် မကောင်းကျိုးဖလတွေ တွေ့ကြုံ ခံစားရပေလိမ့်မည်။

သို့ဖြင့် ကုသိုလ်အကျိုးဖလကိုရရှိစေဖို့အတွက် (လောကီအကျိုးဖလအတွက်) အကျိုးပေးနိုင်ဖွယ်ရှိသော အစီအရင်များ ပြုလုပ်ဖန်တီးလုပ်ဆောင်ကြသလို အကုသိုလ်အကျိုးတွေပေးခဲ့ပါလျှင်လည်း အထိအခိုက်၊ အပွန်းအပဲ့သက်သာစေရန် အစီအရင်များ၊ အဆောင်များကိုလည်း ပြုလုပ် ဖန်တီးခဲ့ကြပါသည်။

အဆောင်၊ လက်ဖွဲ့စသည်တို့သည်ကား တတ်သိပညာရှင်တို့က ဖန်တီးစီရင် မန်းမှုတ်ခဲ့ကြလေရာ စွမ်းပကား မရှိမဟုတ်၊ ရှိကြပါသည်။ အဆောင်လက်ဖွဲ့များကြောင့် -



"ကြံတိုင်းအောင် ဆောင်တိုင်းမြောက်ခဲ့ကြသူများ" လည်း ရှိနေကြပါသည်။

များသောအားဖြင့် လူအတော်များများက အဆောင်လက်ဖွဲ့များကို ဆောင်ထားလေ့ရှိကြောင်း လေ့လာသိရှိရပါသည်။ ထင်သာမြင်သာ ပြောရလျှင် အမျိုးသား၊ အမျိုးသမီး





ကြီး / ငယ်တို့၏ ညာဘက်လက်ကောက်ဝတ်တွင် မန်းကွင်းလေးများ ဝတ်ဆင်ထားသည်ကို တွေ့နိုင်ပါလိမ့်မည်။

(အဆိုပါ မန်းကွင်းကို ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရေပြာကျေးရွာ "အောင်ဇမ္ဗူတောရ ဓမ္မရိပ်သာ") (ဂျပန်ဘုရားများ ကိန်းဝပ်စံပယ်ရာကျောင်းတိုက်မှ ဝေငှခဲ့ပါရာ စာရေးသူလည်း ရရှိခဲ့ပါသည်။)

အဆောင်လက်ဖွဲ့ဟူသည် အမျိုးအစား စုံစီနဖာ ရှိပါသည်။ ဥစ္စာပြည့်ဝလိုခြင်း အဆောင်၊ ဘေးကင်းလိုခြင်း၊ အကာအကွယ်ရလိုခြင်း၊ အောင်မြင်လိုခြင်း စသည်ဖြင့်ထွေပြားလှပါသည်။

"ယုံလျှင် ကြည်သည်" ဟူသော စကားနယ် ယုံကြည်ဖို့တော့ လိုပေမည်။

❖

### * အဘရာကာဒါဘရာ (Abracadabra) *

အဆိုပါစကားလုံးမှာ ရှေးခေတ်အနောက်တိုင်းမှ အဆောင်ပြုခဲ့သော ရှေးစကားလုံးဖြစ်သည်။ အဝတ်စ (သို့မဟုတ်) သစ်ခေါက်ပေါ်တွင်ရေးဆွဲ၍ လည်ပင်းတွင်ကြိုးဖြင့်ဆွဲကာ ဆောင်ခဲ့ကြကြောင်း လေ့လာသိရှိရပါသည်။

**A B R A C A D A B R A**
**B R A C A D A B R**
**R A C A D A B**
**A C A D A**
**C A D**
**A**

မကောင်းဆိုးဝါးများ၏ အန္တရာယ်အသွယ်သွယ်မှ ကာကွယ်ပေးပြီး ကံကောင်းမှုအထွေထွေကိုဖြစ်စေသည်ဟု ယုံကြည်ကြ၍ ဖြစ်ပါသည်။

ယင်းစာလုံးကို အောက်ပါအတိုင်းအစီအစဉ်အတိုင်း ရေးဆွဲ၍ ဆောင်ရပါမည်။ (အဝတ်စဖြစ်စေ၊ စက္ကူထူတွင်ဖြစ်စေ၊ သို့တည်းမဟုတ် သင်ကြိုက်နှစ်သက်ရာပေါ်တွင်ရေးဆွဲ၍ ဆောင်နိုင်

www.burmeseclassic.com


www.burmeseclassic.com



ပါသည်။)

ယင်းစာလုံးကို ရေးသားရာတွင် အထူးသတိပြုရမည်မှာ ဘယ်မှစ၍ ညာသို့ ရေးသွားရမည် ဖြစ်ပါသည်။

### * ဝက်သစ်ချသီး (Acorn) *




ဝက်သစ်ချသီးကိုအခြောက်လှမ်းပြီး လည်ပင်းတွင်ဆွဲခြင်း (ဝါ) အဆောင်ပြုထားခြင်းဖြင့် ငယ်ရွယ်နုပျိုခြင်းကို ထိန်းထားနိုင်မည်ဟု ရှေးအနောက်တိုင်းသားတို့က ယုံကြည်ခဲ့ကြပါသည်။

ထို့ပြင် စွန့်ခွာသွားသော ချစ်သူ (ဝါ) အိမ်ထောင်ဘက်သည် အဆောင်ပြုထားသူအား သတိရအောက်မေ့ကာ နောင်တရပြီး ပြန်လာစေတတ်သည်ဟု ယုံကြည်မှုရှိခဲ့ကြပါသည်။

### * ကျောက်ဆူး (Anchor) *

ယင်းအဆောင်သည် လုံခြုံခြင်း၊ ရည်မှန်းချက်ပြည့်ဝစေခြင်း၊ ကံကောင်းခြင်းတို့ကို ပေးစွမ်းနိုင်သည်ဟု ယုံကြည်ခဲ့ကြပါသည်။



Anchor

### * ထောင့်များ (Angles) *

အင်္ဂလိပ် အက္ခရာ (L) နှင့်တူသော ထောင့်ပုံသဏ္ဍာန်သည် ပညာသင်များအတွက် လေးနက်စွာနားလည်သဘောပေါက်နိုင်သည်ဟု ယူဆခဲ့ကြပါသည်။





### * မြား (Arrow) *

ယင်းသည် မကောင်းဆိုးဝါးများ၏ အန္တရာယ်မှ ကာကွယ်ပေးပါသည်။ လည်ပင်းတွင် ကြိုးဖြင့်ဝတ်ဆင်၍ အဆောင်ပြုလုပ်ကြပါသည်။



Arrow

### * ပုဆိန် (Axe) *



Axe Head

ယင်းပုံကို ကျောက်တုံး သို့မဟုတ် သတ္တုဖြင့် ပြုလုပ်၍ ဆောင်ကြသည်။ မကောင်းဆိုးဝါးများ၊ ရန်သူများ၏ အန္တရာယ်မှ ကာကွယ်ပေးသည်။ ရန်သတ္တု ပြုမည့်သူများကို ကျော်လွှားနိုင်သည်။

လည်ပင်းတွင်ဆွဲကြိုးဖြင့် ဝတ်ဆင်ဆောင်လေ့ရှိကြပါသည်။

### * ဝက်ဝံ၏သွား *



ဝက်ဝံ၏သွားကိုအထူးသဖြင့်ကလေးများအတွက် အဆောင်အဖြစ် အသုံးပြုခဲ့ကြသည်။ အလွန်ငိုသော ကလေး၊ ချူချာလွန်းသော ကလေးများကို လည်ပင်းတွင် ဆွဲပေးခြင်းဖြင့် မကောင်းဆိုးဝါးများ၏ အန္တရာယ်မှ ကာကွယ်ပေးပြီး ကောင်းစွာ အိပ်ပျော်နိုင်စေသည်ဟု ဆိုပါသည်။

အထက်အောက် သွားနှစ်ချောင်းကို ငွေဖြင့်ကွပ်ပြီး ပူဇာပြုကာ ကလေး၏လည်ပင်းတွင် အဝတ်နက်ကိုကြိုးပြုလုပ်၍ ဆွဲပေးရသည်။ ငယ်လွန်းသည့်ကလေးဖြစ်ပါက ကလေးအိပ်မည့် ခေါင်းအုံးအောက်တွင် ထားပေးရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



### * ခွေးတူ ဝက်တူ၏သွား *

ခွေးတူဝက်တူမှာ မြေခွေး၏အရွယ်ခန့်ရှိသော သတ္တဝါ တစ်မျိုးဖြစ်သည်။ ၎င်း၏သွားကို လည်ပင်းတွင်ဆွဲ၍ အဆောင်ပြု ထားခြင်းဖြင့် လောင်းကစား (gambling)တွင် အနိုင်ရနိုင်သည်ဟု ယုံကြည်ကြပါသည်။


### * ဝါးနှင့် မြွေ (Bamboo and Serpent) *



ဤ အဆောင်ရုပ်တွင် ဝါးပင်မှ သဘာဝအတိုင်း ကွေးညွတ် ကွင်းထိုးပြီး စက်ဝိုင်းကွင်းများနှင့် ကြိုးများစွာဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသည်။

ဤအဆောင်ရုပ်သည်ကား ဆောင်သူအား ပညာဆည်းပူး လေ့လာခြင်းတွင် ကျွမ်းကျင်မှု ရစေနိုင်ပါသည်။ ယင်းအဆောင်ရုပ်မှာ ရှုပ်ထွေးသော သင်္ကေတပုံသွင်ကို ဆောင်ယူထားသည်။

### * လက်ကောက်(ဝါ)လက်ကြပ် (Bangle) *



Bangle

လူတစ်ဦးတစ်ယောက်ထံမှ လက်ကောက် (ဝါ) လက်ကြပ်ကို လက်ခံရရှိပြီး ဝတ်ဆင်သူသည် ပေးသူ၏ဆန္ဒကိုလိုက်လျောရသည် သဘောကို ဆောင်သည်။

ချစ်သူက လက်ဆောင်ပေးခြင်းကို လက်ခံခြင်းသည် ထိုပေးသူ၏ အချစ်ကျေးကျွန်အဖြစ်ရောက်ရှိခြင်းဟု အဓိပ္ပာယ်ရသည်။





### * ပုတီးစေ့များ (Beads) *



Beads

ပုတီးစေ့များသည် နတ်ဘုရားများကို ပူဇော်ခြင်းသဘောကို ဆောင်သည်။ အထူးပြုလုပ်ထားသော ပုတီးစေ့များသည် အထူးရောဂါများကို ကုသရာတွင်အသုံးပြု၍ရသည်။

ပုတီးစေ့များကို မကောင်းဆိုးဝါးများအန္တရာယ်မှ ကာကွယ်မှုရရန်နှင့် ကံကောင်းရန်အတွက်လည်း ဝတ်ဆင်တတ်ကြသည်။ အကောင်းပုတီးစေ့များမှာ သန္တာ၊ တုလ်စီ(Tulsi)၊ နံ့သာဖြူဖြင့် ပြုလုပ်ထားသော ပုတီးစေ့များဖြစ်ကြသည်။

### * ပျားကောင်များ (Bees) *



ကျောက်မျက်ရတနာများ စီခြယ်သ၍ ပျားကောင်ပုံ လုပ်ဆောင်ထားသော အဆောင်မျိုးဖြစ်သည်။ ရွှေ၊ ငွေစသည့် အဖိုးတန်သတ္တုများနှင့် လုပ်ဆောင်က ကျောက်မျက်ရတနာများဖြင့် စီခြယ်ထားခြင်း ဖြစ်ပါသည်။

ယင်းကို ဝတ်ဆင်၍ အဆောင်ပြုခြင်းဖြင့် စီးပွားရေးတွင် အလွန်အောင်မြင်မှုရရှိခြင်း၊ လုပ်ငန်းများတွင် အထူးအောင်မြင်ခြင်းစသည့် အကျိုးများကိုရရှိ ခံစားစေနိုင်ပါသည်။

ဝတ်ဆင်သူအား စွမ်းအားပြည့်ဝစေခြင်း၊ စွန့်စားလုပ်ကိုင်ရသောလုပ်ငန်းများတွင် အောင်မြင်စေခြင်းစသည့်အကျိုးများ ရရှိစေသည်ဟု ယုံကြည်ချက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



### * ခေါင်းလောင်း (Bell) *



Bell

ခေါင်းလောင်းတီးသံကြားရပါက မကောင်းဆိုးဝါးများ ကြောက်လန့်တကြား ထွက်ပြေးကြရသည်ဟု ရှေးက အယူရှိခဲ့ကြသည်။

ထို့ကြောင့် ခေါင်းလောင်းများကို ရှေးက စေတီ၊ ပုထိုး၊ ဘုရားရှိခိုးကျောင်း၊ ဘုရားကျောင်း (Temples)စသည်တို့တွင် ဝတ်ပြုပူဇော်ရာ၌ အသုံးပြုခဲ့ကြသည်။ ခေါင်းလောင်းပုံစံငယ်ကို အဆောင်ပြု၍ ဝတ်ဆင်ထားခြင်းအားဖြင့် မကောင်းဆိုးဝါးများ မနှောင့်ယှက်နိုင်ဟု ယူဆမှုရှိကြပါသည်။

### * ခေါင်းစွပ် (Cowl) *



ယင်းကို ဦးထုပ် (Cap) ဟုလည်း ခေါ်သည်။ ဦးခေါင်းနှင့် မျက်နှာကို အကာအကွယ်ပေးသည်။ ယင်းက ကံကောင်းခြင်း လက်ဆောင်တွေကို ယူပေးသည့်အဆောင် (အထူးသဖြင့် ကံဆိုးခြင်းကို တားဆီး ကာကွယ်ပေးသည်)အဖြစ် ယူဆယုံကြည်ခဲ့ကြပါသည်။



ယင်းကို ရှေးအခါတည်းက ဆွေစဉ်မျိုးဆက်အလိုက် လက်ဆင့်ကမ်း၍ ဆောင်းလေ့ ဆောင်းထရှိပြီး မှော်ဆရာများသည် ခေါင်းစွပ် (Cowl)များကို ဤအကြောင်းအချက်များကြောင့် ဆောင်းကြခြင်းဖြစ်သည်ဟု သိရ၏။





### * ကလိုဗာ (Clover) *




Clover

ဥရောပတွင် ကျွဲနွားများ စားသည့် အပင်ငယ်မျိုးဖြစ်၍ သုံးပွင့်ဆိုင် အပွင့်များ ပွင့်တတ်ပါသည်။ ယင်းအပွင့်များထဲမှ လေးပွင့်ဆိုင်အရွက်ကို တွေ့ရပြီး ဆောင်ထားပါက ကံကောင်းခြင်း၊ ချမ်းသာခြင်း၊ ကျန်းမာခြင်း၊ ချစ်သူခင်သူတို့၏ ယုံကြည်ခြင်းကို ခံယူရသည်ဟု ယုံကြည်ခဲ့ကြသည်။ ယင်းမှာ ကံကောင်းခြင်း၏ သင်္ကေတအဘောမျိုး ဖြစ်ပါသည်။

### * ဒေါ်လ်ဖင်ငါး (Dolphin) *

Dolphin



ရှေးဒဏ္ဍာရီတွင်ပါဝင်သော ငါးတစ်မျိုး ဖြစ်ပါသည်။ ယင်းကို အဆောင်ပြုခြင်းဖြင့် တေးဂီတ၊ စာပေ၊ ပန်းချီတို့တွင် အောင်မြင်မှုရတတ်သည်ဟု ဆိုပါသည်။

ယင်းက အဆောင်ထားရှိသူအား မဟာအနုပညာကျော် တစ်ဦးဖြစ်သည်အထိ မြှင့်တင်ပေးနိုင်သည်ဟုလည်း ဆိုပါသည်။

ဂီတရှိုးပွဲများ၊ တီးဝိုင်းအမည်၊ ကာရာအိုကေ၊ စင်တင်ဂီတဖျော်ဖြေပွဲနှင့်အတူ တွဲဖက်၍ စားသောက်ဆိုင်ဖွင့်မည်ဆိုလျှင် ဤနာမည်မျိုးရွေးချယ်ပါက အထူးအောင်မြင်မှုရရှိတတ်သည်။


### * မျက်လုံး (Eye) *

မျက်လုံးသည် နေမင်း၏သင်္ကေတနိမိတ်ပုံမှ ဆင်းသက်လာခြင်း ဖြစ်သည်။ နေမင်းသည် အသိဉာဏ်နှင့် စွမ်းအားဩဇာအရှိန်အဝါတို့ကို ပေးသည်။ ကံကောင်းခြင်း၊ ကြွယ်ဝချမ်းသာခြင်း

www.burmeseclassic.com

www.burmeseclassic.com





ကို ပေးသည်။ ယင်းပုံသဏ္ဌာန်ကိုဝတ်ဆင်၍ အဆောင်ပြုခြင်းဖြင့် ကံကောင်းခြင်း၊ အသိပညာ ပြည့်ဝခြင်းကို ဖြစ်စေနိုင်ပါသည်။ နေနတ်ဘုရား၏ အကာကွယ်ကို ရရှိခံစားရမည်ဟု အဆိုရှိသည်။

### * အန့်ခ် (Ankh) *



လူတိုင်းကျန်းမာ၍ လာဘ်လာဘများ ပွင့်လန်းကာ အကျိုးထူးများခံစား၍ အသက်အန္တရာယ် ထိခိုက်စေမည့် ဘေးရန်ဆိုးတို့မှ ကင်းဝေးစေချင်ပေလိမ့်မည်။

ထို့ကြောင့် ရှေးအီဂျစ်တွေ၏ အစဉ်အလာ၊ ယုံကြည်မှုနှင့် ပြုလုပ်သည့် အန့်ခ် (Ankh) ဟုခေါ်သည့်တံဆိပ်ပုံကို ဆွဲကြိုးမှာ တပ်ပြီး ဆွဲလျှင်လည်းကောင်း၊ လက်စွပ်လုပ်ပြီး ဝတ်လျှင်လည်းကောင်း၊ လာဘ်ရွှင်၍ ကံကောင်းပြီး မိတ်ဆွေကောင်းများနှင့် တွေ့ကြုံရပါမည်။ အထူးသဖြင့် အသက်အန္တရာယ်ကို စောင့်ရှောက်ပေးသည်။ ရှေးဟောင်း အီဂျစ်ပညာရှင်များက ယင်းပုံကို ထာဝရတည်ခြင်း၊ ပြန်လည်မွေးဖွားခြင်းနှင့် ရှင်သန်မှုကိုပေးစွမ်းသည့် နေမင်းကြီးဟု ယူဆခဲ့ကြပါသည်။

ဝေယံဘုန်းပြည့်






www.burmeseclassic.com

www.burmeseclassic.com





အနောက်တိုင်း ဂန္ဓာရီပညာရှင်များသည် လည်းကောင်း၊ ဘာသာရေးဆိုင်ရာ ယောဂီပုဂ္ဂိုလ်များသည် လည်းကောင်း၊ သင်္ကေတသရုပ် (Symbol) များကို လွန်စွာမှသုံးစွဲကြပေ၏။ ပုံစံအားဖြင့် ဖော်ပြရလျှင် "ဆော်လမွန်ဘုရင်၏ ကြယ်ပွင့်"ဟုခေါ်သော ငါးထောင့်ကြယ်ကို ကျန်းမာရေးကိုဖြစ်စေသော သရုပ်အဖြစ်လည်း အသုံးပြုကြလေ၏။ ပယောဂ အတွက်လည်း အသုံးပြုကြလေ၏။

ယင်းကြယ်ကိုပင် အချို့က "လုပခြင်းကြယ်ပွင့်"ဟုလည်း အမည်တပ်ကြသေးလေ၏။ တစ်ဖန် "ဒေးဗစ်၏ ကြယ်ပွင့်"ဟု ခေါ်သော ခြောက်ထောင့်ကြယ်ကို ဖန်ဆင်းရှင်၏ သင်္ကေတသရုပ်ဖြင့် မှတ်ယူကြလေ။

ကျွန်ုပ်သည် ဤသို့သော သရုပ်သင်္ကေတ (Symbol) များကို လက်ဝယ်ပိုင်ပိုင် ရရှိထားလေ၏။ ယင်းသို့ ရရှိထားရခြင်းမှာ ကျွန်ုပ်၏အဘိုး ဒေးဗစ်ဆိုင်မွန်ကြောင့် ဖြစ်လေ၏။ အဘိုးသည် အနောက်တိုင်း၊ အရှေ့တိုင်းလောကီပညာရပ်များကို စိတ်ဝင်တစားရှိရာမှ ထိုထိုပညာရပ်များ၊ ပညာရှင်များရှိရာသို့ လှည့်လည်သွားလာခဲ့လေ၏။ လေ့လာသိရှိခဲ့သမျှကိုလည်း မှတ်တမ်းပြုထားရှိလေ၏။

ထိုစဉ်က ကျွန်ုပ် ဗီတာဆိုင်မွန်သည် အဘိုးဖြစ်သူ၏ မှတ်တမ်းမှတ်ရာများကို စိတ်ဝင်စားမှု လုံးဝမရှိခဲ့ပါချေ။







ကျွန်ုပ် ဗီတာဆိုင်မွန်သည် မရှိမရှားဘဝထဲက ဖြစ်လေရာ ချမ်းသာလိုစိတ် ဖြစ်တည်နေသည်မှာ အမှန်ပင်ဖြစ်လေ၏။ အလုပ်များကို စုံစီနဖာ လုပ်ခဲ့ဖူး၏။ ရရစားစားဘဝထဲက ရုန်းမထွက်နိုင်ခဲ့သေးချေ။

အဘိုးစုဆောင်းခဲ့သော သရုပ်သင်္ကေတ (Symbol)များ အကြောင်း *ဆက်ရပါဦးမည်။*

ကျွန်ုပ်သည် ဂမ္ဘီရဆန်လှသော (Symbol) ကားချပ်လေးများကို တစ်ခုချင်းလေ့လာမိခဲ့လေ၏။ ကျန်းမာရေးအတွက်လည်း ပါ၏။ ဓိယသိဒ္ဓိပြီးစေသော အဆောင်လည်းပါ၏။ အတိုက်အခိုက် ရန်မှ ကာင်းစေသော အဆောင်လည်း ပါ၏။ အချုပ်အနှောင်မှ လွတ်ကင်းစေသော အဆောင်လည်း ပါရှိလေ၏။

ထို့အပြင် ငွေကြေးပေါကြွယ်ဝပြီး မိတ်ကောင်း၊ဆွေကောင်း ပေါများသောအဆောင်၊ လုပ်ငန်းဆောင်တာများ ချောမော အောင်မြင်စေသောအဆောင် စသည်တို့လည်းပါရှိလေရာ ချမ်းသာကြွယ်ဝလိုစိတ်ရှိနေသူ ကျွန်ုပ်အဖို့ ဘဝင်ကျမိလေ၏။

ကျွန်ုပ်သည် စားသောက်ဆိုင်လုပ်ငန်းဖြင့် စီးပွားရှာနေသူဖြစ်လေ၏။ ဆိုခဲ့သလို ရရစားစား ဘဝထဲက ရုန်းမထွက်နိုင်ခဲ့ချေ။ သို့ဖြင့် လုပ်ငန်းဆောင်တာ အောင်မြင်စေသော အဆောင်အား စက္ကူကတ်ပြားတစ်ချပ်အပေါ်တွင် ရေးကူးဆွဲပြီး ဆိုင်၏ခေါင်းရင်း အမြင့်တစ်နေရာတွင် တရိုတသေ ချိတ်ဆွဲထားလေ၏။ လုပ်ငန်းအောင်မြင်စေကြောင်း ဆုတောင်း၊ဆုယူလည်း ပြုပါ၏။

တစ်ပတ်၊ ဆယ်ရက်ခန့်အတွင်း ထူးခြားမှု တစ်စုံတစ်ရာ မရှိ

www.burmeseclassic.com

www.burmeseclassic.com





သော်ငြားလည်း တစ်ဆယ့်ငါး ရက် မြောက် နေ့တွင် ကား ထူးခြားမှုရှိသလို ဖြစ်လာ၏။ ကပ်စတန်မာများ တစ်စတစ်စ များလာခြင်းကြောင့် ဖြစ်လေ၏။

သုံးလေးလခန့်ကြာ သော် မိမိ၏ဆိုင်အား တိုးချဲ့ခဲ့ရ လေ၏။ တစ်နှစ်ခန့်အတွင်း တစ်မူထူးခြားစွာ တိုးတက်ခဲ့ လေရာ ဆိုင်ခွဲငါးခုလောက် ဖြစ် တည်လာခဲ့လေ၏။

ချုပ်၍ဆိုရသော် ဆယ် နှစ်ခန့်အတွင်း ကျွန်ုပ်သည် သူကြွယ်တစ်ယောက်ပမာ ဖြစ်တည်လာခဲ့ လေတော့၏။ သားသမီး(၅)ယောက်အားလည်း ဆိုင် ကိုယ်စီ၊ ကား ကိုယ်စီ၊ တိုက်အိမ်၊ တိုက်ခန်း ကိုယ်စီကိုယ်ငှပေးနိုင်ခဲ့လေ၏။

ဤသည်မှာ ဆော်လမွန်မင်းသားကြီး၏ အဆောင်ကြောင့် သာ ဖြစ်သည်ဟု မမိုတ်မသုန် ဆိုဝံ့ပါ၏။

အထက်ပါ အကြောင်းချင်းရာတို့သည် ( Bangkok Post, Dec; 1994)မှ ဆောင်းပါးတစ်ပုဒ် ဖြစ်ပါသည်။ ဖတ်ခဲ့ရသည်မှာ ကြာလှလေပြီ။ အဆိုပါဆောင်းပါးတွင် ဆော်လမွန်အဆောင်၏ သရုပ်သင်္ကေတ (Symbol) ပါကောင်းပါမည် ထင်သည်။ ကောင်းစွာ မမှတ်မိတော့။

အဆိုပါ ဆော်လမွန်သရုပ်သင်္ကေတ ကားချပ်လေးများကို စာရေးသူသိခဲ့ရသည်မှာ ကာလမကြာသေးချေ။

စာရေးသူနှင့် ကျောင်းနေဘက်အဖွဲ့များသည် နှစ်စဉ် "ဆရာကန်တော့ပွဲ"အတွက် အလှူခံထွက်လေ့ရှိသည်။ ထိုသို့ အလှူခံထွက်စဉ် ရန်ကင်းမြို့နယ်၊ ဘောက်ထော် ပြည်သာယာ ငယ်ပေါင်းမိတ်ဆွေ ဒေါက်တာကြည်ဝင်းထံသို့ ရောက်သည်။







သူ၏နေအိမ်ရှေ့တွင် ကိုယ်ပိုင်ဆေးခန်း ဖွင့်ထားလေ ရာ ၎င်းမှ စာရေးသူတို့အဖွဲ့အား သူ၏ဆေးခန်းတွင် လက်ဘက် ရည်၊ မုန့်တို့ဖြင့် တည်ခင်းဧည့်ခံ သည်။ နေ့လယ်၊ နေ့ခင်းမို့ လူနာ များ ရှင်းလင်းနေသည်။

သူ၏ ဆေးခန်းအဝင်ဝ တွင် သရုပ်သင်္ကေတ (Symbol) ကားချပ်တစ်ခုကို အမှတ်မထင် တွေ့ရသည်။ စာရေးသူက စပ်စပ် စုစုမေးလေတော့ ၎င်းမှ လူနာတွေ သည်း ကျန်းမာ၊ ကိုယ်လည်း ဝင်ငွေရပေါ့ဟု ဆိုသည်။

ကျန်ရှိ သူငယ်ချင်းတွေက စိတ်မဝင်စားသော်ငြားလည်း စာရေးသူက စိတ်ဝင်တစားဖြစ်မိသည်။ ကြည်ဝင်းက ဆရာကန် တော့ပွဲအတွက် ငွေကျပ်တစ်သိန်း အလှူငွေ ထည့်ဝင်ခဲ့သည်။ လာ ခြမ်းအောင် လာဖို့လည်းမှာရသည်။

ဆရာကန်တော့ပွဲတွင် ကြည်ဝင်းနှင့် တွေ့သည်။ ဆရာ ကန်တော့ပွဲအပြီး စားသောက်ဆိုင်တစ်ဆိုင်တွင် ၎င်းမှ ဧည့်ခံကျွေး မွေးသည်။ ငယ်ပေါင်းသူငယ်ချင်းများ ပျော်ပါးစွာ စားသောက်ဖြစ် ကြသည်။ စာရေးသူမှ သရုပ်သင်္ကေတ (Symbol)အကြောင်းချင်းရာ ကိုမေးလေရာ ၎င်းမှ -

"ဘာလဲ စာရေးမလို့လား . . ဒီကပြန်ရင် ငါ့ကားနဲ့ အိမ် လိုက်ခဲ့ . . မင်းကိုပေးမယ်။ ပြီးတော့ . . တစ်ခုချင်း ရှင်းပြမယ်၊ သိတ်လား"


သို့ဖြင့် စာရေးသူထံ ဆော်လမွန် (Symbol) ကတ်လေးများ ရောက်လာခဲ့သည်။ ရှင်းပြခဲ့သည်တို့ကို တစုံတစိုက် နားထောင်ခဲ့ရ ပါ၏ ။ ထိုအဆောင်များကို ဗဟုသုတဖြစ်ဖွယ် ဖော်ပြပါမည်။

www.burmeseclassic.com

www.burmeseclassic.com



## * ငွေကြေးနေ ပေါကြွယ်ဝသော အဆောင် *



ယင်းအဆောင်သည် ငွေကြေး၊ လာဘ်လာဘ ရွှင်စေသည်။ မိတ်ကောင်းဆွေမွန်လည်း ပေါများစေမည့် အဆောင်ဖြစ်ပါသည်။ စက်ဝိုင်းအလယ်တွင်ပါရှိသော ခက်ရင်းခွကလေးသည် "ဂျူပီတာ" ဟု ခေါ်ဆိုသည်။ အတိမနေ၊ သတိသုဘနှင့် ပြည့်စုံသော ကြာသပတေးဂြိုဟ်၏ တံဆိပ်တော်ဖြစ်သည်။ အပေါ်မှ အဝိုင်းငယ်သည်ကား နေမင်းကို ဖော်ဆောင်ပြခြင်းပဲ ဖြစ်သည်။

## * ရောဂါမဖြစ်အောင်ဆောင်သော အဆောင် *





ယင်းအဆောင်သည်ကား ကျန်းမာရေးကို ကောင်းစေသော အဆောင်တစ်မျိုးပဲ ဖြစ်သည်။ စက်ဝိုင်းထဲတွင် ရေးသားထားသော စာသည် -

"အဘရာ ကာဒါဘရာ" (ABRACADABRA) ဖြစ်သည်။ အနောက်တိုင်း၏ ရှေးဟောင်း လောကီပညာရပ်များတွင် အသုံးပြုသော မန္တန်ဖြစ်သည်။ ယင်းမန္တန်ကို အပေါ်ဆုံးက အပြည့်ရေးပြီး စာလုံးကို တစ်လုံးစီလျှော့ရေးရာမှာ နောက်ဆုံး (အေ)တစ်လုံးတည်း ကျန်သည်အထိ လျှော့ချပြီး ရေးရပါသည်။ ယင်းအဆောင်ကို မိတ္တူကူးယူပြီး ဆောင်ထားနိုင်ပါသည်။





## * ဆေးသရာများ၊ သရာဝန်များ ဆေးခန်းများတွင် ဆောင်ထားရမည့် အဆောင် *




ဤအဆောင်ကို ဆောင်ပါက ကျန်းမာရေးကောင်းမွန်သည့်အပြင် ကပ်ရောက်လာမည့် ရောဂါများကို ကာကွယ်ပေးသည်။ ဆေးဆရာများဆောင်ပါက မိမိကုသသော လူနာသည် အမြန်ဆုံးပျောက်ကင်းစေသည်ဟု ဆိုသည်။

ဤအဆောင်တွင် ပါရှိသော (RAPHAEL)ဟူသည် တေရှုနတ်မင်းကြီးဖြစ်ပြီး အောက်ဘက်တွင် ရေးသားထားသော (URIEL)မှာ ဝိရူပက္ခနတ်မင်းကြီး ဖြစ်ပါသည်။

## * အတိတ်နမိတ်တို့ကို ကြိုတင်သိစေသော အဆောင် *




ဤအဆောင်ကို ဗေဒင်၊ လက္ခဏာ ဆရာများ၊ ကံကြမ္မာဖတ်သူများ ဆောင်သင့်ပေသည်။ ၎င်းမန္တန်ကို အလျားလိုက်ပဲ ဖတ်ဖတ်၊ ဒေါင်လိုက်ပဲ ဖတ်ဖတ်၊ နောက်ပြန်ပဲဖတ်ဖတ်၊ ဖတ်၍ရအောင် စီမံ၍ထားရှိသည်။


ထိုအဆောင်ကို အိတ်ကပ်ထဲတွင် ပလတ်စတစ်လောင်း၍ ဆောင်ထားနိုင်သလို၊ မိမိ၏အလုပ်စားပွဲတွင်လည်း အဆောင်အဖြစ် ထားရှိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com




## * လာဘ်ရွှင်စေသော အဆောင် *




ဤအဆောင်ကို အမွှေးနံ့သာဆွတ်ဖျန်း၍ ဆောင်ပါက လာဘ်လာဘပွင့်လန်းစေပါသည်။

လာဘ်လာဘကိစ္စများအတွက် ပြုလုပ်ဖွယ်ရှိပါက၊ သို့တည်းမဟုတ် သွားလာရန်ရှိပါက ထိုအဆောင်ကို ပန်းကန်ပြား တစ်ချပ်ပေါ်တွင်တင်ပြီး ဖယောင်းတိုင်တစ်တိုင်ထွန်း၍ ဆုတောင်းဆုယူပြုပါလေ။ အောင်မြင်ပြီး လိုအင်ကိစ္စပြီးပြည့်စုံပါလိမ့်မည်။

## * လုပ်ငန်းဆောင်တာများ ချောမွေ့စေသော အဆောင် *




ဤအဆောင်ကို ဆောင်ပါက လုပ်ငန်းများ အနည်းနှင့်အများ အဆင်ပြေ ချောမွေ့စေသည်ဟု ဆိုပါသည်။


ဤအဆောင်တွင် ဒေါင်လိုက်ရေးသားထားသော မျက်လုံးပုံစံမှာ တတိယ မျက်လုံးပင်ဖြစ်ပြီး ရှေးဟောင်း မာယန်လူမျိုးတို့၏ ရှေးကျသော အမှတ်သင်္ကေတ တံဆိပ်တော် တစ်ခုလည်းဖြစ်ပါသည်။

စီးပွားရေးလုပ်ငန်းရှင် အတော်များများက ဤအဆောင်ကို ရင်အုပ်မကွာ ဆောင်ထားလေ့ရှိကြသည်ဟု ဆိုသည်။





## * ပီယအဆောင် *



ယင်းအဆောင်သည်ကား "ပီယအဆောင်"ဟူ၍ အနှစ္စသညာပြု ခေါ်ဆိုကြပါသည်။ ဆောင်ထားရုံသက်သက် မဟုတ်မူဘဲ ယင်းအဆောင်ကို ဖယောင်းတိုင်မှာ ပတ်၊ မီးထွန်းညှိပြီး ကိုယ်ရည်စွယ်ထားသည့်သူကို မေတ္တာပို့ရင် ထူးခြားတယ်လို့ ဆိုကြပါသည်။

## * ပီယသိဒ္ဓိ အဆောင် *



တစ်မူထူးခြားသည့်အတွက် "ပီယသိဒ္ဓိအဆောင်"ဟု မှည့်ခေါ်ထားခြင်း ဖြစ်ပေလိမ့်မည်။ ဤအဆောင်ကို ရင်အုပ်မကွာ ဆောင်ထားပါက လွန်စွာမှ မျက်နှာပွင့်လန်းမည် ဖြစ်ပါသည်။

ဤအဆောင်ကို ကူးယူ၍ အဖြူကျန်ရှိနေသော နေရာများတွင် အစိမ်းရောင်ဆေးဖြင့် ခြယ်ပါ။ ပြီးလျှင် အကောင်းစားနံ့သာဆီ၊ ရေမွှေးတစ်မျိုးမျိုးဖြင့် ဆွတ်ဖျန်း၍ ဆောင်ပါလေ။

ကျွန်ုပ် ဖော်ပြခဲ့သော ဆော်လမွန်အဆောင် သင်္ကေတ (Symbol)တို့သည် ငယ်ပေါင်းကျောင်းနေဖက်မိတ်ဆွေ ဒေါက်တာကြည်ဝင်း ပေးခဲ့သမျှ၊ ရှင်းလင်းပြောခဲ့သမျှတို့ကိုသာ ဖော်ပြရေးသားခြင်း ဖြစ်ပေသည်။ အခြားအခြားသော ဆော်လမွန် သင်္ကေတ (Symbol)များ မရှိမဟုတ် ရှိပေလိမ့်ဦးမည် ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာကြည်ဝင်းပေးခဲ့သည့် (Symbol)များအနက် နေ့သားအလိုက် ဆောင်ရမည့် (Symbol)များလည်း ရှိသေးသည်။ နေ့သားအလိုက် ဆောင်ရမည်၊ ဆောင်သင့်သည်ဟူ၍သာ ပြောခဲ့သည်။ မည်သို့မည်ပုံ ဖြစ်လေ့ရှိသည်၊ (ထူးခြားလေ့ရှိသည်)ကိုတော့ဖြင့် ပြောမပြပါ။ ဉာဏ်ရှိသလို သုံးဟုသာ ဆိုသည်။

သို့ဖြင့် ဉာဏ်ရှိသလို သုံးကြရန်အတွက် (၇)ရက်သားသမီး (Symbol) အဆောင်တို့ကို ဖော်ပြလိုက်ရပါ၏။

## * နေ့သားအလိုက် ဆော်လမွန်တံဆိပ်အဆောင်များ *

လွန်ခဲ့သော နှစ်ပေါင်းများစွာက ဆော်လမွန်ဘုရင်ကြီး စီရင်ခဲ့သော တံဆိပ်ဝိုင်း အစီအရင်ကလေးများ ဖြစ်ပါသည်။ ၎င်း ဆော်လမွန် အဆောင်တံဆိပ်ဝိုင်းကလေးများကို (၇)ရက်သားသမီးများ အသုံးပြုရန်အတွက် ဖော်ပြလိုက်ပါသည်။

ရှေးခေတ်ရှေးအခါက ရွှေ၊ ငွေ၊ သွပ်၊ သံဖြူ၊ အလူမီနီယံ၊ ခဲ စသည်တို့ဖြင့် နေ့သားအလိုက် ဆောင်ကြပါသည်။ ဆိုရသော် -

တနင်္ဂနွေသားအတွက် ရွှေ၊
တနင်္လာသားအတွက် ငွေ၊
အင်္ဂါသား အတွက် သံ၊
ဗုဒ္ဓဟူးသားအတွက် အလူမီနီယံ၊
ကြာသပတေးသားအတွက် သံဖြူ၊
သောကြာသားအတွက် ကြေးနီ၊
စနေသားအတွက် ခဲ စသည်တို့ဖြင့် ပြုလုပ်ရမည်ဟု ဆိုပါသည်။

ယခုခေတ်၊ ယခုအခါတို့တွင်ကား စက္ကူများပေါ်တွင် ပြန်လည် ရေးဆွဲဆောင်လေ့ရှိကြပါသည်။ ဖော်ပြပါ အဆောင်ပုံများကို ဖိုတိုစတက် ကူးယူ၍လည်း ဆောင်နိုင်သည်။ လိုအပ်လျှင် ကပ်ကြေးဖြင့် ညှပ်ယူ၍ ဆောင်နိုင်ပါသည်။


အလွန် အစွမ်းထက်ကြောင်းကို ပြောစရာမလိုဘဲ အဆောင်






အဖြစ်ဆောင်၍ လည်းကောင်း၊ ပြုလုပ်လျှင် အစွမ်းထက်ကြောင်း လက်တွေ့သိလာရပေလိမ့်မည်တည်း။

ဝေယံဘုန်းမြင့်



တနင်္ဂနွေသားသမီးများအတွက် ဆော်လမွန်အဆောင်




တနင်္လာသားသမီးများအတွက် ဆော်လမွန်အဆောင်


www.burmeseclassic.com

www.burmeseclassic.com






**အင်္ဂါသားသမီးများအတွက်**
**ဆော်လမွန်အဆောင်**




**ဗုဒ္ဓဟူးသားသမီးများအတွက်**
**ဆော်လမွန်အဆောင်**







**ကြာသပတေးသားသမီးများအတွက်**
**ဆော်လမွန်အဆောင်**




**သောကြာ သားသမီးများအတွက်**
**ဆော်လမွန်အဆောင်**



www.burmeseclassic.com


www.burmeseclassic.com





စနေသားသမီးများအတွက်
ဆော်လမွန်အဆောင်





www.burmeseclassic.com





။

'ယင်'၏သင်္ကေတသည် အမည်းရောင်ဖြစ်၍ 'ဓာတ်မ' သဘာဝကို ယူဆောင်သည်။ 'ယန်'၏သင်္ကေတသည် အဖြူရောင်ဖြစ်၍ 'ဓာတ်ဖို' သင်္ကေတ ဖြစ်သည်။

အာကာသကောင်းကင်တွင် တည်ရှိနေသော ဂြိုဟ်ကြီးများ အနက်ဂြိုဟ်ကြီး (၉)လုံးသည် အဓိကဖြစ်လေ၏။ ထိုဂြိုဟ် (၉)လုံးတွင် အကြီးမားဆုံးသောဂြိုဟ်ကြီး နှစ်လုံးရှိသည်။ စနေဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ဖြစ်သည်။

စနေဂြိုဟ် (SATAN) စေတန်သည် အတိပါပ ဆိုးခြင်း၊ ညံ့ခြင်းတို့ကိုဖြစ်စေသော ဂြိုဟ်ဆိုးထိပ်ခေါင်ဖြစ်၏။ ကြာသပတေးဂြိုဟ် (Jupiter)သည် အတိသောဘ ကောင်းခြင်းအဖြာဖြာကို အထင်ကရအကျိုးပြုသော ဂြိုဟ်ဖြစ်သည်။ ဤအယူအဆကို ကမ္ဘာအဝန်း နက္ခတ်ဗေဒပညာရှင်အားလုံးက တညီတညွတ်တည်း လက်ခံထားကြသည်။

အနှစ်(၂၀)တွင် တစ်ကြိမ်၊ စနေဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့သည် ရာသီခွင်တစ်ခုတွင် ပူးကပ်ဆုံတွေ့လေ့ရှိကြသည်။ ထိုသို့ ပူးယှဉ်သောအခါတွင် မတူညီသော ဆန့်ကျင်ဘက်နှစ်ခု၏ ပေါင်းစပ်မှုကြောင့် အပူနှင့် အအေး၊ အလင်းနှင့် အမှောင်၊ အကောင်းနှင့်အဆိုး အချင်းချင်းတိုက်ခတ်ခြင်းကြောင့် ဤကမ္ဘာမြေနှင့်








လူသားတို့တွင် တစ်စုံတစ်ရာသော အကျိုးဆက် ရိုက်ခတ်မှုများဖြစ်လေ့ရှိသည်။

အပူအအေးနှင့် စပ်သက်၍ မြန်မာ့လောကီဂြိုဟ်ခွင်တွင်လည်း ပြဆိုထားရှိသည်။ တနင်္ဂနွေ၊ အင်္ဂါ၊ စနေ၊ ရာဟုဂြိုဟ်တို့မှာ ပါပ အပူဖြစ်၍ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေးတို့မှာ သောဘ အအေးဖြစ်သည်။ ယင်းတို့သည်လည်း လူတို့အား တစ်စုံတရာ ကောင်း၊ ဆိုး နှစ်တန် ဖြစ်တည်လေ့ရှိသည်။

အပူအအေး၊ အလင်းအမှောင်နှင့် ဆက်နွယ်၍ တရုတ်လူမျိုးတို့က လောကီအစီအမံ အင်းတစ်ခု စီရင်ထားရှိသည်။ ထိုအင်းကို "ပတ်ကွိုင်အင်း"ဟူ၍ အနွတ္တသညာပြု ခေါ်ဆိုထားသည်။

"ဆန္ဒပြည့် အင်းတော်"ဟုလည်း အသိအမှတ်ပြုထားကြလေ၏ ။

❖



**ပတ်ကွိုင်အင်း**
**(ဆန္ဒပြည့်အင်းတော်)**

ထိုဆန္ဒပြည့်အင်းတော်ကို စက္ကူပေါ်တွင်ရေးဆွဲ၍ မိမိ နေအိမ်တွင်ကပ်၍ထားရှိသော် တစ်ဘက်က လောကီအစီအမံဖြင့် ပြုလုပ်သော ဓာတ်ဆင်ဓာတ်ရိုက် အော်ပညာ၊ အောက်လမ်းပညာများဖြင့် ပြုလုပ်၍မရနိုင်ပါ။




www.burmeseclassic.com

www.burmeseclassic.com



ထိုဆန္ဒပြည့်အင်းတော်ကို ကလေးသူငယ်များ၏ လည်ပင်းတွင် ဆွဲထားသော် အစိမ်းသရဲများ၊ နာနာဘာဝများ လာရောက်မနှောင့်ယှက်နိုင်။ မြေဖုတ်ဘီလူး၊ သရဲသဘက်များ လာရောက်မနှောင့်ယှက်နိုင်။ ကောင်းမြတ်သော နတ်ကောင်း၊ နတ်မြတ်များ စောင့်ရှောက်ကြသည်။

ရွှေပြား (သို့မဟုတ်) ငွေပြား၊ ကြေးပြားများတွင် ရေးသား၍ လူကြီး၊ လူငယ်၊ လူရွယ်၊ အမျိုးသား၊ အမျိုးသမီးများ ကိုယ်တိုင်ဆောင်သည်ရှိသော် မိမိဆန္ဒဟူသမျှ ပြည့်စုံသည့်အပြင် "ကြံတိုင်းအောင်၊ ဆောင်တိုင်းမြောက်"၍ အတိုက်အခိုက် ဘေးအန္တရာယ်မှလည်း ကင်းဝေးစေပါသည်။




ယခုအင်းပုံသည် "ရေ၊ လေ၊ မီး၊ မြေ၊ ကောင်းကင်၊ မိုးကြိုး၊ ရေကန်၊ တောင်"စသည်ဖြင့် "ယင်"နှင့် "ယန်"ကို အလယ်တွင်ထား၍ ဝိုင်းရံထားသောပုံဖြစ်သည်။

"ယင်"၏သင်္ကေတသည် အမည်းရောင်ဖြစ်၍ "မာတ်မေ" သဘာဝကိုယူဆောင်သည်။ "ယန်"၏သင်္ကေတသည် အဖြူရောင်ဖြစ်၍ "မာတ်ဖို"သင်္ကေတဖြစ်သည်။ မိမိတို့၏ အိမ်ရှေ့၊ ဆိုင်ရှေ့တို့တွင် အထက်ပါအင်းအစီအရင်ကို ချိတ်ဆွဲထားပါက လိုအင်ဆန္ဒပြည့်ဝစေပါ၏ ။





**အဖိုအမ** = အလင်းအမှောင်၊ ဝိဇ္ဇာ၊ အဝိဇ္ဇာ၊ အဆင်းအတက်၊ အပူ၊ အအေးသဘောကို ဖြဆို၏။



**ကောင်းကင်** = ငြိမ်းအေးခြင်း၊ စိတ်ချမ်းသာခြင်း၊ ကိုယ်ကျန်းမာခြင်း ဆုများကို ပေးစွမ်းနိုင်၏။



**မီး** = အာကာမြင့်မား၊ တက်ကြွမှုတို့ကို ပေးစွမ်းနိုင်၏။



**တောင်** = တစ်ဘက်သားက မိမိ၏ ဂုဏ်သိက္ခာများ ညှိုးနွမ်းအောင် ပြုလုပ်သည့် ကိစ္စအဝဝ မှန်သမျှကို ပယ်ဖျောက်စေနိုင်၏။



**မြေ** = လောကဓံကို ကြံ့ကြံ့ခံနိုင်ပြီး တည်ငြိမ်မှု ရရှိစေနိုင်၏။



**မိုးကြိုး** = လူ၏ မကောင်းသောဒေါသမီးကို ငြိမ်းစေနိုင်ခြင်း၊ ပျက်စီးအောင် ကြံဆောင်သမျှ၊ တိုက်ခိုက်လာသမျှတို့ကိုလည်း ပယ်သပ်စေနိုင်၏ ။





www.burmeseclassic.com

**ရေ** = <br>စိတ်ကိုညစ်နွမ်းစေသည့် လောဘမီး၊ ဒေါသမီး၊ မောဟမီး တို့ကို သန့်ရှင်းဖြူစင် ကြည်လင်စေနိုင်၏။

**ရေကန်** = <br>ပျော်ရွှင်မှုသုခ အဝဝကို ပေးစွမ်းနိုင်ခြင်းနှင့် လျှို့ဝှက်နက်နဲပြီး ခက်ခဲသော ပညာရပ်များကို သင်ကြားပါလျှင် တတ်မြောက်ခြင်း ဆုများကို ပေးစွမ်းနိုင်၏။

ထူးထူးခြားခြား ဤပက်ကွ်ုင်အင်း (ခေါ်) ဆန္ဒပြည့် အင်းတော်ကိုအောက်ခံထား၍ ဆင်စီးပြီး မြင်းရံထားသော အပေါ်တွင် သုံးလောကထွဋ်ထား ဗုဒ္ဓရှင်တော်မြတ်၏ရုပ်ပွားတော်ကို ရန်ကုန်မြို့ရှိ မယ်လမုဘုရားတွင် ဖူးတွေ့နိုင်ပါသည်။

ထိုရုပ်ပွားတော်၏ ဘွဲ့တော်အမည်နာမသည်ကား "ဆင်စီးမြင်းရံ အတုလမာရ်ဘုရား"ဟူ၍ ဖြစ်သည်။

တည်ထားကိုးကွယ်သည့် ရည်ရွယ်ချက်မှာ -

၁) မြန်မာပြည်အတွင်း စည်ပင်သာယာဝပြောစေရန်၊

၂) ပြည်တွင်း၊ ပြည်ပရန်မာရ်ဟူသမျှကို ချုပ်ငြိမ်း ပပျောက်စေရန်ဖြစ်သည်။

စတင်ပြုလုပ်သည့် နေ့ရက်မှာ (၅-၃-၁၉၈၉)ဖြစ်ပြီး၊ ပြီးစီးသည့်နေ့ရက်မှာ (၂၀-၃-၁၉၈၉)ဟူ၍ ကျောက်စာကမ္ပည်း ရေးထိုးထားရှိပါသည်။

❖







*** ဆင်စီးမြင်းရံ အတုလမာရ်ဘုရား ***

ဖော်ပြပါပုံတွင်ပါရှိသော အလယ်ခေါင်ရှိစက်ဝိုင်း "အဖြူအမဲ"သည် "ယင်-ယန်" ဖြစ်သည်။




ကူးယူ၍ ဖြစ်စေ၊ ရေးဆွဲ၍ ဖြစ်စေ၊ ဆောင်ယူရာတွင် အမျိုးသားတို့သည် လမင်းပြက္ခဒိန်ကိုအခြေခံသော လဆန်း တစ်ရက်နေ့အချိန်ကို ဆောင်ယူရမည်။

အမျိုးသမီးများအဖို့ လပြည့်ကျော် (၁)ရက်၊ လဆုတ်(၁) ရက်တွင် ဆောင်ယူပါက အထူးကောင်းမွန်သည်။

www.burmeseclassic.com



# * ယင် နှင့် ယန် *

ယင်သင်္ကေတပုံ




"ယင်"သင်္ကေတကို အမည်းရောင်ဖြင့် ဖော်ပြသည်။ "ဓာတ်မ" သဘာဝကို ဆောင်ယူသည်။ "ယင်" အကြီးနှင့် "ယင်"အငယ်ဟူ၍ နှစ်ပိုင်းခွဲသည်။ "ယင်"အကြီးသည် အမည်းရောင်လွှမ်းမိုးသောဘက်မှဖြစ်၍ "ယင်"အငယ်သည် အဖြူရောင်လွှမ်းမိုးသော အမည်းစက် ဖြစ်ပေသည်။

ယန်သင်္ကေတပုံ




"ယန်"သည် ဓာတ်ဖို သဘောကို ဆောင်သည်။ ယန်အကြီး (Big Yang)နှင့် ယန်အသေး (Small Yang)ဟူ၍ ခွဲခြားသည်။ အဖြူရောင်ဘက် အကြီးနှင့် အမည်းအကြီးထဲမှ အဖြူစက်ကို ဖော်ကျူးသည်။

## * ထိုက်ကျိ ယင်-ယန် သဘာဝ *


အရှေ့တိုင်းအယူအဆအရ ဆန့်ကျင်ဘက် ဖို / မဓာတ် တစ်ခု နှင့် တစ်ခုသည် ဆွဲငင်ခြင်းပြုကြသည်။ အဖိုဓာတ် စင်စစ်ဟူ၍လည်း မရှိ။ ယန်အဖိုဓာတ်သဘာဝ အဖြူအတွင်း၌လည်း အမ အမည်းစက်ရှိသည်။ အဖြူမှ လွှမ်းမိုးမှုအားများခြင်းကြောင့် "ယန်"ဓာတ်ဟူ၍ သတ်မှတ်သည်။ "ယင်"အမဓာတ် လွှမ်းမိုးသည်။

အရှေ့တိုင်းတွင် နှစ်ပေါင်းမြောက်များစွာက တရုတ်လူမျိုး





တို့၏ အတွေးအခေါ်ဒဿနရှိအရ ကမ္ဘာမြေကြီးဖြစ်တည်မှုသည် ကား ဖရိုဖရဲ၊ ကစဉ့်ကလျားဖြစ်စဉ် စတင်သည်ဟု သတ်မှတ်ကြသည်။ အနောက်တိုင်း ဂရိဒဿနရှိ အလိုနှင့် ထပ်တူညီသည်။


ဝူကျိ(Wu Chi) ပုံ

အစဦးကာလတွင် အရာရာသည် ဖြစ်တည်ပြီးဖြစ်သည်။ ဖြစ်ပေါ်လာမည့် အရာဝတ္ထုအလုံးစုံတို့၏ ပင်မဖစ်မြစ်အလုံးစုံသည် ကစဉ့်ကလျားလွင့်မျောဖြစ်ချင်သလို ဖြစ်တည်နေ၏။

အစီအစဉ်မရှိ၊ ထင်သလို ဖြစ်နေခြင်းပင် ဖြစ်သည်။ ထိုသို့ ဖြစ်တည်ခြင်းကို "ဝူကျိ" "Wu Chi" ဖြစ်စဉ်ဟူ၍ ခေါ်သည်။ ပုံစံမဲ့၊ အသွင်မဲ့ ဖြစ်ချင်သလိုဖြစ်နေခြင်းကို သတ်မှတ်သည်။


ထိုက်ကျိ(Taiji) ပုံ

ထိုသို့ ကစဉ့်ကလျားဖြစ်နေရာမှ ဆန့်ကျင်ဘက်သဘောတို့သည် တစ်ခုနှင့်တစ်ခုဝေးကွာသွားပြီး တူရာ၊ တူရာတို့သည် တစ်ဖန် ပေါင်းစည်းပြန်သည်။ ထိုသို့ တစ်ခုနှင့်တစ်ခု ပေါင်းစည်း၍ ဖြစ်ပေါ်လာသောဖြစ်စဉ်သည်ကား အရာရာ၏မူလအစဖြစ်စဉ်ပေတည်း။

ထိုသို့ တစ်ခုနှင့်တစ်ခု ပေါင်းစည်းဖြစ်ပေါ်ခြင်းသည် "ထိုက်ကျိ"ပုံစံ ဖြစ်ပေသည်။

"ထိုက်ကျိ"ပုံကို "ယင် - ယန်"သင်္ကေတဟူ၍လည်း ခေါ်သည်။ ဤသင်္ကေတသည်ကား အရာရာတို့၏စတင်ဖြစ်တည်မှု ထူးခြားသောအနှစ်သာရများ ပြည့်ဝနေပေသည်။

ယနေ့ကာလတိုင် လူအများတို့သည် "ထိုက်ကျိ" သင်္ကေတ "ယင် - ယန်"ကို လာဘ်ပွင့်၊ ကံပွင့်စေရန်အလို့ငှာ သုံးစွဲကြပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပညာဖြန့်ချိမှု၏ သင်္ကေတတစ်နေရာ၌လည်း ထားရှိကြသည်။ ပီယကံ ကောင်းရန်အတွက်ကိုလည်း သုံးစွဲကြလေ၏။

ဤ "ယင်-ယန်" သင်္ကေတ ဓာတ်သဘာဝ လွှမ်းမိုးသောဘက်တွင် အဖြူရောင်လွှမ်းမိုးသည်။ အမည်းထုက လွှမ်းမိုးသွားခြင်းကို "ယန်"ဓာတ်သဘာဝလွှမ်းမိုးခြင်းဟု ခေါ်သည်။

"ယင်-ယန်" သဘာဝတွင် "ယင်" အကြီး၊ အသေး။ "ယန်" အကြီး၊ အသေးတို့ "ယင်-ယန်" နှစ်ခုကိုပေါင်းစပ်နေသော "ယင်-ယန်" နယ်နိမိတ်ဟူ၍ အစိတ်အပိုင်းလိုက်ဖော်ထုတ်သည်။ "ယင်-ယန်"သဘာဝကို မူရင်းအယူအဆအရဖော်ပြရလျှင် -

| ယင်သဘာဝ | ယန်သဘာဝ |
|---|---|
| အမှောင် | အလင်း |
| လ | နေ |
| အအေး | အပူ |
| ည | နေ့ |
| ရေ | မီး |
| အမ | အဖို |
| အနုတ် | အပေါင်း |


စသည်တို့ဖြစ်သည်။ ၎င်း အဆောင်ကိုဆောင်ယူခြင်းဖြင့် လာဘ်ပွင့်ခြင်း၊ ကောင်းသော စီးပွားဖြစ်ထွန်းခြင်းတို့ အထင်အရှား ဖြစ်ပေသည်။

"ထိုက်ကျိ"၊ "ယင်-ယန်"သင်္ကေတကို ငွေကြေးထားရှိသောပိုက်ဆံသေတ္တာတွင် ထည့်ရမည်။ ပိုက်ဆံအိတ်တွင် ဆောင်၍လည်းရသည်။ "ယင်-ယန်"ကို ဆောင်ယူသောအခါတွင် -

အဖြူရောင်သည် သီလနှင့်ပတ်သက်သော သဘာဝကိုဖော်ကျူးသည်။ အမည်းရောင်သည် ပညာကိုဖော်ကျူးသည်။ အဖြူ၊ အမည်းနှစ်ခု စနစ်တကျပေါင်းစည်းမှုသည် "သိဒ္ဓိ" သဘာဝကို ဆောင်ယူသည်။








ဤအဆောင်ကို ဆောင်ယူသူတို့သည် ပညာ၊ သီလနှင့် သိဒ္ဓိတို့ကို စနစ်တကျဖွံ့ဖြိုးအောင် ဆောင်ရွက်အပ်လှပေ၏။

*** ဖုန်းရွှေပညာရပ်နှင့် ယင်-ယန် ***

ဖုန်းရွှေပညာရပ်ဖြင့် ကြီးပွားတိုးတက်ပြီး ကျန်းမာ ချမ်းသာအောင် ဆုပ်ဆောင်တော့မည်ဆိုပါလျှင် ဖုန်းရွှေပညာရပ်၏ အရေးပါသောဝေါဟာရများနှင့် ၎င်းတို့၏ အနှစ်သာရများကို သိရှိထားရန် လိုအပ်ပေသည်။



ဖုန်းရွှေပညာ၏ဝေါဟာရတစ်ခုမှာ "ယင်နှင့် ယန်" ဖြစ်သည်။ "ယင်နှင့် ယန်"ဟူသည် လောကကြီး၏ ဆန့်ကျင်ဘက်သဘောတရားနှစ်ခုကို ဆိုလိုသည်။

လောကကြီးတွင် အပူရှိလျှင် အအေးရှိသည်။ အလင်းနှင့် အမှောင်၊ လှုပ်ရှားမှုနှင့် ငြိမ်သက်မှု စသည့် ဆန့်ကျင်ဘက်များအတွဲတစ်ခုမျှတစွာ တည်ရှိနေသည့်သဘောတရားမှာ "ယင်နှင့် ယန်"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဆန့်ကျင်ဘက်တို့သည် တစ်ခုနှင့်တစ်ခု တိုးဝှေ့နေကြ သည်။ အားပြိုင်နေကြသည်။ အနိုင်ရရန် ကြိုးပမ်းနေကြသည်။

ထိုသို့ ဆန့်ကျင်နေကြရာမှ ညီညွတ်မျှတသော အခြေအနေ တွင် စွမ်းအင်တစ်ခုအဖြစ် ပြောင်းလဲဖြစ်တည်နေကြသည်။ "ယင်" နှင့် "ယန်"သည် ညီညွတ်မျှတနေသော ဆန့်ကျင်ဘက်များဖြစ် သည်။


ဖုန်းရွှေပညာတွင် "ယင်" နှင့် "ယန်"တို့၏ သဘော တရားများကို များစွာအသုံးပြုသည်။ အိမ်တစ်အိမ်တွင် တံခါး ပေါက်များ၊ ပြတင်းပေါက်များမရှိသော အခန်းတစ်ခုထဲမှ ဆိတ်ငြိမ် ပြီး လှုပ်ရှားမှုမရှိသောနေရာမျိုးတွင် "ယင်" ရှိနေသည်။

"ယန်"မှာမူ "ယင်"နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ တံခါး ပေါက်များ၊ ပြတင်းပေါက်များ၊ လှုပ်ရှားမှုများ အမြဲရှိနေသော နေရာများတွင် "ယန်" ရှိသည်။ အခန်းတစ်ခုထဲတွင် ၎င်း "ယင်" နှင့် "ယန်" တို့ မျှတစွာရှိနေဖို့လိုအပ်သည်။ ဆိုလိုသည်မှာ လှုပ် ရှားမှုနှင့် ငြိမ်သက်မှုအတွက် အခန်း၏အကျယ်အဝန်း နှင့် လို လောက်သော တံခါးပိတ်ပေါက်များရှိနေဖို့ လိုအပ်ပေသည်။

အခန်းကကျဉ်းနေပြီး တံခါးပေါက်ကများနေလျှင် "ယန်" ဓာတ် များနေလိမ့်မည်။ ထိုအခါ အခန်းတွင်နေသူများ၏ အိပ်စက် ခြင်းကို အနှောင့်အယှက်ဖြစ်စေပါမည်။ "ယန်"ရှိရာတွင် ဆူညံသံ များ၊ အေးစက်သောလေများရှိနေသဖြင့် ကျန်းမာရေးကိုပင် ထိခိုက်စေနိုင်ပေ၏။

ထို့ကြောင့် အိပ်စက်ရာခုတင်ကို "ယင်"ဓာတ် များများ ရှိရာနေရာမျိုးတွင်ထားရှိကာ အိပ်စက်သင့်သည်။ ပြတင်းပေါက် များ လိုအပ်သည်ထက်ပိုနေလျှင် လှုပ်ရှားမှုများကိုလျှော့ချရန် ပြတင်းပေါက်တစ်ခုခုကို သစ်သားယင်းလိပ် တပ်ဆင်ခြင်းဖြင့် "ယင်"နှင့်"ယန်"တို့ကို မျှတအောင် ဆောင်ရွက်နိုင်သည်။

မင်းသက်ဝင်



www.burmeseclassic.com



## စွမ်းအင်စခန်း ချက္ကရနှင့် လုပ်ဆောင်မှုများ




ချက္ကရဟူသည် "စခန်း"ဟူ၍ အဓိပ္ပာယ်ရသည်။ "စိတ်စွမ်းအင်စခန်း" ဟူ၍လည်း ခေါ်ဆိုနိုင်လေ၏။ စိတ်စွမ်းအင်စခန်း (ချက္ကရ) (၇)ခုရှိပါသည်။ အောက်ပါအတိုင်း ဖြစ်လေ၏။

### ၁) အမြစ်အခြေစခန်း (Root Chakra)

ချက္ကရ၏ အမြစ်အခြေစခန်းဖြစ်သည့် (Root Chakra) သည် ကျောရိုး၏ အောက်ခြေဘက်နား၊ မီးညှောင့်ရိုးတွင် တည်ရှိ၏။ မျိုးဆက်ဆင့်ပွားမှုအင်္ဂါများနှင့် ဆက်သွယ်နေသဖြင့် ဤစခန်းကို ဖန်တီးမှုစခန်းဟု ခေါ်ဆိုနိုင်သည်။

ဤစခန်းသည် အခြားသော အောက်ပိုင်းစခန်းနှစ်ခုနှင့် လက်တွဲ၍ ထထကြွကြွလုပ်ကိုင်နိုင်သော စွမ်းအင်ကို ပေးနိုင်သည်။ ဤစခန်းကို သံသကရိုက်ဘာသာဖြင့် "မူလ ဓာရချက္ကရ" (Muladhara Chakra)ဟု ခေါ်သည်။





### ၂) သရက်ရွက်စခန်း (Sacral Chakra)



သရက်ရွက်စခန်း ချက္ကရသည် ခန္ဓာကိုယ်တွင်းမှ သရက်ရွက်ရှိသည့်နေရာ၊ ကျောရိုးတစ်လျှောက် တည်ရှိနေလေ၏။ ထိုအပိုင်းသည် စွမ်းအင်ကို သန့်စင်အောင် လုပ်ပေးသည်။ နိမ့်သော တုန်ခါမှုရှိသည့် စွမ်းအင်ကို မြင့်သောတုန်ခါမှု ရှိသည့် စွမ်းအင်အဖြစ် ပြောင်းလဲပေးသော စခန်းဖြစ်သည်။

အောက်ပိုင်းစခန်း (၃)ခုအနက်မှ အလယ်စခန်းဖြစ်သည်နှင့်အညီ သူ၏လုပ်ငန်းမှာ အိမ်နီးချင်းစခန်း(၂)ခု၏လုပ်ငန်းများကိုထိန်း၍ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဤစခန်းကို သံသကရိုက်ဘာသာဖြင့် "ဆွာဓိရှိဌာန ချက္ကရ" (Swadhishatana Chakra)ဟု ခေါ်သည်။

### ၃) ဆိုလာပလက်ဆပ်စခန်း (Solar Chakra)

ဤစခန်းသည် ချက်တိုင်အနား "ဆိုလာပလက်ဆပ်"ဟု ခေါ်သည့် ကွန်ရက်ပုံ အာရုံကြော၊ အကြောယှက်တစ်ဝိုက်တွင် တည်ရှိသည်။ စိတ္တဗေဒပညာရှင်များက "စိတ်ရိုင်းများ ထကြွလွယ်သည့်စခန်း"ဟု အဆိုရှိသည်။


အမျက်သဘောဆောင်သည့် စိတ်ဇောများဖြစ်ကြသော ကြောက်ရွံ့မှု၊ မုန်းတီးမှု၊ ပူပန်မှု၊ တဏှာရာဂ၊ စိတ်ပျက်မှုတို့သည် ဤနေရာမှ ထွက်ပေါ်တတ်၏ ။ အခြားလူများတွင် ဖြစ်ပေါ်သော ခံနိုင်ပိုင်းခံစားမှု စိတ်ဇောများ၏လှိုင်းကို ဖမ်းယူရရှိလွယ်သော



www.burmeseclassic.com

www.burmeseclassic.com






စခန်းဖြစ်သည်ဟု ဆိုသည်။ သသ်ကရိုက်ဘာသာဖြင့် "မဏိပူရ ချက္ကရ"(Manipura Chakra) ဟု ခေါ်သည်။

## ၄) နှလုံးသားစခန်း (Heart Chakra)

ခန္ဓာကိုယ်အတွင်းမှ နှလုံးသားနေရာနားတွင် တည်ရှိသည်။ ဗဟိုချက်စခန်းဖြစ်သောကြောင့် အထက်တွင်ရှိသော စိတ်ဓာတ်ပိုင်းဆိုင်ရာစခန်းများနှင့် အောက်တွင်ရှိသော ရုပ်ပိုင်းဆိုင်ရာစခန်းများကို မဲတင်းညှိနှိုင်းပေးသော စခန်းဖြစ်လေ၏ ။

အပြုသဘောဆောင်သည့် ခံစားမှုစိတ်ဇောများ ဖြစ်ကြကုန်သော မေတ္တာ၊ ကရုဏာ၊ စိတ်စွဲလမ်းဝင်စားမှုတို့ကို ရုပ်လောက အလွှာတွင် အသုံးချနိုင်လောက်သည့် စွမ်းအင်များဖြစ်အောင် ပြောင်းလဲဖန်တီးပေးသော စခန်းလည်း ဖြစ်ပေသည်။

အနိမ့်ပိုင်းမှ ရုပ်ပိုင်းဆိုင်ရာတွန်းပို့မှု၊ အပူဓာတ်နှင့် အမြင့်ပိုင်းမှ အသိဉာဏ်ပိုင်းဆိုင်ရာ အအေးဓာတ်တို့အကြား မေတ္တာသည် ကောင်းမွန်လှသော ချိန်ခွင်လျှာဖြစ်ပေသည်။ သသ်ကရိုက်ဘာသာအားဖြင့် "အနာဟတ ချက္ကရ"(Anahata Chakra)ဟု ခေါ်သည်။





## ၅) လည်ချောင်းစခန်း (Throat Chakra)

ဤစခန်းသည် သိုင်းရှိုက်ဂလန်းဒေသတွင် ရှိသည်။ အမြင့်ပိုင်းစခန်းသုံးခုအနက် အောက်ဆုံးစခန်းဖြစ်ပြီး သူ၏မူရင်းဖြစ်သော အမြစ်ခြေစခန်းကဲ့သို့ပင် ဖန်တီးမှုနှင့် ဆက်သွယ်နေ၏ ။

သို့ရာတွင် သူ၏ဖန်တီးမှုအဆင့်မှာ အဆင့်မြင့် နက်နဲသော သဘောသဘာဝများ ဖြစ်ကြသည့် ပန်းချီ၊ စာပေ၊ ဂီတ၊ သိပ္ပံပညာသည်တို့ ပါဝင်လေ၏။ သသ်ကရိုက်ဘာသာအားဖြင့် "ဗိရှုဒ္ဓ ချက္ကရ" (Visuddha Chakra)ဟု ခေါ်သည်။



## ၆) မျက်မှောင်စခန်း (Third Eye Chakra)

ယင်းစခန်းသည် မျက်မှောင် အထက်နားရှိ ပစ်ကျူစ်ထရီ ဂလန်းဒေသတွင် တည်ရှိသည်။ သူ၏ မူရင်းသရက်ချက်စခန်းကဲ့သို့ပင် သူ၏အိမ်နီးချင်း စခန်းနှစ်ခုအကြား စွမ်းအင်စီးဆင်းမှုကို သန့်စင်ခြင်း၊ ထိန်းပေးခြင်းများကို ပြုလုပ်သည်။


ဤစခန်းကို ရှေးပညာရှင်ကြီးများက -

"ထွန်းလင်းတောက်ပသည့် ဝင်ပေါက်"ဟူ၍ ခေါ်ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ဤစခန်းသို့ တွန်းတင်ပေးနိုင်သောကြောင့် ဖြစ်ပါ၏။ သသ်ကရိုက်ဘာသာစကားဖြင့် "အာဂျ်ညာ ချက္ကရ"(Ajha Chakra)ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com






## ၇) ငယ်ထိပ်စခန်း (Crown Chakra)

ယင်းစခန်းသည် ပိုင်နီယယ်လ်ဘော်ဒီ (ဝါ) ပိုင်နီယယ်လ်ဂလန်းဒေသဖြစ်သော ငယ်ထိပ်အောက်ဘက်နားတွင် တည်ရှိသည်။ ထိုစခန်းကိုဖြတ်၍ စီးဆင်းထွက်ပေါ်လာသော စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ စွမ်းအားမှာ မယုံကြည်နိုင်လောက်အောင်ကိုပင် အံ့ဖွယ်ကောင်းလှပေသည်။ ယင်းအပိုင်းကို သသ်ကရိုက်ဘာသာအားဖြင့် "ဆာဟက်စ်ရာရာ ချက္ကရ" (Sahasrara Chakra)ဟုခေါ်သည်။


### * ထူးခြားအာရုံ တိုးတက်ကောင်းမွန်စေရန် *

ကျွန်ုပ်တို့၏ စိတ်စွမ်းအင်ပိုင်းဆိုင်ရာ လှုပ်ရှားလုပ်ကိုင်မှုကို တိုးမြှင့်တော့မည်ဆိုပါက အရေးကြီးဆုံးသည်ကား ချိန်ခွင်လျှာထိန်းထားနိုင်မှုပင် ဖြစ်သည်။

ကျွန်ုပ်တို့၏ ခန္ဓာကိုယ် အစိတ်အပိုင်း အားလုံးသည် စုပေါင်း၍ အလုပ်လုပ်နေကြသောအခါတွင်မှသာ အပြည့်ဝဆုံးအကျိုးကျေးဇူးကို ကျွန်ုပ်တို့ ခံစားနိုင်ရသည်ဖြစ်ပါ၏။








ရုပ်ခန္ဓာ၊ စိတ်ခန္ဓာတို့ ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်နိုင်မှသာလျှင် လူသားတစ်ယောက်၏စွမ်းရည် အပြည့်အဝဆုံး ပေါ်ထွက်နိုင်မည်ဟု ဆိုလိုရင်းဖြစ်ပေသည်။ ရုပ်ခန္ဓာမရှိလျှင် ကျွန်ုပ်တို့သည် ဤကမ္ဘာမြေပေါ်တွင် မည်သို့မှ ရပ်တည်နိုင်စွမ်း မရှိနိုင်။

ထို့ကြောင့် ကျွန်ုပ်တို့သည် မနုဿအဖြစ် တစ်ခုလုံးဖြစ်သော ရုပ်ခန္ဓာ၊ စိတ်ခန္ဓာတို့ကို ညှိ၍ နစ်ခုစလုံး တိုးတက်စေသည့် အစီအမံကို ဆောင်ရွက်လုပ်ကိုင်ကြရမည် ဖြစ်သည်။

ထို့ကြောင့် စိတ်စွမ်းအင်များ တိုးတက်လာဖို့အတွက်ဆိုလျှင် အောက်ပါလေ့ကျင့်ခန်းကို လေ့ကျင့်ကြည့်ရန် လိုသည်။ ယင်းသည် စိတ်စွမ်းအင်ဆိုင်ရာ ပထမဆုံးသော လေ့ကျင့်ခန်းဖြစ်ပြီး စိတ်စွမ်းအင်ဆိုင်ရာ လှုပ်ရှားလုပ်ကိုင်မှုကို မြဲ၍ ဟန်ချက်ညီညီ တိုးမြှင့်စေရန် စီစဉ်ထားသည့် လေ့ကျင့်ခန်းပင်ဖြစ်သည်။

"သင့်အား အနှောင့်အယှက်မပေးနိုင်သည့် နေရာတွင် သက်တောင့်သက်သာပင် ထိုင်ခြင်း၊ သို့တည်းမဟုတ် လဲလျောင်းခြင်းကို ပြုလုပ်ပါ။ ကိုယ်ခန္ဓာကိုယ်တစ်ခုလုံးက အကြောအခြင်များကို ခြေလျှော့ပစ်လိုက်ပါ။ စိတ်ကိုလည်း တတ်နိုင်သရွေ့ ငြိမ်သက်အောင် ထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com




ဤသို့ ပြုလိုက်ပြီးပြီဆိုပါလျှင် သင်၏ အမြစ်ခြေစခန်းဆီသို့ စိတ်အာရုံကို စုစည်း စူးစိုက်ထားလိုက်ပါ။ သင်၏ အသိတရားအားလုံးသည် ထိုတစ်နေရာတည်းတွင်ပင် စုရုံး ရောက်ရှိနေသလို တွေးတောလိုက်ပါ။

အတွေးအားလုံး၊ ခံစားမှု စိတ်ဓာတ်အားလုံး၊ အာရုံသိမှု အားလုံး ထိုနေရာတွင် စုပြုံ ရောက်ရှိနေပါစေ။ လေ့ကျင့်ခဲ ဖန် များလေသော် သင်၏ကျောရိုး အဆုံး အောက်ခြေနားတွင် ပူနွေးသော လှုပ်ရှားမှုလေးတွေကို သတိပြုမိလာပါလိမ့်မယ်။

ဤသို့သော စိတ်ပိုင်းဆိုင်ရာ တုံ့ပြန်မှုကလေးတွေကို ရပြီ ဆိုပါက ထိုစခန်းထဲတွင် မီးတောက်မီးလျှံလေးများသည် ရေဝဲ သဏ္ဍာန် ရစ်ဝဲလှည့်လည်ရာက တဖြည်းဖြည်း ပို၍ ပို၍ အရှိန်ပြင်း လာနေကြောင်းကို အာရုံပြုထားပါလေ။ ဤသည် စခန်းကို အားဖြည့် ပေးခြင်းဖြစ်ကြောင်း မှတ်ယူရပေလိမ့်မည်။


ထိုအဆင့်ကို ရောက်ပြီးသည့်အခါ ယင်းစွမ်းအင်ကို သင်၏ သရက်ရွက်စခန်းဆီသို့ ညွှန်း၍ ပို့ပေးပါ။ ရစ်ဝဲလည်ပတ်နေသော မီးလျှံကလေးအသွင်ဖြင့် တက်ရောက်လာရမှာ ဖြစ်သည်။

သင့်ရဲ့ "အာရုံသတိ"ဟူသမျှကို သရက်ရွက်စခန်းဆီသို့ ရွှေ့ပြောင်းပါ။ ထိုစခန်းတွင် မီးလျှံကလေးသည် ပို၍ ပို၍ လည်ပတ် နေသည်ကို တွေးတောပြီး အာရုံပြုပါ။ ဤစခန်းကို ဖြတ်သန်းထွက် ပေါ်လာသော တိုးမြှင့်လာသည့် စွမ်းအားစီးဆင်းမှုကို ခံစားကြည့်ပါ။

ထိုအဆင့်နောက်တွင် . . ဤစွမ်းအင်ကို ချက်တိုင်အနား "ဆိုလာပလက်ဆပ်စခန်း"ဆီသို့ ညွှန်းခေါ်သွားပြီး ယခင်နည်း







အတိုင်း ပြုလုပ်ပေးပါ။ မီးလျှံအားကို ကောင်းစေ၍ ရစ်ဝဲလည်ပတ် တက်လာပါစေ။

အဆင့်ဆင့်အားဖြင့် နှလုံးသားစခန်း၊ လည်ချောင်းစခန်း၊ မျက်မှောင်စခန်းများဆီသို့ အချိန်ကာလ အလျောက် ရောက်ရှိလာပြီး နောက်ဆုံးတွင် ငယ်ထိပ်စခန်းရောက်သည်အထိ လေ့ကျင့်ပေးပါ။

လေ့ကျင့်ခန်းကို တတ်နိုင်လျှင် နေ့စဉ်လုပ်ပေးပါ။ နေ့စဉ် မလုပ်နိုင်သည့်တိုင်အောင် တစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်လုပ်ပေးပါလေ။

သင်သည် လေ့ကျင့်ခန်းကို ဆက်လက်၍ ပြုလုပ်သည်နှင့် အမျှ သင့်တစ်ကိုယ်လုံးမှ စိတ်စွမ်းအင်များ စီးဆင်းမှုကို သင်သည် နှိုးဆွပေးလျက်ရှိသည်ကို သဘောပေါက်ပါ။

စိတ်စွမ်းအင်စခန်းများမှတဆင့် သင့်ဆီရောက်နေသော စွမ်းအင်များမှာ တကယ်တော့ စကြာဝဠာမှ လာနေခြင်းဖြစ်သည်။ ထို့ကြောင့် အကယ်၍ သင်၏ ခန္ဓာကိုယ် အစိတ်အပိုင်းအချို့ အလုပ်မလုပ်ဘူးဟုဆိုလျှင် ထိုစကြာဝဠာမှလာသော စွမ်းအင်များ၏ အကူအညီကို ရယူနိုင်ပါ၏။

စိတ်စွမ်းအင်စခန်းတစ်ခုတွင် အမြင့်ဆုံးတုန်ခါမှု ဖြစ်ပေါ်လာပြီဟုဆိုလျှင် ထိုစွမ်းအင်မှ ရောဂါပျောက်စေသည့် ကုသမှုစွမ်းအင်ကို ရောဂါရသော ကိုယ်ခန္ဓာအစိတ်အပိုင်းဆီသို့ ပို့လွှတ်ပြီး ကုသရသည်။

www.burmeseclassic.com

www.burmeseclassic.com




ကုသမှုပြီးစီးသော ကာလတွင်မှ စိတ်စွမ်းအင်ကို နောက်စခန်းတစ်ခုဆီသို့ ဆက်လက်တက်စေရပါမည်။ ဤသို့ သင်၏ခန္ဓာကိုယ်တွင် ကုသလိုသည့်အစိတ်အပိုင်းကို စိတ်စွမ်းအင်၏ တုန်ခါမှု (၇)မျိုး ကွဲပြားသောနှုန်းများဖြင့် ကုသရာရောက်လေရာ ထိုရောဂါသင့်အစိတ်အပိုင်းသည် မုချ တိုးတက်ကောင်းမွန်လာမည်သာ ဖြစ်ပေလိမ့်မည်။

"ကျန်းမာရေး"ဟူသည်မှာ ရုပ်ခန္ဓာဆိုင်ရာ ကိစ္စသက်သက်မဟုတ်ပါ။ စိတ်ပိုင်းဆိုင်ရာ၊ စိတ်အစွမ်းပိုင်းဆိုင်ရာတို့ကလည်း တန်ချက်ညီညီ ပူးပေါင်းပါဝင်လာမှ ကျန်းမာရေးကောင်းပါ၏။ ထို့ကြောင့် လေ့ကျင့်မည်ဆိုလျှင် စခန်း(၇)ခုစလုံးဆီသို့ စွမ်းအင်ရောက်ရှိအောင် ဆုံးခန်းတိုင်လေ့ကျင့်သင့်ပါကြောင်း။ ။





## လျှပ်စစ်ကဲ့သို့ စွမ်းအင်ဓာတ်လှိုင်း ကုဏ္ဍလိနီ




"ကုဏ္ဍလိနီ"ဟူသည် သင်္ကေတ အမှတ်အသားတစ်ခု ဖြစ်ပါတယ်။ သင်္ကေတပုံသဏ္ဍာန်သည်ကား မြွေတစ်ကောင် နစ်ပတ်ခွေ ခေါင်းထောင်နေသော သင်္ကေတပုံဖြစ်ပါတယ်။

အချို့သော ဂန္ထာရီဂိုဏ်းတို့ကလည်း ကုဏ္ဍလိနီကို ဖော်ပြသည်မှာ မြွေနစ်ကောင်ပတ်နေသော တောင်ဝှေးထိပ်တွင် တောင်ပံအား နစ်ဖက်တပ်ထားသော သင်္ကေတသဏ္ဍာန်အဖြစ် ဖော်ပြထားပါတယ်။


ရှေးဟောင်း တန္တတကျမ်းစာများအလိုအရ ကုဏ္ဍလိနီသည် ရုပ်ဝတ္ထုမဟုတ်ဘဲ လျှပ်စစ်ကဲ့သို့ လူ့ခန္ဓာကိုယ်အတွင်းရှိ စွမ်းအင်ဓာတ်တစ်မျိုးဖြစ်ပြီး စိတ်စွမ်းအင်၏အမြင့်ဆုံးသော စွမ်းအားများကို ရရှိစေနိုင်သော စွမ်းအင်သာဖြစ်ကြောင်း ဖော်ပြထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com






ယင်း ကုဏ္ဍလိနီသည် လူ၏ခန္ဓာကိုယ် မြီးညောင့်ရိုးထိပ်တွင် တည်ရှိသည်။ မြီးညောင့်ရိုးမှနေ၍ ကျောရိုးတစ်လျှောက်ရှိ နဒီလမ်းကြောင်းများအတိုင်း တက်သွားပြီးနောက် ဦးနှောက်တွင်းသို့ဝင်ရောက်ကာ ငယ်ထိပ်ရှိ စက်မှထွက်သွားသည်။


ဤသို့ ကုဏ္ဍလိနီစွမ်းအင် စီးထွက်သွားသော နဒီ ခေါ် လမ်းကြောင်းတစ်လျှောက်တွင် စက်(ချက္ကရ)ခေါ် နေရာများရှိကြသည်။ ၎င်းစက်မှာ စက်ကြီး(၇)စက်နှင့် စက်ငယ်များစွာ ရှိသည်။ စက်ကြီးတစ်ပေါက်နိုးကြား၍ ယင်းစက်သို့ ကုဏ္ဍလိနီစွမ်းအင်ရောက်ရှိသွားပါက ယင်းစက်နှင့် သက်ဆိုင်သော စွမ်းအင်များကို ရရှိသည်။

ဥပမာအားဖြင့် ဖော်ပြရလျှင် မြီးညောင့်ရိုးစက် ပွင့်သွားပါက စိတ်စွမ်းအင်များ စတင်နိုးကြားလာသည်။ အာဂျနစက် ခေါ် တတိယမျက်လုံးစက် ပွင့်သွားပါက အမြင်ပေါက်မည်။ နောက်ဆုံး ငယ်ထိပ် ဗြဟ္မကစိတ် စက်ပွင့်သွားပါက အဆုံးစွန်သောစိတ်စွမ်းအင်များ ရရှိသည်ဟု ဆိုထားပေသည်။

ကုဏ္ဍလိနီကို နှိုးရန်အတွက် ဟိန္ဒူဆာဒှူးများ၊ ဖကီးများနှင့်







တဏ္ဍယောဂီများသည် ခေတ်အဆက်ဆက်က ကြိုးစားခဲ့ကြသည်ဟူ၏။ နိုးသူရှိသလို၊ နိုး မနိုး မထင်ရှားသူများလည်း ရှိခဲ့ကြသည်။ သို့သော်ငြားလည်း ပရိသတ်အလယ်တွင် ထင်ရှားစွာ ပြသနိုင်ခဲ့ကြပေ။

နှစ်ဆယ်ရာစု နောက်ပိုင်းတွင်ကား သိပ္ပံပညာဖြင့် စမ်းသပ်ခံနိုင်သော ကုဏ္ဍလိနီနိုးကြားမှု ရှိလာလေ၏။ အိန္ဒိယပြည်က ဂိုပီ ကရစ္စနားဆိုသူသည် ဟိန္ဒူတို့၏ ထုံးတမ်းစဉ်လာအရ အားလပ်ချိန်များတွင် ရာဇယောဂ ကြာပွင့်ကသိုဏ်း ဘာဝနာကို (၁၇)နှစ် အားထုတ်လာခဲ့ရာ ကုဏ္ဍလိနီ စတင်နိုးလာခဲ့၏။

ကုဏ္ဍလိနီ နိုးကြားလာပုံကို ဂိုပီကရစ္စနားကိုယ်တိုင် ရေးခဲ့သော ကုဏ္ဍလိနီစာအုပ်တွင် ဖော်ပြထားသည်မှာ -

“ခန္ဓာကိုယ်မဲ့သလိုဖြစ်ပြီး စိတ်က အလွန်တည်ငြိမ်နေတယ်။ ရေတံခွန်က ရေစီးကျသံမျိုး ကြားလိုက်ရပြီး အရည်ပျော်နေတဲ့ မီးလျှံမာတ်ကြီးထဲ စိမ်နေရသလို သုခအေးငြိမ်းမှုကို ခံစားနေရသလိုပါပဲ”ဟူ၍ ဖြစ်သည်။

သိပ္ပံပညာထွန်းကားလှပါသော ဆိုဗီယက်၊ အမေရိကန်စသော တိုင်းနိုင်ငံကြီးတို့မှ ပရစိတ္တဗေဒပညာရှင်တွေက အိန္ဒိယပြည်သို့ သုတေသနပြုရန် လာရောက်ခဲ့ကြပါတယ်။ အထူးသဖြင့် ဂိုပီကရစ္စနားရဲ့ ကုဏ္ဍလိနီ နိုးကြားမှုတွေကို လေ့လာခဲ့ကြပါတယ်။


အိန္ဒိယပြည်အစိုးရရဲ့ အားပေးထောက်ခံမှုကို ရရှိခဲ့ကြတဲ့



www.burmeseclassic.com

www.burmeseclassic.com





အတွက်ကြောင့်လည်း ကုဏ္ဍလိနီ အင်စတီကျူကြီးကို တည်ထောင်ခဲ့ကြပြီး အိန္ဒိယ ပရစိတ္တပညာရှင်များအပါအဝင် ဆိုဗီယက်၊ အမေရိကန်နှင့် ကမ္ဘာ့ပရစိတ္တဗေဒပညာရှင်များသည် ဂိုပီကရစ္စနားကို တရစပ် သုတေသနပြု လေ့လာဆန်းစစ်ခဲ့ကြပါတယ်။

ဤသို့ သုတေသနပြုချက်တွေကို ကုဏ္ဍလိနီ မဂ္ဂဇင်းတစ်စောင်ထုတ်ဝေပြီး ကမ္ဘာသို့ ဖြန့်ချိခဲ့ကြပါတယ်။ သုတေသနအဖွဲ့သည် ဂိုပီကရစ္စနား၏ ခန္ဓာကိုယ်ပြောင်းလဲမှု၊ ကြံ့ခိုင်မှုနှင့် စိတ်စွမ်းရည်များကို နေ့စဉ် သိပ္ပံကိရိယာများဖြင့် တိုင်းထွာခြင်း၊ မှတ်သားခြင်း ပြုသည်။ တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့ကိုလည်း သုတေသနပြုသည်။

ခန္ဓာကိုယ်အနေဖြင့် နေ့စဉ် သွေးတိုးနှုန်း၊ နှလုံးခုန်နှုန်း၊ အသက်ရှူနှုန်း၊ ဦးနှောက်လှိုင်းများ ပြောင်းလဲမှု၊ လှုပ်ရှားမှုနှုန်း၊ အစာစားခြင်း၊ ရေသောက်ခြင်း၊ ကျင်ကြီး ကျင်ငယ် စွန့်မှုနှုန်းဟူ၍ ခန္ဓာကိုယ်၏ ဇီဝကမ္မလှုပ်ရှားပြောင်းလဲမှု ဟူသမျှတို့ကို မှတ်တမ်းပြုကြပါတယ်။

❖








* ကုဏ္ဍလိနီ စွမ်းအင် *

သုတေသနပြုချက်များအရ ဂိုပီကရစ္စနား၏ ခန္ဓာကိုယ် စွမ်းရည်သည် နှလုံးခုန်နှုန်း နှေးသွားခြင်း၊ အသက်ရှူနှုန်း နှေး သွားခြင်း၊ သွေးတိုးနှုန်းလျော့ခြင်း၊ အသက်ရှူနှုန်း လျော့သွားခြင်း ဖြစ်ကြောင်း သိရှိရသည် ဟူ၏။

ယင်းသို့ လျော့သွားခြင်းမှာ သာမန်လူသားများထက် ထူးခြားသော လက္ခဏာတစ်ရပ်ဖြစ်၍ ကောင်းသောလက္ခဏာ ဖြစ်သည်ဟု ယူဆကြသည်။ ခန္ဓာကိုယ် ကျန်းမာရေးနှင့် ကြံ့ခိုင်မှုမှာလည်း အလွန် တိုးတက်ကောင်းမွန်လာကြောင်း တွေ့ရှိရသည်။ စိတ်စွမ်းအင်အနေဖြင့် မှတ်ဉာဏ်များ အလွန်ထက်မြက်လာသောကြောင့် ဘာသာစကားအမျိုးမျိုး တတ်မြောက်လာသည်ဟူ၏။

ထို့ပြင် လေ့လာတွေ့ရှိချက်အရ စိန္တာမယဉာဏ်များလည်း ထူးကဲစွာ ရရှိလာပြီး ဦးနှောက်လျှပ်စစ်တိုင်းသော အီးအီးဂျီနှင့် စမ်းသပ်သောအခါ အဲလ်ဖာလှိုင်း၏ သမာဓိလှိုင်းအား အမြဲတမ်းရှိနေကြောင်း တွေ့ရသည်ဟု ဆိုသည်။

အချုပ်အားဖြင့်ဆိုပါက ကုဏ္ဍလိနီဟူသော စွမ်းအင်သည် လူခန္ဓာကိုယ်အတွင်း၌ ကိန်းအောင်းလျက်ရှိသည်။ ကုဏ္ဍလိနီ နိုးကြားလာပါက ကိုယ်စွမ်းရည်၊ ဉာဏ်စွမ်းရည်၊ စိတ်နယ်လွန် စွမ်းရည်များ တိုးတက်လာကြောင်း တွေ့ရှိရသည် ဟူ၏။



( ကုဏ္ဍလိနီ သင်္ကေတ )

www.burmeseclassic.com

www.burmeseclassic.com



# မိတ္တူဇတမွေ

ယကျဒေါ်

www.burmeseclassic.com

www.burmeseclassic.com



# (၁)



၁၉၅၂ ခုနှစ်။

"ချယ်ရီမြိုင်"ဆိုတဲ့ တောင်ပေါ် မြို့လေးမှာ "မမြစိန်"ဆို မသိတဲ့သူ မ ဘူး။ ကလေးကအစ ခွေးကအဆုံး ရ တိုင်း သိကြပါတယ်။ သိဆိုလည်း သူ က ရုပ်ကချော၊ ဥစ္စာကလည်း ပေ အသက်လေးဆယ် အရွယ် အပျိုကြီးမမကိုး။

အသက်လေးဆယ် ဆိုပေမယ့် သူမပုံစံက နှ ဆယ်ကျော် အရွယ်တွေ ကောင်းကောင်း ယှဉ်နိုင် တယ်။ နောက်ပြီး သူမ "မိန်းမတို့ဘုန်း ဆံထုံး"ဆို အတိုင်း ခြေသလုံးလော သူမဆံပင်အရှည်ကြီး လည်း အရမ်းတန်ဖိုးထာ တယ်။ သူမရဲ့မိဘတွေက ကော်ဖီခြံတွေ၊ စိုက်ပျိုးရေးခြံတွေ ပိုင် တယ်။

သူတို့သေတော့ တစ်ဦးတည်းသော ရစ်လှစွာသော သမီး လှရတနာလေး မမြစိန်ပဲ . . ဒါတွေအကုန် အမွေရလိုက်တာလေ။ ဒီမြို့မှာ မမြစိန်ကို ပိုးပန်းချင်တဲ့ ကာလသားတွေ၊ မုဆိုးဖို၊ တစ်ခုလပ် တွေရော အများကြီးမှ အများကြီး။

ဒါပေမယ့် "ရွာနားကမြက်၊ ရွာနွားမစား"ဆိုသလိုပေါ့။ ဒီ မြို့က လူတွေကို ကြင်ဖော်၊ ကြင်ဖက်မရွေးဘဲ ဒီမြို့လေးကို ရောက် လာတာ သိပ်မကြာသေးတဲ့ ပွဲစားယောင်ယောင်၊ ကုန်သည်ယောင် ယောင် (၂၅)နှစ်လောက်ကောင်လေး မောင်မြိုင်ကိုမှ မျက်စိကျပြီး ခင်ပွန်းလင်အဖြစ် ရွေးချယ်လိုက်တယ်။





မောင်မြိုင်က ရုပ်ကတော့ တော်တော်ချောပါတယ်။ ဒါပေမယ့် အလုပ်က လက်ကြောမတင်းဘဲ မိန်းမလုပ်စာ ထိုင်စားနေတယ်။ မမြစိန်တို့ကလည်း သူ့ထက် အသက်ပိုငယ်တဲ့ ယောက်ျား ငယ်ငယ်လေးရထားပြီး ဟိုက "မမ . . မမ"နဲ့ ညာတာ၊ ချူတာနေ တာကို ကျေနပ်နေလေရဲ့။

"မမရေ . . မောင့်ကို စိန်လက်စွပ်လေး လုပ်ပေးပါလား"

"မမရေ . . မောင့်ကို ဘန်ကောက်ပုဆိုးလေး ဝယ်ပေး ပါလား"

"မမရေ . . မောင်တော့ သူငယ်ချင်းတွေအိမ်မှာ ဖဲဝိုင်း ကောင်းနေလို့ သွားရိုက်မလို့ . . ပိုက်ဆံထုတ်ပေးပါဦး"နဲ့ ညာတာ နေတာကို မမြစိန်ကလည်း မငြိုမငြင်ကို မောင်မြိုင် လိုအင်တွေ ဖြည့်ဆည်းပေးနေတာ ဘေးလူတွေတောင် အမြင်ကတ်ယူရတယ်။

တချို့ကလည်း -

"မမြစိန်ရယ် . . နင့်ယောက်ျားကို အရမ်း အလိုမလိုက်နဲ့ တော်ကြာ . . ဟိုက နင့်ကိုထားသွားပြီး မယားငယ်ယူသွားရင် ခက် မယ်"ဆိုပြီး သတိပေးကြတယ်။

ဒါပေမယ့် မမြစိန်က နားမဝင်ရှာဘူး။ သူ့ယောက်ျား ဘာ လိုချင်ချင် ဖြည့်ဆည်းပေးမယ်ပေါ့။

"သူ့ကို အမြဲချစ်နေရင် ပြီးရော"ပေါ့တဲ့။

တစ်နေ့တော့ ချယ်ရီမြိုင်ကို အပ်ချုပ်သည် သားအမိ နှစ် ယောက် ပြောင်းလာတယ်။ သမီးလုပ်သူ မပိုးချောက အသက်က (၁၈၊ ၁၉)လောက်။ အပျိုလေးဆိုသော်လည်း အနေထိုင် မတတ်ဘူး။

မောင်မြိုင်နဲ့ဆို "တဟီးဟီး တဟားဟား"၊ ခေါင်းရိုက် ကိုယ် ရိုက်နဲ့။ တချို့ အမြင်မတော်သူတွေက မြစိန်ကို သတိပေးတယ်။ ဒါပေမယ့် မရဘူး။ မမြစိန်က သူ့ယောက်ျားကို မျက်စိစုံလုံး မှိတ် ယုံတာလေ။

တစ်နေ့တော့ ဈေးထဲက ဈေးသည်ဒေါ်တင်က ပြောလာ



www.burmeseclassic.com

www.burmeseclassic.com





တယ်။

"ဟိုနေ့က
နင့်ယောက်ျားကို
ပိုးချောနဲ့ လက်ချ
တွဲသွားတာ မြင်
တယ်"ဆိုတော့-
"မဟုတ်ပါဘူး ..
ရိုးရိုးသားသားပါရှင်"တဲ့
ပြန်တောင် ခံပြောလိုက်
သေးတယ်။ ဒါပေမယ့် သူမ

အဲဒီနေ့ -

"ကော်ဖီခြံဘက် သွားမယ်။ နောက်ကျမယ်"လို့ မောင်မြိုင်
ကိုပြောခဲ့ပေမယ့် အဲ့နေ့ကျမှ သူမခေါင်းထဲ မှုးနောက်နောက်ဖြစ်
လာလို့ စောစောအိမ်ကို ပြန်လာခဲ့တယ်ဆိုရင်ပဲ .. အိပ်ခန်းထဲမှာ
တွတ်တွတ် တွတ်တွတ် စကားပြောသံကြားတယ်။ ကြားရတာက
ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်အသံ။

မမြစိန် နည်းနည်းဟနေတဲ့ တံခါးပေါက်က ချောင်းကြည့်
လိုက်တော့ အမလေးလေး .. သူမ မျက်စိတောင် သူမ မယုံနိုင်
ဘူး။ မောင်မြိုင်နဲ့ မပိုးချောတို့ အိပ်ရာပေါ်မှာ စကားတွေ တွတ်ထိုး
အောင်ပြောပြီး တစ်ယောက်ကိုတစ်ယောက် ပွေ့လို့၊ ဖက်လို့ ..
အဝတ်အစားတွေကလည်း ကပိုကရိုနဲ့ .. ခွေးဖာတ်ခင်းနေကြ
တယ်ပေါ့လေ။

"အစ်ကို့မိန်းမကြီး ပြန်လာရင် ဒုက္ခ.."


"ဟာ .. ဒီမိန်းမက အခုချိန် ဘယ်ပြန်လာလိမ့်မလဲ။ သူ
ဖာသာ ကော်ဖီခင်းထဲ တမေ့တမော၊ မေ့မြောနေမှာပေါ့"

"အစ်ကိုနော် .. အစ်ကိုက ကျွန်မကိုရော ချစ်ရဲ့လား
အစ်ကို့မယားကြီးကို ပိုချစ်နေတာများ .."

"အမလေး .. အဲ့ကောင်မကြီးကို မချစ်ပေါင်။ သူ့ဆီက







ရှင်းခွင့်တောင်းပြီးတာနဲ့ ရသင့်ရထိုက်
ပဲ့ ရပိုင်ခွင့်တစ်ဝက် ရပြီးတာနဲ့ အစ်ကိုက
တာဒီက ပိုးချောလေးကို လက်ထပ်မှာ"

ကြားလိုက်ရတဲ့စကားတွေက
နိန့်နားထဲ သံရည်ပူ လောင်းချလိုက်
လိုပဲ။ ဟောမြင်ကွင်းကလည်း သူမ
ုံးသားကို ဓားထက်ထက်နဲ့ မွှန်းလိုက်
လိုပါပဲ။ အသားတွေ တဆတ်ဆတ်
ုန်နေပြီ။ မျက်ရည်ပူတွေကလည်း
တ်ဆစ်တွေလို၊ သူမပါးပြင်ပေါ်မှာ
သူမ ဘယ်လိုမှ ခံနိုင်ရည်မရှိတော့ဘူး။

((( သတ်မယ် .. ဒင်းတို့ကို
တ်မယ် )))

ချက်ချင်း အိမ်နောက်ဖေးက
သားခုတ်ဓားမကြီးကို ဆွဲယူလာပြီး အခန်းထဲ အတင်းပြေးဝင်
ာ်တယ်။ ရုတ်တရက် မမျှော်လင့်ဘဲရောက်ချလာတဲ့ မြစိန်ကို
တွေ့တော့ နှစ်ယောက်သား ကြောင်နေတယ်။

"သတ်မယ် .. သတ်မယ် .. လင်မိုးမနဲ့ ခွေးတိရစ္ဆာန်
ောင်.."

သူမက အရူးကြီးတစ်ယောက်လို၊ ဒါမှမဟုတ် မကောင်း
ဝါး ပူးနေသူတစ်ယောက်လို အော်ဟစ်ရင်း ဟိုနှစ်ယောက်ကို
းနဲ့ ပိုင်းချလိုက်တယ်။

"ဟင်! .. မမြစိန် .. မမြစိန်၊ မှားမယ် .. မှားမယ်နော်"

မောင်မြိုင်က အတင်းရုန်းကန်ရင်း ပါးစပ်ကလည်း အော်
စ်တယ်။ ဒါပေမယ့် ..။

"ရွက် .. ရွက်"ခနဲ မမြစိန်တစ်ယောက် မောင်မြိုင် ဗိုက်ကို
းနဲ့ ခွဲချလိုက်တယ်။ သွေးတွေက အဖြူရောင် အိပ်ရာခင်းပေါ်မှာ
မကောင်းဘူး။



www.burmeseclassic.com

www.burmeseclassic.com





"အား! . ."

မပိုးရောက ငယ်သံပါအောင် ကြောက်လန့်တကြား အော်တယ်။ ဒါပေမယ့် နောက်ကျခဲ့ပြီ။

သူမရဲ့ ဆံပင်ရှည်တွေကို မမြစိန်ကဆောင့်ဆွဲရင်း သူမရဲ့ လည်ပင်းကို ဓားမနဲ့ အားကုန် ခုတ်ချလိုက်တော့တယ်။ အော် ချိန်တောင်မရသေးခင် ကလေး နမခမျာ အသက်ဇီဝိန် ကြွေရှာ တယ်။

နောက်ခဏနေမှ မမြစိန် အသိတရားပြန်ဝင်လာတယ်။

သွေးတွေ . . သွေးတွေ။ တစ်ယောက်ကလည်း ခုတင်ပေါ် မှာ ဗိုက်ပွင့်သေနေတာ. . မြင်လို့မကောင်း။ နောက်တစ်ယောက် ကလည်း ခေါင်းကြီးပြတ်လို့ သေနေပြီ။

မမြစိန် အခုမှ ပါးစပ်ကို လက်ဖဝါးနဲ့အုပ်ပြီး အော်ဟစ်ငို လိုက်တယ်။ သွားပြီလေ . . လက်လွန်ကုန်ပြီ။

ဒါပေမယ့် ကောင်းတယ်။ ကျေနပ်တယ်။ သစ္စာဖောက် တွေသွားရာလမ်းက ဒါပဲ။

"ကောင်းတယ် . . ကောင်းတယ်"

မမြစိန် အရူးတစ်ယောက်လို တဟီးဟီး တဟားဟား ရယ်ချ လိုက်တယ်။ ဒါပေမယ့် အခု ဘယ်လိုလုပ်ရမလဲ။ ဟင့်အင်း . . သူမ အဖမ်းမခံနိုင်ဘူး။

ကြိုးစင်တက်ခံရမယ့် အတူတူ . . သူမ ဆုံးဖြတ်ချက်တစ်ခု ကို အသေအချာချလိုက်ရင်း သူမ လက်ထဲကဓားသွားဟာ သူမရဲ့ လည်တိုင်ကျောကျောကို သူမဘာသာ ဖြတ်ချလိုက်တော့တယ်။

အရာရာအားလုံး တိတ်ဆိတ်ငြိမ်သက်လို့ . . ။

❖





(၂)



၂၀၁၅ ခုနှစ်။

သူမ နာမည်က နှင်းဖြူချစ်ပါ။

သူမ အသက် (၂၀)ရှိပြီ။ ဒါပေမယ့် အခု တ်ထိ သူမ တက္ကသိုလ်ဝင်တန်း အောင်သေးဘူး။ တကယ်တော့ ခုတ ပညာရေးထူးချွန်သူ ပါ။

သူမ အသက်(၁၆) စ်အရွယ် ဆယ်တန်းနှစ် မိသားစုလိုက် ပျော်ပွဲစား တ်ကြရင်း သူမ မိဘ နှစ်ပါး သူမ မောင်လေးပါ သူမ က်စီရှေ့မှာ ကားအက်စီးဒင့်ဖြစ်လို့ ဆုံးပါးသွားတာ။

သူမတောင် ကံကောင်းလို့ သေကံမရောက်၊ သက်မပျောက် ။ အဲဒီအချိန်ကစလို့ သူမ ကျောင်းစာလည်း စိတ်မဝင်စားတော့ တငူငူ၊ တငိုင်ငိုင် ဖြစ်နေခဲ့တယ်။ သူမကို သူမရဲ့အဘွားနဲ့ အဒေါ် ကြီးတို့က ခေါ်ယူစောင့်ရှောက်ထားတယ်။

သူမအဘွားနဲ့ အဒေါ်က သူမကို ချစ်ကြတယ်။ ဒါပေမယ့် ညာရေးမှာ အခုလို အာရုံမစိုက်နိုင်တာကိုတော့ မလိုလားဘူး။ ဒါ ကြောင့် ရန်ကုန်မြို့က အိမ်နဲ့ခြံကိုတောင် ပစ်ထားပြီး ချယ်ရီမြိုင် တဲ့ ဒီတောင်ပေါ်မြို့လေးပေါ်မှာ ခြံနဲ့အိမ်လေးဝယ်ပြီး နှင်းဖြူ လေး စိတ်အပြောင်းအလဲဖြစ်အောင်ဆိုပြီး လာနေကြတာ။

ဒါကြောင့် ဆယ်တန်းကိုလည်း ပြန်ဖြေဖြစ်ပါစေတော့ ဆို ဒီမြို့က အကောင်းဆုံး "ဝိုင်း"ကျူရှင် စာသင်ဝိုင်းမှာ ထား.ထား ။

အဲဒီမှာ သူမက ကိုကိုနဲ့ စတွေ့တော့တာပဲ။ ကိုကိုဆိုတာ တော့ သူမတို့ကျူရှင်ရဲ့ ဇီဝဗေဒသင်တဲ့ ဆရာတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဆိုပေမယ့် အသက်အရွယ်အားဖြင့် အသက်အားဖြင့် (၃၃)နှ
လောက်သာရှိသေးတဲ့ ရုပ်ရှော့ပညာတတ်တစ်ယောက်။

ကိုကို့နာမည်က တိမ်ညိုလတ်။

သူ့ကို ကျောင်းသူ၊ကျောင်းသားတွေက ဆရာလို့ခေါ်
ပေမယ့် သူမကတော့ သူ့ကို အစ်ကိုလို့ပဲ ခေါ်မိတယ်။

အစ်ကို့ကို စတွေ့တဲ့နေ့က ကောင်းကင်ပြင်ကြီးက ပို
ကြည်လင် ပြာစင်နေခဲ့တယ်။ ငှက်ကလေးတွေရဲ့ တွန်ကျူးသံ
ပိုလို့ သာယာနေခဲ့တယ်။ သဘာဝအလှတွေ အကုန်လုံးက ပို
အသက်ဝင် လှပပြည့်စုံနေခဲ့တယ်။ သေဆုံးနေတဲ့ သူမဘဝ
လည်း ပြန်လည်အသက်ဝင် နိုးထခဲ့ရတယ်။

အစ်ကိုရဲ့အကြည့်တွေ . . အစ်ကိုရဲ့မျက်ဝန်းတွေကို သူ
ရင်မဆိုင်ရဲခဲ့ဘူး။ အစ်ကိုက သဘောရိုးနဲ့ ရိုးရိုးသားသား ကြ
ပေမယ့် အကြည့်ချင်းဆုံတိုင်း သူမမှာ ရင်ခုန်ခဲ့ရတယ်။

သေချာတယ် . . အစ်ကိုဟာ သူမဘဝရဲ့ ကယ်တင်ရှင်ပါ
ဒါပေမယ့် အစ်ကိုက သူမ ချစ်နေတာကိုတောင် မသိပါဘူး
တစ်နေ့တော့ပေါ့လေ. .။

ချယ်ရီမြိုင်ကို မပုလဲနှစ်ဆိုတဲ့ အမျိုးသမီးတစ်ယော
ရောက်လာခဲ့တယ်။ သူက အစ်ကို့ ချစ်သူတဲ့ . .။ အစ်ကိုနဲ့ မကြာ
လက်ထပ်တော့မှာတဲ့။ သူမ ခေါင်းတစ်ခုလုံး ချာချာလည်ခဲ့ရတယ်

မပုလဲနှစ် ကံကောင်းပါတယ်။ အရမ်းကံကောင်းပါတယ်
သူမအချစ်တွေကို သူမတစ်သက်လုံး မြှုပ်သိပ်ထားရတော့မယ် . .

❖

ဒီနေ့တော့ သူမ စက်ဘီးလေးစီးပြီး စိတ်ပြေလက်ပျော
မြို့ပြင်က သချိုင်းကို လာခဲ့တယ်။ သုသာန်ဆိုလို့ တကယ့်
ကြောက်စရာ၊ လန့်စရာ၊ မနှစ်မြို့စရာတစ်ခုလို့ လူတွေ
သတ်မှတ်ချင် သတ်မှတ်ကြမယ်။

ဒါပေမယ့် ချယ်ရီမြိုင်သုသာန်ကတော့ တကယ့်ကို လှ





တောင်ကုန်းလေးပေါ်မှာ
တယ်။ ရှုခင်းလည်း ကောင်း
တယ်။ တောင်ပေါ်မြို့လေး
လည်း အပေါ်စီးက စီးမြင်
ရတယ်။

တောပန်းတွေက
ည်း စိုက်ပျိုးသူမဲ့ အလေ့ကျ
လှပပ ပေါက်ရောက်နေ
တယ်။ နှင်းဖြူချစ် စိတ်ညစ်
ိုင်း။ စိတ်ဖိစီးမှုတွေ များလာ
တိုင်း သူမ ဒီနေရာလေးမှာ
စ်ယောက်တည်း လာထိုင်
တ်တယ်။ ဒိုင်ယာရီ လာရေးတတ်တယ်။

အခုလည်း စိတ်တွေမွန်းကြပ်နေလို့ သူမ ဒီသုသာန်ထဲမှာ
စ်နေ့လုံးထိုင်ပြီး သစ်ပင်ကြီးတစ်ပင်ကိုမှီရင်း စာရေးနေတာ နေ
ာင်စောင်းတော့မယ်။ ဒါနဲ့ သူမလည်း ထိုင်နေရာက ထလိုက်
တယ်။

ဒိုင်ယာရီလေးကို အိတ်ထဲပြန်ထည့်ပြီး စက်ဘီးလေးကို
န်းလာရင်း တစ်နေရာရောက်တော့ သူမ ခလုတ်တိုက်ပြီး လဲ
ိုဖြစ်သွားလို့ ဟန်ချက် မနည်းပြန်ထိန်းလိုက်ရတယ်။ နောက်
သတိပြုမိတာက တလက်လက်နဲ့ အရာဝတ္ထုတစ်ခု . .။

ဘာလေးပါလိမ့် . .။

သူမ ကောက်ယူကြည့်လိုက်တော့ သစ်ကိုင်းခြောက် တစ်ခု
ကျကျနနစွပ်နေတဲ့ လက်စွပ်လေးတစ်ကွင်းရယ် . .။

အရမ်းလှပါလား . . သူမ မနည်း သစ်ကိုင်းခြောက်ကနေ
ထုတ်လိုက်ရတယ်။ သူမ ပြုံးလိုက်မိတယ်။ ချစ်စရာလေး . .။
လိုက်တဲ့ လက်စွပ်လေး။

ဘယ်သူ့ဟာလေးလဲ။ သချိုင်းကုန်းမှာ ဘယ်သူက ပစ်ချ

www.burmeseclassic.com

www.burmeseclassic.com





သွားတာလဲ။ သူမ လက်သူ ကြွယ်မှာ စွပ်ကြည့်လိုက်တော့ အတော်ပါပဲလား။ မသိရင် တိုင်းလုပ်ထားသလို ကွက်တိ။

သူမ ပြန်ချွတ်ဖို့ကြိုး စားပေမယ့် လက်စွပ်က သူမ လက်မှာ တိတိကျကျ ဖြစ်နေ တယ်။ ချွတ်လို့ မလွယ်တော့ ဘူး။ နေလည်း စောင်းတော့ မယ်။ မထူးတော့ဘူးဆိုပြီး သူမ ဝတ်လာခဲ့လိုက်တယ်။

တကယ်တော့ ဒီ လက်စွပ်လေးဟာ လူသေ ကောင်ရဲ့ လက်စွပ်တစ်ကွင်း ဆိုတာ နင်းဖြူချစ် မသိခဲ့ပါလား။ ဒါဟာ သစ်ကိုင်းခြောက်တစ်ခု မဟုတ်ဘဲ အရိုးကျနေတဲ့ အရိုးလက်ခြောက်တစ်ခုဆိုတာရော သူမ မသိလိုက်ဘူးလေ။

သူမ သချိုင်းအပြင်ရောက်တော့ စက်ဘီးလေးကို နင်း လာခဲ့တယ်။ မှောင်တောင် မှောင်တော့မယ်။ ဆောင်းဝင်ခါစ တောင် ပေါ်မြို့လေးရဲ့ အအေးဒဏ်ကလည်း တစတစပိုသည်းလာသလို။

ထိုစဉ် ကားတစ်စီး သူမရှေ့က ဖြတ်သွားတယ်။ ကားပေါ် မှာ "ကိုတိမ်ညိုလတ် နဲ့ မပုလဲနှစ်"တို့ ချစ်သူနှစ်ယောက် ရယ်မော ပျော်ရွှင်ကြလို့ . . သူမ တဒင်္ဂမှင်သက်သွားတယ်။ ရင်ထဲမှာလည်း ဝမ်းနည်းမှုတွေ လှိုက်တက်လာတယ်။

ဒါပေမယ့် မျက်ဝန်းမှာ ရစ်ဝဲတက်လာတဲ့ မျက်ရည်တွေကို အမြန်သိမ်းဆည်းရင်း စက်ဘီးဆက်နင်းလာရာက ရုတ်တရက် လမ်းကြားတစ်ခုက ဟွန်းသံမပေးဘဲ စွတ်ထွက်လာတဲ့ ကားတစ်စီး နဲ့ တိုက်မိမလိုဖြစ်သွားရင်း –





"ဝုန်း! . ."

"ဒုန်း! . ."

သူမ အလျင်အမြန် ရှောင်လိုက်ပေမယ့် မရတော့ဘူး။ တိုက်မိသွားပြီ။ သူမ သတိရလာတော့ ဆေးရုံပေါ်မှာ။ ဒီမြို့မှာ အထူးကုဆေးရုံဆိုလို့လည်း ဒီတစ်ခုပဲရှိတာပါ။ နီးနီးချင်း သူမ ခေါင်းတွေမှာလည်း ပတ်တီးတွေ အဖွေးသားနဲ့။ ခေါင်းထဲလည်း နိမ့်ဝေဝေနဲ့။ ဖွားဖွားက –

"အိပ်လိုက်နော် . . သမီးလေး၊ ဒဏ်ရာသက်သာအောင် ဆေးတွေ ထိုးထားပေးတယ်။ နောက်ပြီး ဒဏ်ရာက စိုးရိမ်စရာ မရှိ တော့ဘူးတဲ့ . ."

ဒါနဲ့ သူမလည်း စိတ်အေးအေးထားပြီး ပြန်မှေးနေလိုက် တယ်။

"ကျွီ . . ကျွီ . . ကျွီ"

ရုတ်တရက် ကြားလိုက်ရတဲ့အသံကြောင့် သူမ မျက်လုံး တွေ ပုတ်ခတ်၊ ပုတ်ခတ် ပွင့်လာရတယ်။ လှမ်းကြည့်လိုက်တော့ တစ်ခန်းလုံး မှောင်မည်းနေတယ်။

ဒါပေမယ့် အပြင်က လရောင်နဲ့မြင်နေရတာက လှုပ် ကုလားထိုင်တစ်လုံး အခန်းထဲမှာရှိနေတယ်။ အဲ့အပေါ်မှာ လူ တစ်ယောက် . .။ ပြတင်းပေါက်ဘက် မျက်နှာပေးထားပြီး သူမဘက် ကိုတော့ ကျောပေးထိုင်နေတယ်။

ဒါကြောင့် သူမ . . မျက်နှာကို အသေအချာ မမြင်ရဘူး။ သေချာတာကတော့ အဲ့လူက ဆံပင်ရှည်ကြီးကို ဖားလျားဖြန့်ချ ထားပြီး အမျိုးသမီးဖြစ်ပုံရတယ်။ ဒါကြောင့် –

"ဘယ် . . ဘယ်သူလဲ။ ဖွားဖွားလား . . တီတီလား၊ ဘယ်သူ လဲ . . ဆရာမလား"

သူမ အသံကို ခပ်အုပ်အုပ်မေးမိတယ်။ ဒါပေမယ့် ထို တစ်စုံတစ်ယောက်က တဖြည်းဖြည်း . . လှည့်လာ . . လှည့်လာ နေရင်း –

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဖျတ်ခနဲ .. အခန်းတစ်ခုလုံး လင်းသွားတယ်။ သူမ အဒေါ် တီတီကြည် မီးဖွင့်လိုက်တာကိုး။

သူမ အသေအချာကြည့်တော့ ခုနက လှုပ်ကုလားထိုင်ပေါ်မှာ ဘယ်သူမှလည်း ရှိမနေပါလား။ ခုနက .. ခုနက တစ်ယောက်ယောက် တကယ်ကို ထိုင်နေတာပါ။

သူမ မျက်စိမှားတာလား။ မဖြစ်နိုင်ဘူး။ တကယ့်ကို ဆံပင်ရှည်ကြီးနဲ့ကို သူမကို ကျောပေးထိုင်နေတာ၊ လရောင်အောက်မှာ ထင်းနေတာပဲ။

"သမီးလေး နိုးနေတာလား။ သက်သာရဲ့လား သမီး"

တီတီကြည်က ဂရုတစိုက် သူမ မျက်နှာလေးကို ပြုံးကြည့်ရင်း မေးလာတယ်။

"တီတီ .. ခုနက ခုံပေါ်မှာ ဘယ်သူထိုင်နေတာလဲ"

"မထိုင်ပါဘူး။ ဘယ်သူမှ မရှိပါဘူး သမီးလေးရဲ့ .. တီတီပဲရှိတာပါ။ ဆရာမတွေလည်း Nurse ကောင်တာမှာပဲ ရှိနေကြတယ်။ လိုအပ်ရင် ခေါ်ပါတဲ့ .. ဖွားဖွားလည်း အိမ်ပြန်အိပ်တယ်။ ဘာလို့လဲ"

တီတီကြည့်စကားကို သူမ ဘာပြန်ဖြေရမှန်းတောင် မသိနိုင်အောင် ဆွံ့အနေတယ်။ ဒါဆို ခုနက သူမ အိပ်မက်များ မက်နေခဲ့တာလား"

❖


## (၃)

နှင်းဖြူချစ် ဒီနေ့ ဆေးရုံက ဆင်းရပြီလေ။ အိမ်ရောက်တော့ သူမမွေးထားတဲ့ သူမအချစ်တော် အမွေးစုတ်ဖွား ခွေးဖြူလေး ဘော်ဘီက သူမကို စိမ်းစိမ်းကားကားကြည့်ပြီး ထိုးဟောင်နေလို့ သူမမှာ မနည်းချော့မော့လိုက်ရသေးတယ်။

ညရောက်တော့ ညစာတောင် ကောင်းကောင်း မစားနိုင်ဘူး။ ခေါင်းထဲက မူးနေသလို လေးလံနေတာကြောင့် ဘာမှ သိပ် စားချင်







စိတ်မရှိဘူးဖြစ်နေတယ်။ ဒါကြောင့် စောစောပဲ သူမ အိပ်ရာဝင်ခဲ့တော့တယ်။

ခွေးလေးဘော်ဘီက မအိပ်သေးဘဲ အခန်းထဲ ဟိုပြေး၊ ဒီပြေးနဲ့ အူလိုက်၊ တစ်နေရာကိုကြည့်ပြီး ထိုးအူလိုက်နဲ့။ ကြာလာတော့ သူမ ခေါင်းတွေ မူးလာတယ်။ ခွေးလေးကို အခန်းပြင်ထုတ်ပြီး ပြန်အိပ်ရာထဲဝင်ခဲ့တယ်။

သူမ ခုတင်ပေါ်မတက်ခင် ဘာရယ်ကြောင့်မဟုတ်။ ပြတင်းပေါက်ကနေ အပြင်ကို တစ်ချက်လှမ်းကြည့်မိတယ်။

"ဟင်! .." လရောင်အောက်မှာ အရိပ်တစ်ခု။

လှုပ်လီလှုပ်လဲ့နဲ့ လမ်းမအတိုင်း လျှောက်လာနေတယ်။ ယင်းအရိပ်က သူမတို့အိမ်ရှေ့ရောက်တော့ ခဏရပ်လိုက်ပြီး သူမ အခန်း ပြတင်းပေါက်ဆီကို ဖျတ်ခနဲ မော့ကြည့်လာတယ်။ သူမ ကျောချိုးတစ်လျှောက် စိမ့်ခနဲကျင်တက်သွားတယ်။

သူမ လအလင်းရောင်အောက်မှာ သေသေချာချာ ထင်ထင်ရှားရှားတွေ့လိုက်ရတာက မိန်းမတစ်ယောက် .. ဆံပင်ရှည်ကြီးကို ဖားလျားချလို့။ အဲ့ဒီမိန်းမရဲ့အဝတ်အစားတွေက သွေးတွေ စွန်းထနေလို့ တကယ်ကို ကြောက်စရာလန့်စရာ။ ထိုမိန်းမက သူမကို ပြုံးပြီး စိုက်ကြည့်နေတယ်။ ပြီးတော့ လက်ယက်ခေါ်တယ်။

"ဟင့်အင်း .. ဟင့်အင်း .. မလာဘူး"

နှင်းဖြူချစ် သူမမျက်စိကိုမှိတ်ပြီး ခေါင်းတွေကို ခါရမ်းလိုက်တယ်။ သူမ ခေါင်းဒဏ်ရာက တဆစ်ဆစ် ကိုက်နေသေး။ သူမ မျက်လုံးတွေပြန်ဖွင့်ကြည့်လိုက်တော့ အိမ်ရှေ့မှာ ခုနက မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး။

သူမ မျက်စိမှားခဲ့တာ မဟုတ်သလို၊ အိပ်မက် မဟုတ်တာ လည်း သေချာတယ်။ သူမမှ မအိပ်ရသေးတာ။ သူမ စိတ်ရှုပ်စွာ ဆံပင်တွေကိုကုတ်ဖွရင်း နောက်ကို ရုတ်တရက် ပြန်အလှည့်မှာ အခုနက မိန်းမဟာ အခု သူမအခန်းထဲရောက်ပြီး သူမနောက်မှာ ရပ်နေတာကို တွေ့လိုက်ရတာ ဘွင်းခနဲပဲ။

အဲ့မိန်းမမျက်နှာက ဖြူဖတ်ဖြူလျော်နဲ့။ သူမရဲ့ရှေးကျကျ စုတ်ပြတ်နေတဲ့ အဝတ်စားတွေပေါ်မှာလည်း သွေးတွေစွန်းပေ နေတယ်။

"အား! . ."

"ရှူး . . မအော်နဲ့"

ထိုမိန်းမက ခြောက်ကပ်အက်ကွဲသံကြီးနဲ့ ပြောလာတယ်။

"ရှင် . . ရှင်က ဘယ်သူလဲ၊ ဘာလို့ ကျွန်မ အခန်းထဲ ရောက်နေရတာလဲ"

"ငါ့နာမည် မမြစိန်၊ နင် ငါ့လက်စွပ်ကို ယူထားတယ်"

"ဟင်! . ."

နင်းဖြူချစ် သူမလက်ကို ဇဝေဇဝါပြန်ကြည့်မိတော့ သူမ လက်မှာ သချိုင်းကကောက်ရလာတဲ့ လက်စွပ်မောင်းကွင်းလေး ကို စွပ်မိထားဆဲပဲ။ ဘယ်လို ပြန်ချွတ်ချွတ် မရတော့ဘူး။ အရမ်းကျ ကျပ်နေတယ်"

"မချွတ်နဲ့ . . နင်နဲ့ထိုက်လို့ နင်ရတာပဲ၊ ဝတ်ထားပါ"

"ရှင် . . ရှင်က ဘာလို့ ဒီကိုရောက်နေရတာလဲ၊ ဘာလိုချင် လို့လဲ"

"မဟုတ်ဘူး . . ငါ နင့်ဆီက လိုချင်လို့ လာတာမဟုတ်ဘူး နင်လိုချင်တာ နင်ဖြစ်ချင်တာ ဖြည့်ဆည်းပေးဖို့ ငါလာခဲ့တာ"

မမြစိန်စကားကြောင့် သူမ ခဏတွေဝေသွားတယ်။ မမြစိန် ဘာကိုဆိုလိုချင်မှန်း သူမ ကောင်းကောင်း နားမလည်ဘူး။

"နင် တိမ်ညိုလွင်ကို ချစ်နေတယ်မဟုတ်လား။ နင် သူ့







အချစ်ကို မပိုင်ဆိုင်ချင် ဘူးလား"

"ဒါပေမယ့် . ."

"သူ့မှာ ချစ်သူရှိ နေတယ်လို့ ပြောမလို့ မဟုတ်လား။ ချစ်သူ ရှိ နေလည်း အဲ့ . . ပုလဲနှစ် ချိတဲ့မိန်းမကို ဘာမှ အရေးစိုက်နေစရာ မလို ဘူး။ နင်တကယ်သာ တိမ်ညိုလွင်ကို ချစ် တယ်ဆိုရင် နင် သူ့ကို ပိုင်ဆိုင်စေရမယ်။ ငါတာဝန်ယူတယ်"

နင်းဖြူချစ် တစ်ခုခုကို လေးလေးနက်နက်တွေးနေရင်း ခေါင်းတစ်ချက်ညိတ်လိုက်မိပါတော့တယ်။

နောက်တစ်နေ့ သူမ အတန်းပြန်တက်ပြီလေ။ သူငယ်ချင်း တွေက သူမကို သတင်းပိုင်းမေးကြ၊ ဘာကြနဲ့။ သူမကလည်း စိတ် ပေါ့တာပါ ပြန်ဖြေနေရတယ်။ သူမ အခုချိန် ကိုလတ်နဲ့ပဲ တွေ့ချင် နေတယ်။

တိမ်ညိုလွင် အတန်းထဲကိုဝင်လာတော့ -

"မင်္ဂလာပါ ဆရာ"လို့ တညီတညွတ်တည်း နှုတ်ဆက်လိုက် ကြတယ်။

အတန်းပြီးတော့ ကျောင်းသားတွေအကုန် အခန်းအပြင် ထွက်သွားကြပြီ။ ကိုလတ်က စားပွဲပေါ်က စာအုပ်တွေကို ပြန်လည် သိမ်းဆည်းနေရင်း -

"အစ်ကို"

"သြော် . . သမီး နင်းဖြူချစ် နေပြန်ကောင်းသွားပြီလား။ ဆရာတောင် သမီး သတင်းကြားတော့ စိတ်ပူနေတာ။ သမီး ဆေးရုံ တက်တုန်းကလည်း လာကြည့်မလို့ပဲ၊ ဒါပေမယ့် . ."

www.burmeseclassic.com

www.burmeseclassic.com



"မပုလဲအမေ . . မြို့မှာဆေးရုံတင်ထားရလို့ အစ်ကိုလိုက်သွားရတာ သမီးသိပါတယ်"

တိမ်ညိုလတ် ခေါင်းညိတ်လိုက်တယ်။ ဒီမြို့လေးက ကျဉ်းကျဉ်းလေးပဲလေ။ တစ်ယောက်အကြောင်း တစ်ယောက် အပ်ကျတာကအစ သိကြတာလည်း မဆန်းပါဘူး။ ပြီးတော့ တစ်ဆင့်စကား တစ်ဆင့်ကြားနိုင်တာပဲလေ။

"အစ်ကို . . သမီးကို ဒီစာပိုဒ်လေးတွေ ရှင်းပြပါလား"

တိမ်ညိုလတ် စိတ်ရှည်လက်ရှည် သူမမေးသမျှ စာပိုဒ်တွေကို တစ်ခုပြီးတစ်ခု ရှင်းပြနေမိတယ်။ အချိန်တွေ တော်တော်ကုန်မှန်းမသိ၊ ကုန်လာတော့မှ စာရှင်းပြတဲ့ကိစ္စပြီးတော့တယ်။

စာရှင်းပြီးတော့ အချိန်က ညနေ(၆)နာရီခွဲနေပြီ။

အဲဒီတော့ သူမက တစ်ခုခုစားကြရအောင်လို့ စကားစလိုက်တယ်။ သင်တန်းက ကန်ကင်းကလည်း ပိတ်သွားပြီမို့ အပြင်မှာပဲ တစ်ခုခု တူတူစားဖို့ ဆုံးဖြတ်လိုက်ကြတယ်။

စားသောက်ဆိုင်တစ်ခုမှာ အတူတူ စားကြသောက်ကြပြီး နင်းဖြူချစ်ကို အိမ်ပြန်ပို့ပေးမယ်ပေါ့. .။ တိမ်ညိုလတ်ဆီမှာ ကားပါလာတယ်လေ။ သူမကသာ စီးနေကြစက်ဘီးလေးကို မယူလာခဲ့တာ။

"အစ်ကို . . သမီးကို မြို့ပြင်တစ်ထပ်တိုက်လေးဆီ လိုက်ပို့ပေးပါလား"

"ဟင်! . . သမီးက အိမ်မပြန်ဘူးလား။ ဘာလုပ်မလို့လဲ။ အဲ့အိမ်က လူမနေတာကြာပြီမဟုတ်လား၊ ပြီးတော့ . ."

"ပြီးတော့ . . သရဲခြောက်တယ်လို့ နာမည်ကြီးတယ်လို့ ပြောမလို့မဟုတ်လား၊ ဟီး . . ဟီး . . အစ်ကိုက အဲဒါတွေ အယုံအကြည်ရှိတယ်လား"

နင်းဖြူချစ်အသံက ရယ်သလို မောသလိုနဲ့၊ ရိသဲ့သဲ့ဖြစ်နေတာကြောင့် တိမ်ညိုလတ်လည်း မခံချင်စိတ်နဲ့-

"မယုံပါဘူး နင်းဖြူရယ် . . ဘာလို့ ယုံရမှာလဲ"





**နင်းဖြူချစ်က အခုနကလို ခေတ်မီတဲ့ အဝတ်အစားတွေနဲ့ မဟုတ်တော့ဘဲ တော်တော်ရှေးဆန်တဲ့ အဝတ်အစားတွေကို ဝတ်ဆင်ထားတယ်။ ပြီးတော့ သူမရဲ့ ရှည်လျားတဲ့ ဆံနွယ်တွေကို ဖားလျားချထားတယ်။**

---

"ဒါဆို လိုက်ပို့ပေးလေ"

"သမီးက အဲ့အိမ်မှာ ဘာလုပ်စရာရှိလို့လဲ"

"အဲ့အိမ်လေးက အစွန့်ပစ်ခံထားရတာ ကြာပြီဆိုတော့ အပြင်ကကြည့်ရင် တော်တော် ဟောင်းနွမ်းနေသလို ထင်ရပေမယ့် အထဲမှာ အကောင်းကြီးရှိနေသေးတယ်။ အစ်ကိုရောက်တော့ သိမှာပေါ့"

သူမစကားက နည်းနည်းတော့ ရှုးကြောင်ကြောင် ဆန်နေသယ့် တိမ်ညိုလတ် ဘာရယ်ကြောင့် မသိ။ သူမပြောတဲ့အတိုင်း မြို့ပြင်က တစ်ထပ်တိုက်လေးဆီ မောင်းလာခဲ့လိုက်တယ်။

ခြံရှေ့ရောက်တော့ ကားကိုစက်သတ်လိုက်ရင်း သူမက ကားတံခါးကိုဖွင့်လို့ ခြံတံခါးကို တွန်းဖွင့်ဝင်သွားတယ်။

ဘာသော့မှလည်း ခတ်မထားဘူး။ နည်းနည်းတော့ ထူးဆန်းနေတယ်။ သူမက သူ့ကို အတင်းလက်ယက်ခေါ်နေပြန်တယ်။ ဒီကလေးမလေး ဘာလုပ်တာမှန်းမသိ။ သူလည်း ခြံထဲကို ဝင်လာမိခဲ့တယ်ဆိုရင်ပဲ . .။

"ခွပ်"

သူ့ရဲ့ခေါင်းကို တစ်စုံတစ်ယောက်က မာကျောတဲ့အရာတစ်ခုနဲ့ အားနဲ့ လွှဲရိုက်ချလိုက်တယ်။ အလစ်ရိုက်ခံလိုက်ရလို့ သူ့မျက်လုံးထဲ ပြာခနဲတစ်ချက်သာ မှုးမိုက်ခနဲဖြစ်ပြီး လဲကျသွားတော့တယ်။

သူ သတိပြန်ရလာတော့ . . သူ့ကို ကုလားထိုင်တစ်လုံးမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးတွေနဲ့ စည်းထားတာတွေ့ရတယ်။ နောက် နင်းဖြူချစ်က သူ့ကို လက်ပိုက်ပြီးကြည့်နေတာကို ဝေဝေဝါးဝါး မီးရောင်အောက်မှာ တွေ့လိုက်ရတယ်။

နင်းဖြူချစ်က အခုနကလို ခေတ်မီတဲ့ အဝတ်စားတွေနဲ့ မဟုတ်တော့ဘဲ တော်တော်ရှေးဆန်တဲ့ အဝတ်စားတွေကို ဝတ်ဆင်ထားတယ်။ ပြီးတော့ သူမရဲ့ ရှည်လျားတဲ့ဆံနွယ်တွေကို ဖားလျားချထားတယ်။ သူမရဲ့မျက်လုံးတွေက အရူးတစ်ယောက်လို သွက်သွက်လည်နေတယ်။

"အစ်ကို .. အစ်ကို .. အစ်ကို့ကို ကျွန်မ သိပ်ချစ်တာပဲ။ ချစ်လွန်းလို့ ဖြစ်နိုင်ရင် အစ်ကို့ရင်ထဲ နှလုံးသားတွေ၊ အသည်းတွေပါ ထုတ်ယူသိမ်းထားချင်တယ်။ သိပ်ချစ်လွန်းလို့ပါ ဟီး .. ဟီး"

"ဟင်! .. မင်း .. မင်း ဘာဖြစ်နေတာလဲ၊ မင်း ငါ့ကို ကြိုးတွေနဲ့ တုတ်ထားတာလား"

"ဟုတ်တယ်လေ .. အစ်ကို့ကို ချစ်လွန်းလို့ ပုလဲနှစ်ဆိုတဲ့ မိန်းမနောက် အပါမခံနိုင်လို့ .."

"ဟာ! .. နင်းဖြူရယ် .. မင်း .. မင်း ရူးနေလားကွာ .. ဟင်"

"ဟုတ်တယ် ကျွန်မ ရူးနေတာ .. အစ်ကို့ကို ချစ်လွန်းလို့ ရူးနေရတာ .. ကျွန်မ အစ်ကို့ကို ဒီဘဝမှာပဲ ချစ်ခဲ့တာမဟုတ်ဘူး ကျွန်မ အစ်ကို့ကို နှစ်ပေါင်းများစွာထဲက ချစ်ခဲ့ရတာ"

"မောင် .. မောင်ရယ် မမလေ .. မမြစိန်လေ၊ မှတ်မိသေးရဲ့လား မောင်ရယ်"

ချက်ချင်းဆိုသလို နင်းဖြူချစ်ရဲ့အသံက မာကျောကျော ကွဲရှရှအသံကြီးဖြစ်သွားသလို၊ သူမရုပ်သွင်ကလည်း တဖြည်းဖြည်း ရုပ်ပြောင်းလာတယ်။ သူမမျက်နှာက ကြောက်စရာကောင်းတဲ့ ဖြူဖတ်ဖြူရော်နဲ့ အသက်(၄၀)အရွယ် မိန်းမတစ်ယောက် ဖြစ်လာတယ်။ သူ နင်းဖြူချစ် မဟုတ်တော့ဘူး။

"မင်း .. မင်း .. အား! .."







တိမ်ညိုလတ် ကိုယ့်မျက်စိကိုယ် မယုံနိုင်အောင် ဖြစ်မိတယ်။ နင်းဖြူချစ်က တကယ်ရူးသွပ်နေတာလား။ ဒါမှမဟုတ် မကောင်းဆိုးဝါးဝိညာဉ် တစ်စုက သူမကို ပူးကပ်နေတာလား။

"မောင် .. မောင့်ကို ကျွန်မ အရင်ဘဝက ပိုးရော့ဆိုတဲ့ ကောင်မ ကြောင့် ဆုံးရှုံးရမလို ဖြစ်ခဲ့ပြီးပြီ။ ဒီဖြ ဒီနေရာမှာပဲ၊ ဟုတ်တယ်။ မောင် .. မောင် မကောင်းဘူး။ ရက်စက်ခဲ့တယ်။

ဒါပေမယ့် ကိစ္စမရှိပါဘူး။ အခုလို နောက်တစ်ယောက်ကို ပေးမယ့် မောင့်နှလုံးသားကို ကျွန်မ ကိုယ်တိုင် ဖောက်ထုတ်ခဲ့တယ်။ အခုလည်း မောင့်နှလုံးသားကို သူများပေးလို့မရနိုင်အောင် ကျွန်မ ဖောက်ထုတ်ပစ်မယ်"

နင်းဖြူချစ် တစ်ဖြစ်လဲ၊ မမြစိန်က ပြောပြောဆိုဆိုနဲ့ သူမ ခါးကြားထဲမှာ ဝှက်ယူလာတဲ့ ဓားမြှောင်ကိုထုတ်ယူလိုက်တယ်။ နောက် တဖြည်းဖြည်း သူ့အနားကို ကပ်လာတယ်။

"ဟင်! .. နင်းဖြူချစ် .. နင်းဖြူချစ် လွန်မယ်၊ မှားမယ်နော်"

တိမ်ညိုလတ် ကြောက်လန့်ပြီး သွေးရူးသွေးတန်းပြောတယ်။ နင်းဖြူချစ်ကလည်း -

"ဟင့်အင်း .. မောင် ကျွန်မ နင်းဖြူချစ် မဟုတ်ဘူး။ မမြစိန် .. မမြစိန်၊ မောင့်ကို ဘဝဆက်တိုင်း ချစ်နေရတဲ့ မမြစိန်ပါ။ နင်းဖြူချစ်ဆိုတဲ့ ခပ်ကြောင်ကြောင် ကလေးမလေးက ကျွန်မ ပြောတာ ယုံပြီး ကျွန်မကို သူ့ခန္ဓာကိုယ်ထဲပေးဝင်ခဲ့တာ"

"သူက မောင်နဲ့ နီးစပ်ချင်လို့တဲ့လေ၊ အလကား ရူးတိတ် .. မောင့်ကို ကျွန်မကလွဲလို့ ဘယ်သူမှ ပိုင်ဆိုင်ခွင့်မရှိဘူးဆို



www.burmeseclassic.com

www.burmeseclassic.com





တာ အချစ်ရူးမလေး မသိရှာဘဲ ကိုး"

မြောမြောဆိုဆိုနဲ့ မမြစိန်တာ ဓားမြှောင်ကို ဆတ်ခနဲကိုင်မြှောက်လိုက်တယ်။

"မမြစိန် အလိမ်ညာတစ္ဆေမ . . ငါ့ကိုလိမ်တယ်"

ဒီအချိန်မှာ သူမရဲ့ပါးစပ်ကဲ နှင်းဖြူချစ်ရဲ့အသံ ပြန်ထွက်လာတယ်။ လူ့ခန္ဓာကိုယ်တစ်ခုတည်းက အသံနှစ်မျိုး၊ ရုပ်ရည်နှစ်မျိုးဖြစ်နေတာ တိမ်ညိုလတ် နားမလည်နိုင်တော့ဘူး။

ဒီအချိန် ဘယ်လိုမှ ထင်မှတ်မထားတဲ့ကိစ္စတစ်ခု ဖြစ်ပျက်သွားတယ်။ နှင်းဖြူချစ်ဟာ သူမရဲ့ လက်ဖွပ်လေးဖွပ်ထားတဲ့ လက်သန်းကြွယ်ကို ဓားနဲ့ တိခနဲဖြတ်ချလိုက်တော့တယ်။

"နှင်း . . နှင်းဖြူချစ် . . မလုပ်နဲ့ . ."

တိမ်ညိုလတ် တားတာ နောက်ကျသွားပြီ။ သူမ လက်သန်းကြွယ်တစ်ခုလုံး တိတိရိရိ ပြတ်ကျသွားတယ်။ သွေးတွေကလည်း မြင်မကောင်းဘူး။

ဒါပေမဲ့ သူမ ဒါတွေကို ဂရုမစိုက်အားဘူး။ ချက်ချင်း တိမ်ညိုလတ်ကို စည်းနှောင်ထားတဲ့ကြိုးတွေကို ဓားနဲ့ပဲ ဖြတ်ပေးလိုက်တယ်။

ပြီးတော့ သူမခေါင်းက ဒဏ်ရာက အရမ်းကိုက်ခဲလာပြီး သူမ မေ့လဲကျသွားတော့တယ်။ တိမ်ညိုလတ်က သူမကို ပွေ့ပေ ထားပြီး ချက်ချင်း ဟန်းဖုန်းနဲ့ ဆေးရုံကိုဖုန်းဆက်ခေါ်တယ်။

ဆေးရုံပေါ်မှာ နှင်းဖြူချစ်သတိရလာတော့ သူမ လက်သန်းကြွယ်လေး ပြတ်နေတာကလွဲရင် . . ကျန်တာ အကုန် အကောင်း





ထိုင်းပါပဲ။

တချို့ကလည်း သူမဟာ နဂိုကတည်းက သူမမိဘတွေ သူမမျက်စိရှေ့မှာ ရက်ရက်စက်စက် ဆုံးပါးပြီးကတည်းက ယဉ်ယဉ်လေး စိတ်ဝေဒနာ ခံစားနေရတာကြောင့် သူမရဲ့စွဲလမ်းစိတ်ကြောင့် ထင်ယောင်ထင်မှားဖြစ်ခဲ့တာတွေပါ။ ဒါကြောင့် စိတ်ရောဂါကုဆရာဝန်တွေနဲ့ ကုသဖို့အကြံပေးကြတယ်။

ဒါပေမယ့် တိမ်ညိုလတ်တစ်ယောက်ကတော့ တကယ့်ကို သူ့မျက်စိနဲ့တပ်အပ် လူတစ်ယောက်ထဲက အသံနှစ်မျိုး ဖြစ်သွားတာကို မြင်လိုက်ရပါတယ်ဆိုတာကို ဝင်ပြောရင် သူ့ကိုပါ လူတွေက အရူးလို့ ဝိုင်းပြောကြမှာပေါ့။

ဒါကြောင့် သူ မပြောတော့ပါဘူး။ နှင်းဖြူချစ်တို့ မိသားစုလည်း သူမဒဏ်ရာသက်သာလာတာနဲ့ ဒီမြို့လေးက ထွက်ခွာသွားကြတယ်။ မြို့မှာ သူမ စိတ်ရောဂါကို ကြပ်ကြပ်မတ်မတ်ကုမယ်တဲ့။

တိမ်ညိုလည်း ဒီမြို့လေးကနေ ပြောင်းသွားခဲ့တယ်။ ပုလဲနဲ့ ယူဖြစ်၊ မယူဖြစ်တော့ မသိဘူး။ သတင်း မကြားရတော့ဘူး။

ဒါပေမယ့် မြို့ပြင်က အစွန့်ပစ်ခံအိမ်လေးထဲမှာတော့ လက်စွပ်လေးတစ်ကွင်းဟာ ပိုင်ရှင်အသစ်ပေါ်လာနိုး စောင့်နေတယ်ဆိုတာ ဘယ်သူမှ မသိနိုင်ကြတော့ဘူးလေ။

ယက္ခဒေဝီ

www.burmeseclassic.com

www.burmeseclassic.com



## ချက္ကရစခန်းများအတွက် မုဒြာကျင့်စဉ်များ

# ROOT CHAKRA



သိဒ္ဓိစွမ်းအင်ထူးများ အလိုရှိပါက စွမ်းအင်စခန်း ချက္ကရများကို နားလည်ရမည်ဖြစ်သလို၊ စွမ်းအင်ဓာတ်လှိုင်းအဖြစ် သွားလာမည့် ကုဏ္ဍလိနီအကြောင်းကိုလည်း သိရမည်ဖြစ်သည်။

ထို့အပြင် အဆိုပါ စွမ်းအင် ချက္ကရတစ်ခုချင်းစီကို အစွမ်းထက်မြက်အောင်၊ ပွင့်အောင် ပြုလုပ်နိုင်မည့် မုဒြာကျင့်စဉ်ကိုလည်း သက်ဆိုင်ရာ ချက္ကရတစ်ခုချင်းစီအလိုက် လေ့ကျင့်သွားနိုင်ရန် ဖော်ပြပေးလိုက်ရပါသည်။

မုဒြာဆိုသည်မှာ ယောဂကျင့်စဉ်တွင် ပါဝင်ပြီး Meditation လုပ်ရာ၌ ပိုမို အစွမ်းထက်မြက်အောင် လုပ်ဆောင်နိုင်သည့် လက်၏သဏ္ဌာန် Hand Position များကို ညွှန်းဆိုပါသည်။ ယခု မုဒြာများကတော့ စွမ်းအင်ချက္ကရများ ထိထိမိမိပွင့်စေဖို့ Meditation ထိုင်ရာ၌ သက်ဆိုင်ရာ ချက္ကရစခန်းများအတွက် မုဒြာကျင့်စဉ်များ ဖြစ်ပါသည်။


အဆင့်ကျော်၍ ကျင့်လို့တော့ မရပါ။ အောက်ဆုံး Root Chakra ကနေ စကျင့်မှသာ အဆင်ပြေလိမ့်မည်။ ချက္ကရတစ်ခု ပွင့်





လျှင် သိသိသာသာ ခံစားမှုကြုံတွေ့ရသည်ကို ကျင့်ဖူးသူတိုင်း သိကြပေသည်။ ထို့ကြောင့် အထူးပြောပြနေဖို့ မလိုပါ။

ကဲ.. ချက္ကရ တစ်ခုချင်းစီပွင့်ဖို့အတွက် Meditation ထိုင်ခြင်းနှင့်အတူ လေ့ကျင့်သွားရမည့် မုဒြာတစ်ခုချင်းစီမှာ -



**၁) အမြစ်အခြေစခန်း (Root Chakra) နှင့် မုဒြာ**

Root Chakra ပွင့်အောင် Meditation ထိုင်ရာ၌ ထားရှိရမည့် မုဒြာလက်သဏ္ဌာန်မှာ လက်မနှင့် လက်ညှိုးတို့ကို ပုံပါအတိုင်း အဝိုင်းပုံစံပြုလုပ်ပြီး လက်ကို တတ်နိုင်သလောက် ဆန့်တန်းထားကာ လက်များကို တင်ပလ္လင်ခွေထားသော ဒူးနှစ်ဘက်ပေါ်တွင် တင်ထားရမည်ဖြစ်သည်။

ဤကဲ့သို့ ထိုင်နေစဉ်အတွင်း ပါးစပ်ကနေ Root Chakra မန္တန်ဖြစ်သည့် L - A - A - A - A - M ကို သံရှည်ရွတ်ပေးရမည်။ ထိုသို့ လေ့ကျင့်ပါက အမြစ်အခြေစခန်း၏ စွမ်းအင်များကို မြန်မြန်ရရှိစေမည် ဖြစ်သည်။




**၂) သရက်ရွက်စခန်း (Sacral Chakra) နှင့် မုဒြာ**

Sacral Chakra သရက်ရွက်စခန်း ပွင့်အောင် Meditation ထိုင်ရာ၌ ထားရှိရမည့် မုဒြာလက်သဏ္ဌာန်မှာ လက်နှစ်ဘက်ကို ရေပြင်ညီ အနေအထားထား၍ လက်မ ထိပ်နှစ်ခုကို ပုံပါအတိုင်း ထားရှိပေးရမည်။ အရေးကြီးသည့်အချက်မှာ ယောကျ်ားလေး ...




www.burmeseclassic.com



ပါက ညာဘက်လက်သည် ဘယ်လက်အပေါ်မှာ ထပ်နေရမည် ဖြစ်ပြီး မိန်းကလေးကျင့်ပါက ဘယ်လက်သည် ညာဘက်ပေါ်မှာ ထပ်နေရမည် ဖြစ်သည်။

ဤသည်မှာ Sacral Chakra အတွက် လေ့ကျင့်ရန် နည်းမှန်လမ်းမှန်ဖြစ်သည့် မုဒြာလက်ကျင့်စဉ်ပင် ဖြစ်သည်။ အဆိုပါ ခွေထားသော လက်နှစ်ဘက်ကို ချက်အောက်တွင်ထားပြီး Meditation ထိုင်ရမည်။

ဤကဲ့သို့ ထိုင်နေစဉ်အတွင်း ပါးစပ်ကနေ Sacral Chakra မန္တန်ဖြစ်သည့် V - A - A - A - A - M ကို သံရှည် ရွတ်ပေးရမည်။ ထိုသို့ လေ့ကျင့်ပါက သရက်ရွက်စခန်း၏ စွမ်းအင်များကို မြန်မြန်ရရှိပြီး နောက်တစ်ဆင့်သို့ တက်နိုင်လိမ့်မည် ဖြစ်သည်။



**၃) ဆိုလာပလက်ဆပ်စခန်း (Solar Chakra) နှင့် မုဒြာ**

Solar Chakra ဆိုလာပလက်ဆပ်စခန်းပွင့်အောင် Meditation ထိုင်ရာ၌ ထားရှိရမည့် မုဒြာ လက်သဏ္ဌာန်မှာ



သုတ/ရသ ဖြစ်ရပ်ဆန်းကြွယ်



လက်နှစ်ဘက်ကို ပုံပါအတိုင်း ဘုရားရှိခိုးသည့်ဟန်ထား၍ ရှေ့သို့ ဦးညွှန်ထားရမည်။ ယောကျ်ားလေး ကျင့်ပါက ညာလက်မသည် ဘယ်လက်မအပေါ်မှာ ရှိရမည်။ မိန်းကလေးကျင့်ပါက ဘယ်လက်မသည် ညာလက်မ အပေါ်တွင် ရှိရပါလိမ့်မည်။ လက်ကို နလုံးသားနှင့် အစာအိမ်ကြားတွင် ထားမှသာ အမှန်ဖြစ်မည်။

ဤကဲ့သို့ ထိုင်နေစဉ်အတွင်း ပါးစပ်ကနေ Solar Chakra မန္တန်ဖြစ်သည့် R - A - A - A - A - M ကို သံရှည် ရွတ်ပေးရမည်။ ထိုသို့ လေ့ကျင့်ပါက ဆိုလာပလက်ဆပ်စခန်း၏ စွမ်းအင်များကို မြန်မြန်ရရှိပြီး နောက်တစ်ဆင့်သို့ တက်နိုင်လိမ့်မည် ဖြစ်သည်။

**၄) နလုံးသားစခန်း (Heart Chakra) နှင့် မုဒြာ**




Heart Chakra နလုံးသားစခန်းပွင့်အောင် Meditation ထိုင်ရာ၌ ထားရှိရမည့် မုဒြာ လက်သဏ္ဌာန်မှာ ညာလက်ရှိ လက်မနှင့် လက်ညှိုး တို့ကို အသည်းနလုံးပုံစံ ကွေးကွေးလေး ပြုလုပ်၍ နလုံးသားနေရာ၌ ထိ ကပ်ထားရမည်။ ဘယ်လက်ကိုလည်း ထိုနည်းအတိုင်း လုပ်ဆောင် ကာ မုဒြာ ဆိုင်ဟန်အတိုင်း တင်ပလ္လင်ခွေ ဒူးပေါ်မှာ တင်ထားပြီး Meditation ပြုလုပ်ရမည်။

www.burmeseclassic.com


www.burmeseclassic.com





ဤကဲ့သို့ ထိုင်နေစဉ်အတွင်း ပါးစပ်ကနေ Heart Chakra မန္တန်ဖြစ်သည့် Y-A-A-A-A-M ကို သံရှည် ရွတ်ပေးရမည်။ ထိုသို့ လေ့ကျင့်ပါက နှလုံးသားစခန်း၏ စွမ်းအင်များကို မြန်မြန်ရရှိပြီး နောက်တစ်ဆင့်သို့ တက်နိုင်လိမ့်မည် ဖြစ်သည်။

**၅) လည်ချောင်းစခန်း (Throat Chakra) နှင့် မုဒြာ**



Throat Chakra နှလုံးသားစခန်း ပွင့်အောင် Meditation ထိုင်ရာ၌ ထားရှိရမည့် မုဒြာလက်သင်္ကေတမှာ လက်နှစ်ဘက်၏ လက်ချောင်းများကို တစ်ခုကြားထဲ တစ်ခုသို့ ထိုးထည့်ပြီး ဘယ်နှင့်ညာ လက်မနှစ်ခုကို ပုံပါအတိုင်း ရင်ညွန့်အောက်နား၊ ချက်ရဲ့အပေါ် အစာအိမ်နေရာတွင်ထားကာ Meditation ပြုလုပ်ရမည်။


ဤကဲ့သို့ ထိုင်နေစဉ်အတွင်း ပါးစပ်ကနေ Throat Chakra မန္တန်ဖြစ်သည့် H-A-A-A-A-M ကို သံရှည် ရွတ်ပေးရမည်။ ထိုသို့ လေ့ကျင့်ပါက လည်ချောင်းစခန်း၏ စွမ်းအင်များကို မြန်မြန်






ရရှိပြီး နောက်တစ်ဆင့်သို့ တက်နိုင်လိမ့်မည် ဖြစ်သည်။

**၆) မျက်မှောင်စခန်း (Third Eye Chakra) နှင့် မုဒြာ**



ပညာရှင်များက စာစကားဖြစ်သည့် မျက်မှောင်စခန်း ဟု ခေါ်သလို၊ အရပ်စကားမှာတော့ ဤစခန်းနေရာသည် တတိယမျက်လုံးနေရာ ဖြစ်သည်။ အရာရာကို သိမြင်နိုင်သည့် နတ်မျက်စိ အစွမ်းမျိုးကိုရရှိသည့် နေရာဖြစ်သည်။

Third Eye Chakra မျက်မှောင်စခန်း ပွင့်အောင် Meditation ထိုင်ရာ၌ ထားရှိရမည့် မုဒြာလက်သင်္ကေတမှာ လက်နှစ်ဘက်၏ လက်ခလယ်နှစ်ချောင်းကို တြိဂံပုံသင်္ကေတဖြစ်အောင် ထောင်ထား






www.burmeseclassic.com

www.burmeseclassic.com






ရမည်ဖြစ်ပြီး ကျန်လက်ချောင်းများကိုတော့ တစ်ခုနှင့်တစ်ခု ဒ ကပ်ကာ ကွေးထားပြီး လက်မနှစ်ဘက်ကိုတော့ အောက်သို့ ဒ ကပ်ထားရမည်။

ပုံသဏ္ဍာန်မှာ လက်ခလယ်နှစ်ချောင်းပူးက မိုးပေါ်ထောင် နေပြီး လက်မနှစ်ချောင်းကပ်လျက် အောက်ဘက်သို့စိုက်နေတာ ရှိမည်။ ဤပုံစံဖြင့် ထိုင်နေစဉ်အတွင်း ပါးစပ်ကနေ Third Eye Chakra မန္တန်ဖြစ်သည့် A - A - A - U - U - M ကို သံရှည်ဆွဲ ရွတ် ပေးရမည်။ ထိုသို့လေ့ကျင့်ပါက မျက်မှောင်စခန်း(တတိယ မျက်လုံး) ၏ စွမ်းအင်များကို မြန်မြန်ရရှိပြီး နောက်တစ်ဆင့်သို့ တက်နိုင်လိမ့် မည် ဖြစ်သည်။

**၇) ငယ်ထိပ်စခန်း (Crown Chakra) နှင့် မုဒြာ**









Crown Chakra သည် ချက္ကရကျင့်စဉ်၏ အမြင့်ဆုံး နေရာဖြစ်သည်။ စိတ်စွမ်းအားကို ကမ္ဘာပေါ် ရှိ မည်သူနှင့်မျှ မတူအောင် ရှိနိုင်သော နေရာဖြစ် သည်။

ငယ်ထိပ်စခန်း ပွင့် အောင် Meditation ထိုင်ရာ ၌ ထားရှိရမည့် မုဒြာ လက် သဏ္ဍာန်မှာ လက်နှစ်ဘက်၏ လက်ချောင်းများကို တစ်ခုကြားထဲသို့ တစ်ခု ယှက်နွယ် ထိုးသွင်းထားပြီး လက်သန်းငယ်နှစ်ခုကို နှစ်ခုပူး ကပ်ကာ အပေါ်သို့ ထောင်ထား ရမည်ဖြစ်သည်။

ဤမုဒြာလက်သဏ္ဍာန်ကို အစာအိမ်နားမှာထား၍ တရား ထိုင်ရမည်။ ထိုကဲ့သို့ ထိုင်နေစဉ်အတွင်း ပါးစပ်ကနေ Crown Chakra မန္တန်ဖြစ်သည့် A - A - A - A - N - G ကို သံရှည်ဆွဲ ရွတ် ပေးရမည်။ ထိုသို့ လေ့ကျင့်ပါက ငယ်ထိပ်စခန်း၏ စွမ်းအင်များကို မြန်မြန်ရရှိပြီး နောက်တစ်ဆင့်သို့ တက်နိုင်လိမ့်မည် ဖြစ်သည်။

ဤအရာများသည် မည်သည့်စာအုပ်မှာမှ မပါဝင်သည့် လွန်စွာရှားပါး အဖိုးထိုက်တန်လှသည့် ချက္ကရစခန်းများအတွက် မုဒြာကျင့်စဉ်များ ဖြစ်ပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com



# မန္တာပြောင်း ဝိညာဉ်

ရေနံ့မြေ ခရေ

www.burmeseclassic.com

www.burmeseclassic.com





"ဒီမှာ ကလေးမ . .
လောလောဆယ် မင်း
လူ့ဘဝကို
ပြန်သွားလို့ မရသေးဘူး။
နောက်တစ်လပြည့်မှ သွားလို့ရမယ်"

ဖူးငုံတစ်ယောက် ယခုနေ့ မှုဒိမ်းမှုတစ်ခုအား စစ်ရန် ရုံးကို ထွက်ခဲ့သည်။ ဖူးငုံမှာ ရေ့နေတစ်ယောက်ဖြစ်သည့်အပြင် လာသ လည်း စားသည်။ ဖူးငုံ ရုံးရောက်တော့ တရားလိုရော၊ တရားခံပါ ရောက်နေကြသည်။

တရားခံကောင်လေးမှာ ပိုက်ဆံချမ်းသာသည်။ အရာရှိ ကြီးတစ်ဦး၏ သားလည်း ဖြစ်သည်။ ဖူးငုံ တရားလိုသားအမိကို လှမ်း မေးလိုက်သည်။

"ကျွန်မ ပြောထားတာ ဘယ်လိုသဘောရလဲ . . ကျေအေး မှာလား"

"မကျေအေးနိုင်ဘူး . . တရားရုံးတက်မယ်"

ဖူးငုံမှာ တရားခံဘက်ကရေ့နေဖြစ်၍ သူ့အမှုသည် နိုင် အောင် လုပ်ရမည်မှာ သူ့တာဝန်။

"အဒေါ် တရားရုံးတက်ရင် အဒေါ်ရှုံးမှာပေါ့၊ အဒေါ်တို့ ဘက်မှာ ခိုင်လုံတဲ့သက်သေမှ မရှိတာ . . ကျွန်မက အဒေါ်နဲ့ ဒီက ညီမအတွက် ပြောနေတာပါ"

အဒေါ်ကြီး တွေဝေသွားသည်။



"အဒေါ် စဉ်းစားနော် . . ကျွန်မဘက်က တရားခံက သူ့ တုတ်နေရင် ထွက်ပြေးမှာပေါ့၊ အခု ထွက်မပြေးတဲ့အပြင် နိုင်ငံ ခြားသွားမယ့်ကိစ္စတောင် ဖျက်လိုက်ပြီး ဒီမှာ လာအစစ်ခံနေတာ အဒေါ်အသိပဲ"

ခဏကြာတော့ သူ့သမီးက သူ့အမေကို -

"အမေရယ် . . လျော်ကြေးပဲ ယူလိုက်ပါတော့"

"ဘာဖြစ်လို့လဲ သမီး . . အမေကတော့ မကျေနပ်နိုင်ဘူး။ ကိုယ့်ဘက်က အမှန်တကယ်ခံရသားနဲ့ လျော်ကြေးနဲ့ ပြီးရမှာလား"

"သမီးတို့က တကယ်ခံရပေမယ့် . . ဘာတတ်နိုင်မှာလဲ။ သူတို့က ပိုက်ဆံရှိတယ်လေ"

သမီးဖြစ်သူစကားကြောင့် အဒေါ်ကြီး ငိုင်သွားသည်။ ထို နေ့က ဖူးငုံ အမှုနိုင်သွားသည်။ ဖူးငုံမှာ သူ့အမှုနိုင်သွားသဖြင့် ကျေနပ်စွာ ပြုံးလိုက်သည်။

ဖူးငုံတစ်ယောက် ရေ့နေရုံးမှပြန်လာတော့ မှောင်နေပါ ပြီ။ ကားကို သတိထားပြီး မောင်းလာသည်။ လမ်းချိုးလေးတစ်ခု ရောက်တော့ ရေ့ကလာသောကားနှင့် မျက်နှာချင်းဆိုင်တိုးတော့ သည်။ ဖူးငုံ မျက်လုံးတွေပြာသွားပြီး ကားကို ဘေးသို့ကွေ့ချလိုက် သည်။

သို့သော် ဖူးငုံ၏ကားမှာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးက သစ်ပင်ကို ဝင်တိုက်ပြီး ရပ်သွားသည်။ ဖူးငုံ၏ဝိညာဉ်မှာ ကားထဲ မှ ထွက်လာသည်။ ထိုစဉ် လူကြီးနှစ်ယောက် သူ့ကို လက်တစ် ဖက်စီဆွဲ၍ ယမမင်းဆီခေါ်လာသည်။ ယမမင်းမှာ ဖူးငုံကိုတွေ့ တော့ မျက်လုံးပြူးသွားသည်။

"ဟေ့ကောင်တွေ . . မင်းတို့ ဘယ်သူ့ကိုခေါ်လာတာလဲ"

"ဆရာပဲ ဖူးငုံကိုခေါ်ခဲ့ဆို"

"မင်းတို့ လူမှားပြီးခေါ်လာတာ၊ သူ့အလှည့်မဟုတ်ဘူး။ အခု . . ငါဘယ်လိုလုပ်ရမလဲ"

ထိုစဉ် ဖူးငုံကလည်း -

www.burmeseclassic.com

www.burmeseclassic.com





"ကျွန်မ မသေချင်သေးဘူး . . အခုမှ အသက် ငယ်ငယ်လေးပဲ ရှိသေးတယ်။ ကျွန်မကို အိမ်ပြန်ပို့ပါ"

❖

ယမမင်း အကြံအိုက်ပြီး စဉ်းစားနေသည်။ သူ တကယ် ခေါ်ရမှာက ချိုမာဆိုသော မိန်းကလေး ဖြစ်သည်။ နောက်တစ်လပြည့်ရင် သူ့ကိုခေါ်ရမည်ဖြစ်သည်။ ချိုမာဆိုသော မိန်းကလေးတွင် ယောက်ျား နှင့် ကလေးနှစ်ယောက်ရှိသည်။ ကလေးများက မိန်းကလေးတစ်ယောက်၊ ယောက်ျားတစ်ယောက် ဖြစ်သည်။

အကြီးဆုံးမိန်းကလေးမှာ တက္ကသိုလ်တက်နေပြီ။ အငယ် ယောက်ျားလေးမှာ ယခုမှ အသက်(၅)နှစ်ပဲရှိသေးသည်။ ချိုမာ၏ ယောက်ျားမှာ ကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးဖြစ်သည်။ ယမမင်း စဉ်းစားနေသည်။

"ဒီမှာ ကလေးမ . . လောလောဆယ် မင်း လူ့ဘဝကိုပြန် သွားလို့ မရသေးဘူး။ နောက်တစ်လပြည့်မှ သွားလို့ရမယ်။ အခု မင်း ချိုမာ့ကိုယ်ထဲမှာ တစ်လသွားနေရမယ်"

"ချိုမာ တစ်လပြည့်ရင် သူ့သက်တမ်းကုန်ပြီ။ အဲဒီတော့ မင်း လူ့ပြည်ကို ပြန်လို့ရမယ်။ မင်း နှစ်ခုထဲက တစ်ခုရွေး၊ ကောင်း ကင်ဘုံနှင့် ငရဲဘုံသွားရင်တော့ မင်း လူ့ပြည်ကို ပြန်လာလို့ မရနိုင် တော့ဘူး"

ဖူးငုံ စိတ်ညစ်သွားသည်။ ကောင်းကင်ဘုံနှင့် ငရဲဘုံကို သူမ မသွားချင်ပါ။ လူ့ပြည်ပဲ ပြန်ချင်သည်။ ထို့ကြောင့် ချိုမာ ကိုယ် ထဲသွားရန် ဖူးငုံဆုံးဖြတ်လိုက်သည်။





"မင်း . . ဒီအိမ်မှာ ချိုမာနေသလိုမျိုး၊ အိမ်သားတွေနဲ့ ရင်းရင်းနှီးနှီးနေပါ။ မင်းကို သူတို့ အားကိုးနေကြတာ၊ ငါပြောသလို မနေရင် မင်းကို လူ့ပြည် ပြန်မပို့တော့ဘူး"

မနက်မိုးလင်းတော့ ချိုမာကိုယ်ထဲ ရောက်နေသော ဖူးငုံမှာ ကိုယ်ကသာ ချိုမာ၊ ဖူးငုံမှာ လူ့ဘဝက အပျိုစစ်စစ်ဖြစ်၍ ယခု ယောက်ျားရော၊ ကလေးတွေနဲ့ အတူနေရတော့ သူ့အတွက် စိမ်း နေသည်။ သူ ဘာမှမလုပ်ဘဲ ငိုင်နေသည်။ ချိုမာ ယောက်ျား ကို မင်းနိုင် သူ့အနားရောက်လာပြီး –

"ဟေ့ . . မိန်းမ ဘာတွေငိုင်နေတာလဲ။ ကိုယ် ရုံးသွား တော့မယ်။ ထမင်းချိုင့်ထည့်ပေးလေ"

"ရှင့်ဟာရှင် ထည့်ပါလား"

"ဟာ! . . ဒီမိန်းမ ငိုင်တိငိုင်တိုင်နဲ့ ဘာဖြစ်နေလဲ မသိဘူး။ ထားတော့ပြီ . . ကိုယ့်ဟာကိုယ်ပဲ ထည့်သွားတော့မယ်"

ကိုမင်းနိုင်က ထမင်းချိုင့်ထည့်ရန် ထမင်းအိုးဖွင့်လိုက် သည်။ ထမင်းအိုးထဲမှာ ဘာမှမရှိပါ။ ကိုမင်းနိုင် စိတ်ပျက်ပျက်နှင့် အိမ်ရှေ့ခန်းကို ထွက်လာသည်။

"မင်းဘာဖြစ်နေတာလဲ . . အခုထိ ထမင်း မချက်ရသေး ဘူး၊ ငါ မစောင့်တော့ဘူး။ အပြင်မှာပဲ ဝယ်စားတော့မယ်"

ကိုမင်းနိုင် ရုံးကိုထွက်သွားသည်။ ခဏကြာတော့ ကျောင်း သွားရန် အကြီးမလေးအိမ်နိုင် မုန့်ဖိုးတောင်းရန် သူ့အနားရောက် လာသည်။

"မေမေ . . မုန့်ဖိုးပေးလေ၊ သမီး ကျောင်းသွားတော့မယ်"

"ငါ့မှာ ပိုက်ဆံမရှိဘူး"

"ဖေဖေ့ကို ဖေဖေပေးထားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာထားမှန်း ငါမှမသိတာ"

"မေမေပဲ ဗီရိုထဲမှာထားပြီး မေ့တတ်လိုက်တာ"

"နင်သိရင် ဗီရိုထဲကယူသွားလေ"

အိနိုင် ဗီရိုထဲက မုန့်ဖိုးယူပြီး ကျောင်းကို ထွက်သွားတယ်။ အိမ်တွင် ချိုမာ(ဖူးငုံ)နှင့် အငယ်ဆုံးလေး စိုးစိုးပဲ ကျန်ခဲ့သည်။ ဖူးငုံမှာ မနက်က ဘာမှမစားရသေးသဖြင့် ဗိုက်ဆာလာ၍ ထမင်းချက်ပြီး ရေခဲသေတ္တာထဲတွင်ရှိသော ဟင်းချက်စရာတွေကိုယူ၍ ချက်ထားလိုက်သည်။ ခဏကြာတော့ အငယ်လေး သူ့အနား ရောက်လာပြီး -

"မေမေ . . သား ဗိုက်ဆာတယ်၊ ထမင်းစားမယ်"

(ဖူးငုံ) ချိုမာ ထမင်းထည့်ပြီး ပေးလိုက်သည်။

"မေမေ . . ခွံ့ကျွေး"

"ကိုယ့်ဟာကိုယ် စားပါလား"

"သား မစားတတ်ဘူး။ မေမေ ခွံ့ကျွေး . . အရင်က မေမေ ခွံ့ကျွေးပြီး အခု ဘာဖြစ်လို့ မကျွေးတာလဲ။ သားကို မချစ်တော့ဘူးလား"

အငယ်လေးက တီတီတာတာနှင့် ချွဲတတ်သည်။ စိုးစိုးလေး၏ အပြောကြောင့် ချိုမာ (ဖူးငုံ)သနားသွားသည်။ ထို့ကြောင့် ချိုမာ (ဖူးငုံ) စိုးစိုးလေးကို ထမင်းခွံ့ကျွေးလိုက်သည်။ ဖူးငုံမှာ ဘယ်သူ့ကိုမှ မချစ်တတ်။ ယခု ကိုမင်းနိုင်ရော၊ ကလေးတွေပါ ဖူးငုံ ချစ်လို့မရ။ သူ့စိတ်ထဲမှာ ချိုမာဘဝကကျွတ်ရန် ရက်တွက်နေလေသည်။

ညရောက်လာသည်။ ကလေးတွေ အကုန်အိပ်ကုန်ကြပြီ။ ဖူးငုံနှင့် ကိုမင်းနိုင်ပဲ ကျန်သည်။

"မိန်းမ . . ကလေးတွေ အိပ်ပြီလား"

"အိပ်ကုန်ပြီ"

"ဒါဆို ကိုယ်တို့လည်း အိပ်ရအောင်"

မင်းနိုင်မှာ အခန်းထဲသွားအိပ်ရန် ဖူးငုံ၏ပုခုံးကို လှမ်းဖက်







လိုက်သည်။ ဖူးငုံမှာ ဘာမပြော၊ ညာမပြောနဲ့ . . မင်းနိုင်၏လက်ကို လိမ်ချိုးလိုက်သည်။ မင်းနိုင်မှာ နာလွန်း၍ အော်လိုက်သည်။

"အား! . . နာတယ်၊ ငါ့ကို လွှတ်ပါဦး"

ဖူးငုံ သူ့လက်ကို လွှတ်လိုက်သည်။ ဖူးငုံမှာ အရင်ဘဝက ဓာရာတေးသင်ထားသည်။

"ရှင် ကျွန်မအသားကို လာမထိနဲ့ . . မကြိုက်ဘူး။ နောက်တစ်ခါဆို မလွယ်ဘူး။ အခု ရှင်အခန်းထဲမှာအိပ်၊ ကျွန်မ အပြင်ထွက်အိပ်မယ်"

ဖူးငုံ စောင်တွေ၊ ခေါင်းအုံးတွေယူပြီး အခန်းပြင် ထွက်သွားသည်။ မင်းနိုင်မှာ သူ့မိန်းမကို အံ့ဩစွာကြည့်ပြီး အခန်းထဲမှာ ကျန်ခဲ့သည်။

ဖူးငုံ ဒီမှာ မနေချင်။ သူ့အိမ်ကိုပဲ ပြန်ချင်သည်။ ထိုစဉ် သူ့အနားကို ယမမင်းရောက်လာသည်။

"မင်း . . ဒီအိမ်မှာ ချိုမာနေသလိုမျိုး၊ အိမ်သားတွေနဲ့ ရင်းရင်းနှီးနှီးနေပါ။ မင်းကို သူတို့ အားကိုးနေကြတာ၊ ငါပြောသလို မနေရင် မင်းကို လူပြည် ပြန်မပို့တော့ဘူး"

"အဲဒီလို မလုပ်ပါနဲ့ ယမမင်းရယ်၊ ရှင်ပြောတဲ့အတိုင်း နေပါ့မယ်"

"မင်းကိုငါ အမြဲ စောင့်ကြည့်နေတယ်ဆိုတာ သတိထား . ."

ယမမင်း သူ့ဘေးနားက ပျောက်သွားသည်။ ယမမင်းပြောသည့်အတိုင်း အိမ်သားတွေနဲ့ ရင်းရင်းနှီးနှီးနေရန် ဆုံးဖြတ်လိုက်သည်။

"မိန်းမ . . ညနေကျရင် အလုပ်ကိစ္စနဲ့ ကိုယ်ချန်တုန်ကသွား



www.burmeseclassic.com

www.burmeseclassic.com





ရမယ်"

"ဘယ်နှရက်ကြာမှာလဲ"

"နှစ်ရက်တည်းပါ . . ကိုယ်မရှိတုန်း ကလေးတွေကို ဂရု စိုက်နော်"

"စိတ်ချပါ"

မင်းနိုင် လိုအပ်သောပစ္စည်းတွေကို ဖူးငုံ ထည့်ပေးနေ သည်။ မင်းနိုင်မှာ ဖူးငုံတစ်ယောက် သူ့အပေါ် ဖော်ဖော်ရွေရွေ ဆက်ဆံလာသဖြင့် ဝမ်းသာနေသည်။ မင်းနိုင်သွားပြီး ခဏနေ တော့ သူ့ဆီကို အိနိုင်ရောက်လာသည်။

"မမမေ . . သမီးသူငယ်ချင်း မွေးနေ့သွားမလို့ သမီး ခွင့်ပြုပါနော်"

"မသွားပါနဲ့ကွယ် . . သမီးအဖေလည်းမရှိတော့ အမေ ခွင့်မပြုဘူး။ နောက်ပြီး ညဘက်ကြီး မေမေ စိတ်မချဘူး"

အိနိုင်မှာ သူသွားချင်သောနေရာ မသွားရ၍ မကျေမနပ် ဖြင့် ဖူးငုံဘေးက ထွက်သွားသည်။ ဖူးငုံမှာ သက်ပြင်းချရင်း ကျန် ခဲ့သည်။ နောက်နေ့ အိနိုင်တစ်ယောက် ကျောင်းလွှတ်ချိန်ကျော် အထိ ရောက်မလာသဖြင့် ဖူးငုံ စိုးရိမ်နေသည်။

ညမှောင်ခါနီးမှ အိနိုင်ပြန်ရောက်လာသည်။ မျက်နှာ လည်း ဒေါက်ရာတွေနှင့် ဖူးငုံ စိတ်ပူသွားသည်။ အိနိုင်မှာ ဖူးငုံ ဖက်ပြီး ငိုနေသည်။







"အိနိုင် . . ဘာဖြစ် လို့လဲ၊ မေမေ့ကို ပြောစမ်း"

ဖူးငုံမှာ အိနိုင်ကို အတန်တန် ချော့မေးမှ ပြောသည်။

"သမီးတို့အတန်း ထဲက အောင်အောင်က သူ့ အိမ်ကို အတင်းခေါ်လို့ လိုက်သွားတယ်။ သူတို့ အိမ်ရောက်တော့ ဘယ်သူမှ မရှိဘူး။ အကြာတော့ သူ့သူငယ်ချင်းတွေ ရောက်လာပြီး အမွေကြံဖို့ ကြိုးစားတယ်။ သမီးလည်း ရုန်းပြီး အိမ် ပြေးလာတာ"

"ဟင်! . . ရိုင်းစိုင်း ယုတ်မာလိုက်တာ။ မနက်ရောက်ရင် ကိစ္စကို သွားတိုင်ရမယ်။ ဒါ မုဒိမ်းမှုပဲ၊ ငြိမ်ခံနေလို့မဖြစ်ဘူး"

မနက်ရောက်တော့ ဖူးငုံ အိနိုင်ကိုခေါ်ပြီး ရဲစခန်းသွားတိုင် သည်။ ရဲစခန်းက ကောင်လေးကိုခေါ်ပြီး စစ်သည်။ နောက်နေ့ တရားခံ၏ရှေ့နေနှင့် သွားတွေ့သည်။ ရှေ့နေက –

"အစ်မကြီးကို ကျွန်တော်ပြောချင်တာက အမှုအသေး ကို အကြီးမဖြစ်အောင်၊ တစ်ဦးနဲ့တစ်ဦး ကျေအေးပြီး လျော် ကြေးငွေလက်ခံဖို့ မေတ္တာရပ်ခံချင်ပါတယ်"

"ဘာပြောတယ် . . ရှင်က သမီးချင်း ကိုယ်ချင်းမစာနာ ဘူးထွက်တယ်။ မိန်းကလေးတစ်ယောက်ကို ပူးပေါင်းပြီး ကြံစည် ကြံစည်တယ်ဆိုကတည်းက မုဒိမ်းမှုပဲ . . ထောင် (၁၀)နှစ်ကျ မယ်။ ကျွန်မလည်း ဥပဒေ နားလည်ပါတယ်။ ကျွန်မကတော့ ထောင်ကျမှကျေနပ်မယ်"

တရားခံ၏ရှေ့နေမှာ ဖူးငုံစကားကြောင့် ကြောက်သွား ၏။ ထိုစဉ် အိနိုင်ဆီမှ မမျှော်လင့်သောစကားကို ကြားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"မမေရယ် . . လျော်ကြေးငွေပဲ ယူလိုက်ပါ။ သူတို့က ပိုက်ဆံချမ်းသာတဲ့သူတွေ . . သမီးတို့ မယှဉ်နိုင်ပါဘူး"

ဖူးငုံတစ်ယောက် သူ့ အမှုစစ်စဉ်က . . ကလေးမလေးက ဒီလိုစကားမျိုးကြားခဲ့သည်ကို သွားသတိရလိုက်မိသည်။ အဲဒီတုန်းက ဖူးငုံ ဝမ်းသာနေသည်။ ယခု သမီးအတွက် သူ ဝမ်းမသာနိုင်။

မိန်းကလေးတစ်ယောက်၏ဘဝမှာ အမည်းစက်ထင်ပြီး နစ်နာသည်ကို ယခုတွေ့ကြုံလိုက်ရသဖြင့် ဖူးငုံ နောင်တရမိသည်။ အမှန်တရားကို ဖုံးကွယ်ခဲ့မိသော သူ့ကိုယ်ကိုလည်း ဒေါသဖြစ်မိ ရက်မိသည်။

ဖူးငုံမှာ တစ်နေ့တခြား ချိုမာမိသားစုအပေါ် သံယောဇဉ် တွယ်လာမိသည်။ ဒီမိသားစုနှင့် ခွဲရမှာ ကြောက်နေသည်။ ထို့ ကြောင့် ယမမင်းကို-

"ကျွန်မ ဒီမိသားစုနဲ့ မခွဲနိုင်တော့ဘူး။ ကျွန်မ ဒီမှာ ဆက် သက်လုံး နေလို့မရဘူးလား။ ကျွန်မ အိမ်မပြန်ချင်တော့ဘူး"

"မင်း ဒီမှာ ဆက်နေလို့မရဘူး . . တစ်လပြည့်ရင် မင်း ရ ဘဝ၊ မင်းဘဝဆီကို ပြန်သွားရမယ်"

ဖူးငုံ စိတ်မကောင်းဖြစ်နေသည်။

တစ်လပြည့်ရင် ဒီမိသားစုနှင့် ခွဲရတော့မည်။ ယခင် အချိန်ကို ရွှေ့တိုးချင်သည်။ ယခုတော့ အချိန်ကို နောက်ပြန်ဆွဲ ချင်သည်။ ဒါပေမယ့် ယမမင်းနိုင်းသမျှ သူလိုက်နာရမည်။

တစ်လမပြည့်ခင် သူ မိသားစုဓာတ်ပုံ ရိုက်ထားသည်။

မကြာပါ။ မချိုတစ်ယောက် ကားလမ်းဖြတ်ကူးရင်း ကား တိုက်၍ သေသွားတော့သည်။

❖

ဖူးငုံမှာ သူ၏ယခင်ဘဝကို ပြန်ရောက်သွားသည်။ ဖူး ကားအက်ဆီးဒင့်ဖြစ်၍ ဆေးရုံမှာ မေ့မြောနေခဲ့သည်မှာ တစ်





တော့်ကြာမြင့်ခဲ့သည်။ ဦးခေါင်းကို ခွဲစိပ်ကုသမှု ခံယူခဲ့ရသည်။

ချိုမာ ကားတိုက်ခံရ၍ သေသွားပြီးမှ ဆေးရုံပေါ်မှ ဖူးငုံမှာ ပြန် သတိလည်လာခဲ့သည်။ ပြန်လည် သတိရလာပြီးနောက် ဖူးငုံ၏ စိတ်ထဲမှာ ကိုမင်းနိုင်တို့မိသားစုကို မှတ်မိနေသည်။ လွင့်မျော ဝိညာဉ်ဘဝကြောင့်လား၊ စိတ်အစွဲအလမ်းကြောင့်လား၊ အိပ်မက် လားဆိုတာ ဝေခွဲမရနိုင်ပေမယ့် သူမ ကောင်းကောင်းတော့ မှတ်မိ နေခဲ့သည်။

ဆေးရုံမှဆင်းပြီး ပြန်လည်ကျန်းမာလာတော့ ဖူးငုံ ကိုမင်း နိုင်တို့ဆီ သွားခဲ့သည်။ နေရပ်လိပ်စာ အတိအကျသိနေခဲ့သည်။ ကိုမင်းနိုင်တို့ကိုတွေ့တော့ ဝမ်းသာအားရဖြင့် နှုတ်ဆက်ဖို့ကြိုးစား သည်။ သို့သော်-

"ဘာကိစ္စရှိလို့လဲ ခင်ဗျာ"

သူ့ကို ဘယ်သူမှ မမှတ်မိကြပါ။ သူ့ကို အားလုံးက ခပ် မ်းမ်းကြည့်နေကြသည်။ ဖူးငုံ အရမ်း စိတ်မကောင်းဖြစ်မိသည်။ သူတို့ သူမကို မသိကြတော့ပါလား။ ဘာမှပြန်မပြောမနေတော့ဘဲ ဝမ်းနည်းလက်ပျက်ဖြင့် ပြန်လာခဲ့သည်။

သူ့အဖြစ်က အရမ်းကို ထူးဆန်းလွန်းလှသည်။ ဘဝတစ် ခုမှာ တစ်လသာဆုံခဲ့ရသော ဤမိသားစုကို ဖူးငုံ တစ်သက် အမှတ်တရရှိခဲ့သည်။ သေရွာပြန်အဖြစ်အပျက်တွေထဲမှာ ဖူးငုံ စ်လမ်းက အထူးခြားဆုံးဖြစ်သည်။

သူ့အဖြစ်က အိပ်မက်ဆန်လွန်းသော၊ အဟုခန္ဓာပြောင်း ဖြင့် မိသားစုတစ်စုဆီသို့ အမှန်တကယ်ရောက်ခဲ့ခြင်းကို ဖူးငုံမှ ၍ တခြားဘယ်သူမှ မသိနိုင်ပါတကား။

ရေနံမြေခရေ(သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com



## နံနက်ခင်း မိုးသောက်ကြယ် လူစီဖာ



အနောက်တိုင်းအယူအဆနဲ့ ခရစ်ယာန်ဘာသာမှာ ဘုရား သခင် ပထမဆုံး ဖန်ဆင်းတဲ့ ကောင်းကင်တမန်တော်ဟာ လူစီဖ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ အချစ်ဆုံးသားတော်လည်း ဖြစ်ပြီး ဘုရ ပြီးရင် လူစီဖာဟာ တန်ခိုးအရာမှာ အကြီးမားဆုံးဖြစ်ပါတယ်။

ဒါကြောင့် အနောက်တိုင်း စုန်း၊ နတ်ကိုးကွယ်သူများ၊ ကဝေ ပညာရှင်များဟာ လူစီဖာကို ကိုးကွယ်ကြတယ်။ လူစီဖာကို ဆုတောင် ကြတယ်၊ တိုင်တည်ကြပါတယ်။ လူစီဖာဟာ ဘုရားသခင်ရဲ့အလ တော်ကို ဆန့်ကျင်တယ်။ ဘုရားသခင်ရဲ့နေရာကို ရယူလိုတယ် တဲ့ ပြစ်ချက်ကြောင့် ကောင်းကင်ဘုံကနေ ငရဲဆီကို ပစ်ချခြင်း ရပါတယ်။

လူစီဖာနဲ့ အပေါင်းအပါတစ်သိုက်ဟာ ငရဲပြည်မှာ မင်း ကြီးစိုးကြပါတယ်။ ဒါပေမယ့် လူစီဖာဟာ ငရဲပြည်မှာပဲ အချိန်ပြ နေသူမျိုးမဟုတ်ဘဲ လူ့ပြည်ကို မကြာခဏဆိုသလို၊ အလည်လ တတ်ပါတယ်။ သူဟာ အကောင်းအဆိုး ရောထွေးနေသူဖြစ်ပါတယ်

လူတွေမှာ မကောင်းတဲ့စိတ်တွေရှိရတာဟာ လူစီဖာကြော







လို့ ဆိုကြပါတယ်။ ဒါပေမယ့် ဒါကို သက်သေပြနိုင်တာတော့ မရှိပါဘူး။ လူစီဖာဟာ ဒါနဲ့ ပတ်သက်လို့လည်း အမြဲတမ်း ငြင်းခုန်လေ့ ရှိပါတယ်။ သူ့ ကြောင့် မဟုတ်ဘူးဆိုတာကို ပါ။

ဘုရားသခင်ရဲ့ အလိုတော်နဲ့ ဆန့်ကျင်လို့ သူ့ကို "အမှောင်လောကရဲ့ မင်းသားကြီး"လို့ တင်စားကြပါတယ်။

လောကမှာ အလင်းရှိရင် အမှောင်ရှိရမယ်ဆိုတဲ့ လောကနိယာမအရ လူစီဖာဟာ ရှိသင့် ရှိထိုက်တဲ့ ပါပမာတ်လို့လည်း ယူဆသူများ ရှိပါတယ်။

လူစီဖာမှာ အမည်နာမအမျိုးမျိုး ရှိသလို၊ ကျော်ဇော ထင် ရှားမှုများလည်း များစွာရှိပါတယ်။ စုန်းမတွေ၊ ကဝေမတွေဟာ လူစီဖာကို စွဲလမ်းကြပါတယ်။

ဘာလို့စွဲလမ်းကြသလဲဆိုတော့ ဘုရားသခင် ဖန်ဆင်းတဲ့ ကောင်းကင်တမန်တော်တွေထဲမှာ လူစီဖာဟာ အလှဆုံး၊ တန်ခိုး အကြီးဆုံး၊ ပညာအရာမှာ အပြည့်ဆုံးသူဖြစ်လို့ ခေတ်စကားနဲ့ ပြော ရမယ်ဆိုရင် -

သူဟာ အနောက်တိုင်း စုန်းကဝေပညာရှင်တို့အကြားမှာ လူစီဖာဟာ "ပျို့တိုင်းကြိုက်တဲ့ နင်းဆီနိုင်"ပဲ ဖြစ်ပါတယ်။

သူ့ကို SATAN ဆာတန် နတ်မိစ္ဆာလို့ ခေါ်ကြသူများလည်း ရှိပါတယ်။ လူစီဖာရဲ့ အမည်ကွဲများစွာကတော့ -

၁) SATAN (ဆာတန်)

၂) ABADON (အဘတ်ဒုန်)

www.burmeseclassic.com

www.burmeseclassic.com





၃) APOLLYON (အပေါ်လီယွန်)

၄) DRAGON (ဒရက်ဂွန်) နဂါး

၅) SERPENT (ဆားပင့်) မြွေ

၆) ASMODEUS (အက်စ်မိုးဒယုစ်)

၇) BEELZEBUB (ဘီးလ်ဇီးဘတ်) တို့ ဖြစ်ပါတယ်။

ဘယ်လိုနာမည်တွေပဲ ကွဲပြားနေပါစေ။ Morning Star လို့ ဆိုလိုက်တာနဲ့ နံနက်ခင်း မိုးသောက်ကြယ်(သို့မဟုတ်) အလင်းဆောင်သူဟာ လူစီဖာပဲ ဖြစ်ပါတယ်။ Lucifer လူစီဖာဟာ ကောင်းကင်တမန် အားလုံးထက် အချောဆုံး၊ အလှဆုံးဖြစ်ပြီး ချီးမွမ်းစရာ အကောင်းဆုံးအဖြစ် ဘုရားသခင်ရဲ့ ဖန်ဆင်းပေးခြင်းကိုခံရသူ ဖြစ်ပါတယ်။

ဒါကြောင့် သူ့ကိုကောင်းကင်တမန်အားလုံးရဲ့အထွဋ်အထိပ်နေရာကိုပေးခြင်းခံရပါတယ်။ အဲဒီအချိန်မှာ လူစီဖာဟာ ဝင့်ကြွားထောင်လွှားမှုတွေ ပြည့်လာပါတယ်။ အချောဆုံးကောင်းကင်တမန်တော်နှင့် ကြောက်မက်ဖွယ်အကောင်းဆုံးကောင်းကင်တမန်ဟာ လူစီဖာဖြစ်လာခဲ့ပါတယ်။

## လူစီဖာ၏ အပြစ်တော်

ဘုရားသခင်ပြီးတဲ့နောက် အမြင့်ဆုံး ကောင်းကင်တမန်တော်အဖြစ် နေရခြင်းကို လူစီဖာ၏ နှလုံးသားအိမ်မှာ လုံးဝ ရောင့်ရဲခြင်းမရှိတော့ဘဲ ပြောင်းလဲလာခဲ့ပါတယ်။ လူစီဖာ၏အပြစ်ဟာ လူစီဖာရဲ့ စိတ်နှလုံးတွင်းမှ အစပြုပါတယ်။ သူ၏စိတ်နှလုံးထဲ







ပြောခဲ့သော အရာများကတော့ -

"ကောင်းကင်ပေါ်သို့ ငါတက်မည်၊

ဘုရားသခင်ရဲ့ ကြယ်သို့အပေါ်မှာ

ငါ့ပလ္လင်ကို ငါ ချီးမြှောက်မည်။

မြောက်မျက်နှာ ဘက်တွင် ဗျာဒိတ်တောင်ပေါ်မှာ ငါ ထိုင်မည်၊

မိုးတိမ်ပေါ်သို့ ငါ တက်မည်၊

အမြင့်ဆုံးသော ဘုရားကဲ့သို့ ငါနေမည်"ဟု စိတ်အကြံရှိခဲ့သည်။ (ဟေရှာ ၁၄း၁၃-၁၄)

လူစီဖာ၏အပြစ်သည် မာနထောင်လွှားခြင်းဖြစ်၏ ။ သူ ဆုံးဖြတ်သည်မှာ သူသာလျှင် ဘုရားဖြစ်သင့်သည်။ သူသည် ဘုရား



သခင်၏ အလိုတော်များကို ဆန့်ကျင်ပြီး သူ၏အလိုကို အတည်ပြုလာ၏ ။ လူစီဖာ ငါးကြိမ်တိုင် ပြောဆိုသည်မှာ "ငါ ဖြစ်လိမ့်မည်" ဟူ၍ ဖြစ်သည်။

သူသည် ဘုရားကဲ့သို့ ဖြစ်ချင်လာသည်မှ အစပြု၍ သူ့အမည်သည်လည်း လူစီဖာမှ SATAN "ဆာတန်"သို့ ပြောင်းလဲခဲ့ရပေပြီ။ ဆာတန်၏အဓိပ္ပါယ်မှာ အတိုက်အခံ "ရန်သူ"ဖြစ်၏ ။

www.burmeseclassic.com

www.burmeseclassic.com





၃) APOLLYON (အပေါ်လီယွန်)

၄) DRAGON (ဒရက်ဂွန်) နဂါး

၅) SERPENT (ဆားပင့်) မြွေ

၆) ASMODEUS (အက်စ်မိုးဒယုစ်)

၇) BEELZEBUB (ဘီးလ်ဇီးဘတ်) တို့ ဖြစ်ပါတယ်။

ဘယ်လိုနာမည်တွေပဲ ကွဲပြားနေပါစေ။ Morning Star လို့ ဆိုလိုက်တာနဲ့ နံနက်ခင်း မိုးသောက်ကြယ်(သို့မဟုတ်) အလင်းဆောင်သူဟာ လူစီဖာပဲ ဖြစ်ပါတယ်။ Lucifer လူစီဖာဟာ ကောင်းကင်တမန် အားလုံးထက် အချောဆုံး၊ အလှဆုံးဖြစ်ပြီး ချီးမွမ်းစရာ အကောင်းဆုံးအဖြစ် ဘုရားသခင်ရဲ့ ဖန်ဆင်းပေးခြင်းကိုခံရသူ ဖြစ်ပါတယ်။

ဒါ့ကြောင့် သူ့ကိုကောင်းကင်တမန်အားလုံးရဲ့အထွဋ်အထိပ်နေရာကိုပေးခြင်းခံရပါတယ်။ အဲဒီအချိန်မှာ လူစီဖာဟာ ဝင့်ကြွားထောင်လွှားမှုတွေ ပြည့်လာပါတယ်။ အချောဆုံးကောင်းကင်တမန်တော်နှင့် ကြောက်မက်ဖွယ်အကောင်းဆုံးကောင်းကင်တမန်ဟာ လူစီဖာဖြစ်လာခဲ့ပါတယ်။

## လူစီဖာ၏ အပြစ်တော်

ဘုရားသခင်ပြီးတဲ့နောက် အမြင့်ဆုံး ကောင်းကင်တမန်တော်အဖြစ် နေရခြင်းကို လူစီဖာ၏ နှလုံးသားအိမ်မှာ လုံးဝ ရောင့်ရဲခြင်းမရှိတော့ဘဲ ပြောင်းလဲလာခဲ့ပါတယ်။ လူစီဖာ၏အပြစ်ဟာ လူစီဖာရဲ့ စိတ်နှလုံးတွင်းမှ အစပြုပါတယ်။ သူ၏စိတ်နှလုံးထဲ







ပြောခဲ့သော အရာများက တော့ -

"ကောင်းကင်ပေါ်သို့ ငါတက်မည်၊

ဘုရားသခင်ရဲ့ ကြယ်တို့အပေါ်မှာ

ငါ့ပလ္လင်ကို ငါ ချီးမြှောက်မည်။

မြောက်မျက်နှာ ဘက်ရှိ ပျာဒိတ်တောင်ပေါ်မှာ ငါ ထိုင်မည်၊

မိုးတိမ်ပေါ်သို့ ငါ တက်မည်၊

အမြင့်ဆုံးသော ဘုရားကဲ့သို့ ငါနေမည်"ဟု စိတ်အကြံရှိခဲ့သည်။ (ဟေရှာ ၁၄း၁၃-၁၄)

လူစီဖာ၏အပြစ်သည် မာနထောင်လွှားခြင်းဖြစ်၏ ။ သူဆုံးဖြတ်သည်မှာ သူသာလျှင် ဘုရားဖြစ်သင့်သည်။ သူသည် ဘုရားသခင်၏ အလိုတော်များကို ဆန့်ကျင်ပြီး သူ၏အလိုကို အတည်ပြုလာ၏ ။ လူစီဖာ ငါးကြိမ်တိုင် ပြောဆိုသည်မှာ "ငါ ဖြစ်လိမ့်မည်" ဟူ၍ ဖြစ်သည်။



သူသည် ဘုရားကဲ့သို့ ဖြစ်ချင်လာသည်မှ အစပြု၍ သူ့အမည်သည်လည်း လူစီဖာမှ SATAN "ဆာတန်"သို့ ပြောင်းလဲခဲ့ရပြီး။ ဆာတန်၏အဓိပ္ပါယ်မှာ အတိုက်အခံ "ရန်သူ"ဖြစ်၏ ။

www.burmeseclassic.com

www.burmeseclassic.com



## အလင်းနိုင်ငံနှင့် အမှောင်နိုင်ငံ

လူစီဖာ တစ်ဖြစ်လဲ ဆာတန်သည် ဘုရားသခင်ကို ပုန်ကန်သော ပထမဦးဆုံး ကောင်းကင်တမန်တော်ဖြစ်ပြီး သူ့ကို Fallen Angel လို့ တင်စားခေါ်ကြပါတယ်။ ကောင်းကင်တမန်တော်များစွာဟာလည်း လူစီဖာရဲ့ ပုန်ကန်ခြင်းနောက်သို့ လိုက်ပါခဲ့ကြသူများလည်း ရှိပါတယ်။

လူစီဖာ နောက်ကို လိုက်ပါခဲ့သော ကောင်းကင်တမန်များကိုလည်း Fallen Angel "ကျဆင်းသော ကောင်းကင် တမန်"များလို့ ခေါ်ပါတယ်။ လူစီဖာနောက်ကို ဘုရားသခင်ဖန်ဆင်းထားတဲ့ ကောင်းကင်တမန်တော် သုံးပုံတစ်ပုံ လိုက်ပါသွားခဲ့ပါတယ်။

အထက်ဘုံ၊ ဘုရားသခင်ထံပါး၌ ကျန်ရှိခဲ့သော ကောင်းကင်တမန်များကိုတော့ "သန့်ရှင်းသော ကောင်းကင်တမန်"များလို့ ခေါ်ပါတယ်။ လူစီဖာဟာ ကောင်းကင်ဘုံမှ ပြုတ်ကျလာပြီး ငရဲပြည်မှာ ဆာတန် ဖြစ်လာခဲ့ပြီးနောက် ဘုရားသခင်ရဲ့နိုင်ငံတော်ကို ဆန့်ကျင်တဲ့ နိုင်ငံကို တည်ထောင်လိုက်ပါတယ်။

ဒီလိုပုန်ကန်ခဲ့ချိန်မှစ၍ စကြာဝဠာမှာ နိုင်ငံနှစ်နိုင်ငံ ရှိလာခဲ့ပါတယ်။ အဲဒါကတော့ ဘုရားသခင်ရဲ့နိုင်ငံနှင့် ဆာတန်နိုင်ငံတို့ပဲဖြစ်ပါတယ်။ ဆာတန်နိုင်ငံဟာ အမှောင်နိုင်ငံဖြစ်ပြီး ဘုရားသခင်ရဲ့နိုင်ငံကတော့ အလင်းနိုင်ငံဖြစ်ပါကြောင်း။





## ကောင်းကင်တမန် နတ်မင်းကြီးလေးပါး




မြန်မာဗုဒ္ဓဘာသာ အခေါ်မှာ လောကပါလ နတ်မင်းကြီးလေးပါး၊ အနောက်တိုင်းအခေါ်မှာတော့ ဘုရားသခင်ဖန်ဆင်းတော်မူတဲ့ အစဦးဆုံးနဲ့ အမြင့်ဆုံးသော ကောင်းကင်တမန်တော်လေးပါး ရှိပါတယ်။

အဆိုပါ နတ်မင်းကြီးလေးပါးကတော့ -

၁) ဂါဘရီယယ် (Gabriel)

၂) မိုက်ကယ် (Micheal)

၃) ရာဖေးလ် (Raphael)

၄) ယူရီယယ် (Uriel) တို့ ဖြစ်ပါတယ်။

ပထမဆုံး ဖန်ဆင်းတော်မူတဲ့ လူစီဖာဟာ ဘုရားသခင်ကို ပုန်ကန်တဲ့အတွက် ကောင်းချီးမပေးပေမယ့် အထက်ပါ ကောင်းကင်တမန်တော်၊ နတ်မင်းကြီးလေးပါးကိုတော့ ကောင်းချီးအမည်များနှင့် ချီးမြှောက်ခြင်းခံရပါတယ်။

အဆိုပါ နတ်မင်းကြီးလေးပါးကို ဗုဒ္ဓဘာသာအယူမှာတော့



www.burmeseclassic.com

www.burmeseclassic.com



လောကကို စောင့်ရှောက်တဲ့ လောကပါလ နတ်မင်းကြီးလေးပါးလို့ ခေါ်ပါတယ်။ ဒါ့အပြင် သူတို့ဟာ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီး လေးပါးကို ကိုယ်စားပြုသူများလည်း ဖြစ်ပါတယ်။

Uriel က မြေဓာတ်ကို ကိုယ်စားပြုပြီး Gabriel က ရေဓာတ်၊ Raphael က လေဓာတ်၊ Micheal က မီးဓာတ်ကို အသီးသီး ကိုယ်စားပြုပါတယ်။ သူတို့ကို ကောင်းချီးအမည်များဖြင့် တွဲဖက်ကြည့်မယ်ဆိုလျှင် -

၁) ရာဖေးလ် (Raphael) ဟူသည် ဓတရဋ္ဌ နတ်မင်းကြီး
၂) ဂါဘရီယယ် (Gabriel) ဟူသည် ဝိရူဠှက နတ်မင်းကြီး
၃) ယူရီယယ် (Uriel) ဟူသည် ဝိရူပက္ခ နတ်မင်းကြီး
၄) မိုက်ကယ် (Micheal) ဟူသည် ကုဝေရ နတ်မင်းကြီး တို့ ဖြစ်ပါတယ်။

**ဓတရဋ္ဌ နတ်မင်းကြီး**

ရာဖေးလ် (Raphael) ဆိုသည့် ဓတရဋ္ဌ နတ်မင်းကြီးသည် ငွေရောင်တောက်ပသော မြင့်မိုရ်တောင်၏ အလယ်ခုလတ်၊ အရှေ့ဘက်နံပါး၌ တည်လျက် ဂန္ဓဗ္ဗနတ် (မွှေးကြိုင်သော နံ့သာပင်၌ ပဋိ











သန္ဓေ နေကြသော နတ်များ) အပေါင်းကို အုပ်ချုပ်နေထိုင်သူ ဖြစ်ပါတယ်။

**ဝိရူဠှက နတ်မင်းကြီး**

ဂါဘရီယယ် (Gabriel) ဆိုသည့် ဝိရူဠှက နတ်မင်းကြီးသည် မြရောင် တောက်ပသော မြင့်မိုရ်တောင်၏ တောင်ဘက်နံပါး၌ တည်လျက် (ကြီးမားသော ဝမ်းဗိုက်နှင့် ပြူးကျယ် နီမြန်းသော မျက်စိရှိကြသော ဒါနဝရက္ခိုသ်) နတ်အပေါင်းကို အုပ်ချုပ်နေထိုင်သူ ဖြစ်ပါတယ်။

**ဝိရူပက္ခ နတ်မင်းကြီး**

ယူရီယယ် (Uriel) ဆိုသည့် ဝိရူပက္ခနတ်မင်းကြီးသည် ဖန်ရောင်တောက်ပသော မြင့်မိုရ်တောင်၏ အနောက်ဘက်နံပါး၌ တည်လျက် နတ်အပေါင်းကို အုပ်ချုပ်နေထိုင်ပါတယ်။

**ကုဝေရ နတ်မင်းကြီး**

မိုက်ကယ် (Micheal) ဆိုသည့် ကုဝေရနတ်မင်းကြီးသည် ရွှေရောင်တောက်ပသော မြင့်မိုရ်တောင်၏ မြောက်ဘက်နံပါး၌ တည်လျက် နတ်အပေါင်းတို့ကို အုပ်ချုပ်နေထိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ခလုတ်မထိ၊ ဆူးမညိစေဘဲ ခရီးသွားလာခြင်း



မြန်မာ့စကားပုံများစွာထဲမှာ သတိနှင့်ပတ်သက်သော စကား များစွာရှိသည့်အနက်မှ "အစားမတော် တစ်လုပ်၊ အသွားမတော် တစ်လှမ်း"ဟူသည့် စကားပုံရှိသည်။


"အစားမတော် တစ်လုပ်"ဆိုသည်မှာ တွဲဖက်၍ မစားသင့်သော အစားအစာများကို စားမိ၍ ဘေးသင့်ခြင်းကို ဆိုလိုသည်။ "အသွားမတော် တစ်လှမ်း"ကတော့ သွားလာရင်းဖြင့် ရုတ်တရက် ထိခိုက်မှု Accident ဖြစ်ပွားခြင်းကို ဆိုလိုသည်။

ထိုသို့ဖြစ်ခြင်းမျိုးကို တချို့က အရပ်စကားဖြင့် "ထိုင်နေရင် အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ"ဟူ၍ ဆိုသည်။ လူတစ်ယောက်၏ကံကြမ္မာသည် ဘာမှပြော၍ မရနိုင်ပေ။ ကိုယ့်အတွက် ထိခိုက်မှုများသည် ဘယ်အချိန်မှာ ဘယ်လိုဖြစ်နိုင်ခြေရှိသည်များကို မည်သူမျှ ကြိုတင်မသိနိုင်ပေ။

အလုပ်အကိုင် သွားလာလုပ်ကိုင်နေသူများ၊ ခရီးသွားလာသည့်အခါ ဘေးအန္တရာယ် ကင်းရှင်းစေဖို့အတွက် လွန်စွာလွယ်ကူ ရိုးရှင်းလှသည့် အစီအရင်လေးများကို ခဏတာပြုလုပ်ခြင်းအားဖြင့် သင့်အတွက် ထိုခရီးစဉ်သော် လည်းကောင်း၊ အလုပ်အကိုင်







အတွက် သွားလာရသည့် ကိစ္စသော် လည်းကောင်း၊ ကံကောင်းစေဖို့ အတွက် ရည်ရွယ်ဖော်ပြလိုက်ရပါသည်။

### Sunday (တနင်္ဂနွေနေ့)

Sunday တနင်္ဂနွေနေ့မှာ သင်ဟာ အရေးတကြီး ခရီးတစ်ခုသွားလာဖို့ ရှိလျှင်သော် လည်းကောင်း၊ အပြင်ထွက် သွားလာရမည့်တစ်ခုခုရှိပါက မသွားလာမီ တစ်ဦးဦးထံမှ တစ်စုံတစ်ခုကို တောင်းယူပြီးမှ သွားလာလုပ်ကိုင်ပါ။ သို့ဆိုလျှင် သင့်အတွက် ထိုခရီးစဉ်သည် ခလုတ်မထိ၊ ဆူးမညိဘဲ ကံကောင်းစေလိမ့်မည်။

တောင်းယူရမည့်ပစ္စည်းမှာ - (ထီး၊ ဦးထုပ်) စသည်။

### Monday (တနင်္လာနေ့)

Monday တနင်္လာနေ့တွင် သင်သည် ခရီးတစ်ခု(သို့မဟုတ်) အပြင်သွားရမည်ဆိုပါက အိပ်ရေးဝအောင်အိပ်ပြီးမှ လုပ်ကိုင်ပါက ပိုမိုအဆင်ပြေလိမ့်မည်။ မသွားလာမီ၊ သွားလာခါနီးမှာ အိပ်ဟန်ပြုပြီးမှသော် လည်းကောင်း၊ ခဏမှေးနေခြင်းမျိုး ပြုလုပ်ပြီးမှ သွားလာပါက အစစ၊ အရာရာ အဆင်ပြေပါလိမ့်မည်။

### Tuesday (အင်္ဂါနေ့)

Tuesday (အင်္ဂါနေ့)တွင် သင်သည် ခရီးတစ်ခုသွားရမည်ဆိုပါက မသွားမီ၊ အပြင်မထွက်မီတွင် လက်ကို မီးအပူပေးခြင်း၊ မီးဖို၌ လက်ကိုမီးလှုံခြင်း၊ အပူပေးခြင်းဖြင့် သင်သွားရောက်ရမည့်


www.burmeseclassic.com

www.burmeseclassic.com



ခရီးစဉ်တွင် ခလုတ်မထိ၊ ဆူးမညှိဘဲ အောင်မြင်ကံကောင်းခြင်းများဖြင့် ပြည့်စုံစေပါလိမ့်မည်။

**Wednesday (ဗုဒ္ဓဟူးနေ့)**

ဗုဒ္ဓဟူးနေ့တွင် ခရီးသွားလာဖို့ရှိပါက မသွားလာမီမှာ မှန်ကြည့်ပြီးမှ သွားလာလုပ်ကိုင်ပါ။ ဘေးကင်းကံကောင်းစေမည်။

**Thusday (ကြာသပတေးနေ့)**

ကြာသပတေးနေ့တွင် ခရီးသွားလာဖို့ရှိပါက မသွားမီမှာ အိမ်အပြင်ကိုထွက်လိုက် / ဝင်လိုက်ပြုလုပ်ပြီးမှ သွားပါက အန္တရာယ်ကင်းပြီး ပိုမိုကံကောင်းစေပါလိမ့်မည်။

**Friday (သောကြာနေ့)**

သောကြာနေ့တွင် ခရီးသွားလာဖို့ရှိပါက မသွားမီမှာ အစားအစာကို အဝစားပြီးမှသာ သွားလာလုပ်ကိုင်လျှင် ပိုမိုကောင်းမွန်ပါမည်။

**Saturday (စနေနေ့)**

စနေနေ့တွင် သွားရမည့် ခရီးစဉ်ရှိပါက ခရီးမသွားမီ၊ အပြင်သို့ မသွားမီ တစ်ဦးဦးနှင့် ရန်တွေ့ဟန်ပြုပြီးမှ သွားလာလုပ်ကိုင်ပါ။ ရန်ဖြစ်ဟန်ဟုဆိုရာ၌ အမှန်တကယ် ရန်ဖြစ်စရာမလိုဘဲ အနည်းငယ်မျှ ရှုည့်ပူညံ့ပြုလုပ်ခြင်းကိုသာ ဆိုလိုပါသည်။

ဤဖော်ပြပါ အစီအရင်များကို ပြုလုပ်ခြင်းအားဖြင့် သွားလိုရာ လမ်းခရီးတိုင်းကို "ခလုတ်မထိ၊ ဆူးမညှိဘဲ၊ ဘေးမသီ ရန်မခ အောင်မြင်မှုများ ရရှိပါမည်ဖြစ်ကြောင်း ထူးခြားလွယ်ကူသော ဂမ္ဘီရသုတဆန်းအဖြစ် ဖော်ပြလိုက်ရပါသည်။

စိုးမိုးနိုင်



# ထူးတဲ့တစ္ဆေ

ကိုမောင်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com





ကျွန်ုပ်၏ အဒေါ်ဖြစ်သူ ကြီးကြီးမေသည် အသက်အရွယ်ကြီးလာတော့ လွန်စွာမှ စကားပြောလေ၏။ အသက်ကြီးသူတို့အဖို့ အဖော်မဲ့နေလေရာ စကားပြောဖော် ရှာရလေ၏။ နားထောင်သူရှိပါက စကားတွေ တစ်လှေကြီး ပြောလေ၏။ ရှေးဟောင်း၊ နှောင်းဖြစ်တွေ အပြောများလှလေ၏။

သူ တွေ့ကြုံခဲ့ရပါသော ဂျပန်ခေတ်အခြေအနေတွေကို အပြောများလေ၏ ။ ထိုခေတ်၊ ထိုအခါက စားဝတ်နေရေး ချို့တဲ့ရပုံ၊ ဂျပန်တွေ လူမဆန်ပုံ၊ ကြက်၊ ဘဲ၊ ဝက်တို့ကို လုယူစားသောက်ကြပုံတွေကို ကြားခဲ့ရပေါင်းများလှလေပြီ။

ဂျပန်ခေတ်ပြီးတော့ ရောင်စုံသူပုန်တွေအကြောင်းကို ပြောပြန်လေ၏။ သူတို့တွေသည်လည်း ရွာသူရွာသားတွေကို ဒုက္ခပေးသည် ဆို၏။ စိတ်ထင်တိုင်း ကြဲကြ၊ ကဲကြလေ၏။ စိတ်မထင်လျှင် ရွာသားတချို့ကို သေသည်အထိ ပြုမူကြလေ၏။ သူတို့တွေကြောင့် ရန်ကုန်ပြေးကြရသည်များရှိသည်ဟု ဆိုလေ၏။

ကြီးကြီးမေသည် တစ်ခါ တစ်ခါ စုန်းကဝေ အကြောင်းတွေလည်း ပြောလေ၏။ အောက်လမ်းဆရာတွေ၊ အထက်လမ်းဆရာတွေရဲ့ အကြောင်းကိုလည်း ပြောလေ၏။

ကျွန်ုပ်သည် ကြီးကြီးမေပြောသမျှကို စိတ်ဝင်တစား နားထောင်ပေးလေ၏ ။ ပြောစကားတွေက ဟိုရောက်လိုက်၊ ဒီရောက်လိုက်ဆိုတော့ ဆက်စပ်နားထောင်ရလေ၏။ ကြားဖန်များလာတော့ နားရည်ဝလာသလို ဇာတ်လမ်း၊ ဇာတ်ကွက်တွေလည်း ရှိလေ၏။





ထိုစဉ်က ကျွန်ုပ်မှာ ကျောင်းသားအရွယ်ဖြစ်လေတော့ စာရေးဖြစ်သေး။ စာရေးဖြစ်သောအခါ ကြီးကြီးမေ ပြောစကားတွေကို ပြန်လည် "ရီကောဒင်း" လုပ်။ "မမ်မိုရီ" ပြန်ခေါ် ပြီး၊ မှန်းဆတွေးတောကာ ဂမ္ဘီရဆန်ဆန်ဝတ္ထုတိုများ ဇာတ်လမ်းဆင်ရေးသားခဲ့လေရာ လေးငါးဆယ်ပုဒ်ခန့် ရှိပြီတည်း။

ကြီးကြီးမေပြောပြခဲ့သည့် ဇာတ်ကြောင်းများထဲက ပရလောကသား သရဲသဘက်ကြီးတစ်ကောင်၏ အကြောင်းသည်ကားလွန်စွာ လွန်စွာ စိတ်ဝင်စားဖွယ် ကောင်းလှသလို၊ ကြောက်စရာ၊ လန့်စရာ၊ နှလုံးတုန်လှုပ်စရာလည်း ကောင်းလှပေ၏ ။ ထိုဇာတ်ကြောင်းကို ဝတ္ထုသွားအတိုင်း ဖော်ပြရလေသော် . .။

❖

ကျွန်ုပ်၏ ဘကြီးတော်စပ်သူ ဦးဩဘာသည် ငယ်စဉ်က အတော်ပင် ဆိုးသွမ်းခဲ့သူ ဖြစ်လေ၏ ။ အလုပ်ကိုလည်း မည်မည်ရရ မလုပ်။ သူကလည်း လုပ်စရာမလို၍ မလုပ်ခြင်းဖြစ်သည်ဟု ဆိုလေ၏ ။ သူ၏မိဘများက အတော်အသင့် ချမ်းသာသည်။

မိဘတို့ဘွားပိုင် လယ်ယာကိုင်းကျွန်းတွေ ရှိသည်။ သူရင်းငှားများစွာရှိသည်။ သူရင်းငှားတွေရှိနေ၊ လုပ်နေကျမှတော့ ဦးဩဘာအဖို့ အေးဆေးစွာ နေလို့ရသည်။ စားလို့ရသည်။ သောက်လို့ရသည်။

သောက်လို့ရသည် ဆိုသည်မှာ ဦးဩဘာသည် ထန်းရည်ဆိုင်တွင် အချိန်ရှိသ၍ သောက်စားနေလေ့ရှိသည်။ ထန်းရည်တဲရှင်ကလည်း သူနှင့် ဆွေရိပ်မျိုးရိပ် မကင်းဆိုလေတော့ သောက်စားသည့်ငွေကြီးအခပေးလျှင် ယူသည်။ မပေးလျှင် မယူထဲကဖြစ်သည်။

ဦးဩဘာက ဖြစ်သလို နေထိုင် စားသောက်သည်ဟူသော်လည်း သူများပစ္စည်းကို အလကားပဲတင်း ယူလေ့မရှိ။ အကျင့်ဆပ်လေ့ရှိ၏ ။ အမေရှိလျှင် ငွေရှိသည်ဟု အမြဲ ပြောလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com





ဤသို့ဖြင့် ဦးဩဘာသည် ထန်းရည်တဲတွင် သောက်စားပြီး ညနေမှောင်ပြပြ နွားရိုင်းသွင်းချိန်တွင် ဒယီးဒယိုင်ဖြင့် ရွာသို့ပြန်ခဲ့လေရာ လမ်းတွင် လူစိမ်းတစ်ယောက်နှင့် အမှတ်မထင် တွေ့လေ၏ ။

"နောင်ကြီး . . ဒေါ်အေးမြတို့အိမ် ဘယ်လိုသွားရမလဲဗျ"

ဟု လူစိမ်းမှ မေးလေရာ -

"ရွာလယ်မှာ ရှိတယ် ကျုပ်နဲ့ လိုက်ခဲ့"

ဟု ဦးဩဘာက ပြော၍ ခေါ်ခဲ့လေ၏ ။

"ကျေးဇူးပဲ . . နောင်ကြီးရယ်၊ ကျွန်တော်က သူ့ဆီ မရောက်တာ အတော့်ကိုကြာပြီ။ နှစ်(၂၀)လောက်ရှိပြီလို့ ပြောရင်ရမယ်။ ဒေါ်အေးမြတစ်ယောက် ရှိမှရှိသေးရဲ့လားလို့တောင် ထင်မိ၊ တွေးတယ်ဗျ"

ဦးဩဘာသည် ထန်းရည်ဖိမ်တက်နေသဖြင့် လူစိမ်းပြောသမျှကို ခေါင်းငိုက်စိုက်လျှောက်လှမ်းလျက် -

"အေးဗျာ၊ ရှိပ . . အေ့"

ဟုသာ မူးမူးနှင့် ဖြေပြော့ပြောနေရလေ၏။

"ကျုပ်က မြို့ရွာအနှံ့ လှည့်လည်သွားလာပြီး မျက်လှည့်ပညာနဲ့ စားသောက်နေတဲ့သူပါ။ နောင်ကြီးတို့ရွာမှာ ဘုရားပွဲကျင်းမယ်လို့ ကြားမိထားတယ်။ အဲဒီဘုရားပွဲမှာ မျက်လှည့်ပွဲ ထည့်မလို့"

မျက်လှည့်ဆို၍ ဦးဩဘာ စိတ်ဝင်တစား ဖြစ်သွားလေ၏ တကယ်တော့လည်း ဦးဩဘာသည် မျက်လှည့်ပွဲကို လွတ်ကြိုက်သူ ဖြစ်ပေ၏။ မိမိရွာ၏ဘုရားပွဲအပြင် မျက်လှည့်ပွဲရှိရာ အခြားရွာ







ဘုရားပွဲများဆီသို့လည်း တစ်ခါတစ်ရံ သွားရောက် ကြည့်ရှုလေ့ရှိသူ ဖြစ်လေ၏ ။

မျက်လှည့်ပွဲတွင် ထူးဆန်းသောပြကွက်များကို တွေ့ရပါက ရင်သိမ့်သည်းဖို ဖြစ်ရလေ၏ ။ တချို့က အောက်လမ်းနည်းတွေ သုံး၍ ပြသည်။ အစိမ်းသရဲတွေကို ကျွေးမွေးထိန်းကျောင်းပြီး ပြသသည်ဟု ဆိုကြလေ၏ ။

"ခင်ဗျားက မျက်လှည့်ဆရာကြီးလား"

ဟု ဦးဩဘာက အကဲစမ်းပြီးမေးလေရာ -

"ဟုတ်ပါ့ဗျာ . . ကျုပ်က မျက်လှည့်ဆရာကြီးပါ။ နှစ်ပေါင်း (၂၀)ကျော်လောက် အရပ်တကာစုံ၊ နယ်စုံကို မျက်လှည့်ပြသခဲ့တာ၊ တကယ်တော့ မျက်လှည့်ဆိုတဲ့အတိုင်း ကြည့်သူတွေကို မျက်စိလှည့်စားတဲ့ပညာရပ်ပါ"

"တချို့က အံ့အားသင့်ဖွယ်ပြကွက်တွေကို အံ့ဩဘနန်းဖြစ်ကြပြီး ဒါတွေဟာ သရဲတစ္ဆေတွေ မွေးပြီး နိုင်းစားတာ။ အောက်လမ်းနည်းတွေသုံးပြီး စီးပွားရှာတာလို့ ယုံးစွပ်ကြသေးရဲ့"

"အဲ . . အဲဒါတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ရပါဘူးဗျာ။ ကဲ . . နောင်ကြီး ကျုပ် အစမ်းသဘော ပြမယ်။ နောင်ကြီး ကြည့်ချင်စိတ်ရှိရင်ပေါ့"

အစကတည်းက မျက်လှည့်ပွဲကြိုက်လှတဲ့ ဦးဩဘာတစ်ယောက် မျက်လှည့်ပြမယ်ဆိုတော့ ဖိုးကျိုင်းတုတ် ဖြစ်သွား၊ ဝမ်းသာသွားလေ၏ ။

"ကြည့် . . ကြည့်ချင်ပါတယ်ဗျာ"ဟုလည်းဆိုလေ၏ ။

❖

www.burmeseclassic.com

www.burmeseclassic.com





လပြည့်ညမို့ ရွာလမ်းက လင်းထိန်လို့နေ၏ ။ လရောင်ဖြာ ကျမှုကြောင့် ခပ်လှမ်းလှမ်းတွင်ရှိသော ရွာ၏ သွပ်ခေါင်မိုးများ လင်း လက်နေသည်ကို တွေ့ရလေ၏ ။ ခွေးဟောင်သံသဲ့သဲ့ ကြားရသည် မှအပ ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်နေလေ၏ ။ ရွာထိပ်ရှိ တလင်း ပြင်တွင် နစ်ယောက်သား ထိုင်ကြလေ၏။

ဦးဩဘာသည် မျက်လှည့်ဆရာကြီး ရှေ့တည့်တည့်တွင် နေရာယူလိုက်လေ၏ ။ မျက်လှည့်ပြမည့် အခြေအနေကို ငံ့လင့်နေ ၏ ။ ဤတွင် လာလမ်းတစ်လျှောက် သတိမထားမိသော လူစိမ်းမျက် လှည့် ဆရာကြီးဆိုသူကို သတိထားကြည့်မိလေရာ –

လူစိမ်း၏ မျက်နှာသွင်ပြင်သည် အတော့်ကို မည်းနက်နေ လေ၏။ လူမျိုးခြားတစ်ယောက်၏ အသားမည်းပုံမျိုး မဟုတ်။ သပိတ် ကဲ့သို့ မည်းနက်နေခြင်းဖြစ်၏။ သပိတ်အရောင်လို မည်းနက်ပြောင် လက်နေခြင်းလည်း မဟုတ်ပြန်ပါ။

အနီးစပ်ဆုံး ကောက်ချက်ပြုရရင် ဒယ်အိုးဖင်လို မည်းနက် ခြင်းမျိုးပါတည်း။ ဤကား ဦးဩဘာ၏ စိတ်အတွင်းမှ အတွေးတွေ ပင် ဖြစ်လေ၏ ။

ဦးဩဘာသည် ထန်းရည်ရှိန်ကြောင့် မျက်လုံးတွေ ဝေဝေ ဝါးဝါးဖြစ်နေလို့ပဲလားဟု အထင်ဖြင့် မျက်လုံးပွတ်၍ ကြည့်လေ၏ ။ ဒယ်အိုးဖင်လို မည်းနက်နေသော မျက်နှာသွင်ပြင်ကိုသာ တွေ့ရခြင်း



**လူရိုးခေါင်းကြီး၏ ပါးစပ်ထဲသို့ ဆေးပေါ့လိပ်တစ်လိပ်ကို ထည့်ပြီး မီးညှိပေးလေရာ လူရိုးခေါင်းကြီးသည် ပကတိ လူတစ်ဦးပမာ ဆေးလိပ်သောက်ပြလေ၏ ။**

---

သ၏ ။ ဤသည်ကို လူစိမ်းကလည်း သတိပြုမိဟန်တူလေရာ –

“နောင်ကြီးက ကျုပ်ရဲ့အသားအရောင်ကို ကြည့်ပြီး သဘော နေသလား မသိဘူး။ ဟုတ်တယ်ဗျ . . သပိတ်ရောင်လို၊ ဒါမှမဟုတ် ယ်အိုးဖင်လို မည်းနက်နေတယ်မဟုတ်လား”

“ကျုပ်မျက်နှာကို မှန်ထဲမှာတောင် ပြန်မကြည့်ဝံ့တော့ဘူး အဲဒီလို မည်းနက်နေတာဟာ ဆေးထိုးမှားလို့ဗျို့ . . ဆေးထိုးမှား ့ သေတောင် သေမလို့ဗျ . . ကံကောင်းလို့ မသေ၊ သံချောင်းတို့ ဖေပေါ့ဗျာ၊ မသေလို့ နောင်ကြီးတွေ့နေရတာလို့ပဲ မှတ်တော့ဗျို့။ . . မျက်လှည့်ပြမယ်”

အသားအရောင်ပြဿနာကို လူစိမ်းမှ ရှင်းပြ ပြောဆိုလိုက် ည့်အတွက် ဦးဩဘာ ဘာမှ မပြောလိုတော့။ သူ ကြည့်ချင်တဲ့ ျက်လှည့်အကွက်ဆန်းလေးတွေ လွတ်သွားမှဖြင့်ဟု ကြည့်ချင်စိတ် နေလေရာ –

“ကဲ . . ပြပါတော့ဗျို့”

ဟု ဦးဩဘာမှ အရွှန်းဖောက် ပွဲတောင်းလိုက်လေ၏ ။ ပွဲ ကြည့်ချင်သူများ၏ ဓလေ့၊ သဘာဝအတိုင်းပင်။

“ပွဲရုံကြီးတွေမှာက ကန့်လန့်ကာတွေ ရှိမယ်။ အကာအရံ တွေ ရှိမယ်ဆိုတော့ ကြည့်ကြသူတွေကို လိမ်ပြီး ငွေယူသလို ဖြစ် နေမယ်။ အခု နောင်ကြီး ကံကောင်းပါတယ်။ ရှင်းရှင်းလင်းလင်းနဲ့ က်ဝါးထင်ထင် တွေ့ရမှာလေ၊ ဟုတ်ပြီလား”

“ဟုတ် . . ဟုတ်ကဲ့ . . ဟုတ်ကဲ့ပါ ခင်ဗျာ”



www.burmeseclassic.com

www.burmeseclassic.com





လရောင်သည် ပို၍ ထွန်း
လင်းလာသည်သို့ ရှိလေ၏ ။
လရောင်ဆမ်းထားသည့်
သစ်ပင်ဝါးပင်များသည် လ
လက်နေ၏ ။ ပတ်ဝန်းကျင်တွင်
ပုဇဉ်းရင်ကွဲတို့၏ အော်မြည်သံ
ကား ပေါ်လာလိုက်၊ ပျောက်
သွားလိုက် ရှိနေလေ၏ ။
တစ်ခါ၊ တစ်ခါ ဆွဲဆွဲ ငင်ငင်
အူလိုက်သော ခွေးအူ
သံသဲ့သဲ့ကို ကြားရလေ၏ ။

"ကဲ . . သေချာကြည့်၊ ရှင်းရှင်းလင်းလင်းနဲ့ ဖြည်းဖြည်းလေးပြမယ်"ဟု ပြောလေရာ ဦးဩဘာသည် မျက်တောင် စိုးစဉ်းမျှ မခတ်ဘဲ စူးစိုက်ကြည့်နေမိလေ၏ ။

လူစိမ်းသည် သူ၏လွယ်အိတ်ကြီးထဲ တစ်စုံတစ်ခုကို ထုတ်ယူလေ၏ ။ ထိုအရာမှာ လူရိုးခေါင်းခွံကြီး ဖြစ်လေ၏ ။ လူရိုးခေါင်းကြီး၏ ပါးစပ်ထဲသို့ ဆေးပေါ့လိပ်တစ်လိပ်ကို ထည့်ပြီး မီးညှိပေးလေရာ လူရိုးခေါင်းကြီးသည် ပကတိ လူတစ်ဦးပမာ ဆေးလိပ်သောက်လေ၏ ။


"ထူးဆန်းမနေဘူးလား . . နောင်ကြီး၊ အရိုးခေါင်းထဲမှာ စက်တစ်ခု ထည့်ထားတာလေ။ လှည့်စားနည်း တစ်မျိုးပေါ့။ ဟုတ်လား"

လူစိမ်းသည် လူရိုးခေါင်းခွံကြီးအား သူ၏လွယ်အိတ်ကြီးထဲသို့ ပြန်လည် ထည့်သွင်းသိမ်းလိုက်ပြီး -

"နောက်တစ်မျိုး ပြမယ်နော်၊ သေချာကြည့်"

ဟုဆိုပြီး "အစ်ချလောင်း"ဟု မြည်သံစွဲပြကာ သူ၏ လက်ချောင်းလေးများကို တစ်ခုချင်းဖြုတ်ပြလေရာ လက်ဝါးပြင်သည် ငုံးတိတိဖြစ်သွားလေ၏ ။ ထို့နောက် လက်ချောင်းလေးများ





ပြန်လည် တပ်ဆင်၏ ။

ပြီးနောက် ဘယ်ဘက် လက်တစ်ချောင်းလုံးကို ညာဘက်လက်ဖြင့် ဖြုတ်ပြီး ပြန်တပ်၊ ညာဘက် လက်တစ်ချောင်းလုံးကို ဘယ်လက်ဖြင့် ဖြုတ်၊ ပြန်တပ် လုပ်ပြလေ၏ ။

"ဒါ နောက်ဆုံး ပြကွက်ခန်း"

ဟုပြောဆိုကာ သူ၏ ဦးခေါင်းကို ဖြုတ်ပြလေ၏ ။ ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်သွားလေတော့၏ ။ ခေါင်းပြတ်ကြီးသည် ဘယ်ကွင်းဆီသို့ တလိမ့်လိမ့် ထွက်သွားလေ၏ ။

ဦးခေါင်းမရှိတော့သော ကိုယ်ထည်ကြီးမှ -

"နောင်ကြီး . . အံ့ဩဘနန်း ဖြစ်နေလား၊ နောင်ကြီးရဲ့ ဦးခေါင်းကိုလည်း ဖြုတ်ပြမယ် . . ဟုတ်လား"

ဤတွင် လူစိမ်းပြသသည်များကို ကြက်သေသေသလို ကြည့်နေမိသော ဦးဩဘာသည် "ဟန်းခနဲ . ."ထခုန်ပြီး ရွာဆီသို့ တစ်ချိုးတည်း ပြေးလေ၏ ။ အမူးများ ပြေပျောက်သွားသော်ငြား ကြောက်စိတ်ကြောင့် ရင်တုန်ပန်းတုန် ဖြစ်နေလေ၏ ။

ဦးဩဘာ ပြေးခဲ့သည်မှာ သူ၏ နေအိမ်ဆီသို့ မဟုတ်။ ရွာဦးဘုန်းတော်ကြီးကျောင်းဆီသို့သာ ဖြစ်လေ၏ ။ ကျောင်းဝင်းသို့ ရောက်ပြီး ကျောင်းလှေကားအစပ်တွင် -

"ဆရာတော်ဘုရား . . ကယ် . . ကယ်"ဟု ကယ်တော်မူပါဟူသော ဝါကျပြင်ဆုံးအောင် မပြောဆိုနိုင်တော့ဘဲ လဲပြိုကျပြီး မေ့မြောသွားလေတော့၏ ။ ဆရာတော်သည် ပုံလဲကျသွားသော ဦးဩဘာကို ကြည့်ပြီး -

"ပုံစံကြည့်ရတာ ထူးတော့ ထူးတယ်။ ကေန္တ ..ရလောက



www.burmeseclassic.com

www.burmeseclassic.com





သားတွေနဲ့ တွေ့ခဲ့လိမ့်မယ် ထင်ပါရဲ့"ဟု တွေးဆကာ လိုအပ်သည်များကို မှတ် ဆိုပြီး ပရိတ်ရေများကို ပက်ဖျန်းလေ၏ ။

❖

မနက်မိုးလင်းတော့ ဦးဩဘာ နိုးထလာ၏ ။ ဆရာတော်အား ညကဖြစ်စဉ်များကို တင်လျှောက် လေရာ -

"အိမ်း . . ဒကာ ဩဘာ၊ ဒကာ ဟာ တစ်နေကုန်၊ တစ်နေခန်း မူးယစ်သောက်စားနေလေတော့ ဘုရားမသိ၊ တရား မရှိဖြစ်နေတယ် လူ့တန်ဖိုးတွေလည်း နိမ့်ကျနေ တယ်။ ဒီတော့ တန်ဖိုး နိမ့်ကျနေတဲ့ တစ္ဆေသရဲတွေနဲ့ တွေ့ခဲ့၊ ကြုံ ရတာ အဆန်းလို့ မဆိုနိုင်ပေဘူး။ အသက်တောင် ပါသွားနိုင်တယ် ဒကာ"

"ဒကာက မိကောင်းဖခင် သားတစ်ယောက်ပါ။ ဒီတော့ မိဘ ရဲ့တန်ဖိုးကို မြှင့်တင်ပါ။ လူနဲ့ တူအောင်နေပါ။ ဘုရား၊ တရား လုပ် ပါ။ ဒါပဲ အကြံပေးမယ်။ ဟုတ်လား"


"တင်. . တင်ပါ့ဘုရား"

ဦးဩဘာသည် အသံတုန်လျက် ရှိနေသေး၏ ။ မိမိ ခန္ဓာ ကိုယ်အစိတ်အပိုင်းတွေကိုလည်း စိုးရိမ်စိတ်ဖြင့် ပြန်ကြည့်မိလေ ၏ ။ ခြေချောင်း၊ လက်ချောင်းတို့ကိုလည်း ဖြန့်ကြည့်မိလေ၏ ။ ဆရာ တော်၏ မိန့်ဆိုစကားတွေကိုလည်း ဆင်ခြင်နေမိလေ၏ ။

ထိုစဉ် ဘုန်းတော်ကြီးကျောင်းသို့ ဒကာ၊ ဒကာမ အချို့ အတူ ဦးဩဘာ၏မိဘများ ရောက်လာကြလေ၏ ။ ဦးဩဘာသည်







သူ၏မိဘများအား ညက သူ တွေ့ခဲ့၊ ကြုံခဲ့ရသည်များကို ပြန်ပြောင်း ပြောပြလေ၏ ။ နိုးစပ်ရာ ဘုန်းတော်ကြီးကျောင်း သို့ ပြေးဝင်အိပ်ခဲ့ရကြောင်းကို လည်း ပြောလေ၏ ။

"မောင်ဩဘာ ပြောစမ်း ပါဦး . . ခုနက ငါ့နာမည် ပါသွား သလိုပဲ"

ဟု နား အတန်ငယ် လေး သော ဒေါ်အေးမြက မေးလေရာ ဦးဩဘာမှ အသံမြှင့်လိုက်ပြီး -

"ဟုတ်တယ် . . ဒေါ် အေးမြ၊ ဒေါ်အေးမြအိမ်ကို မေး လို့ ခေါ်လာတာ၊ သူက မျက်လုံးဆရာ။ ခင်ဗျားနဲ့ ဘယ်လိုတော် လို့တုန်း"

"ဟဲ့ . . အဲဒါ ငါ့ မောင်ဝမ်းကွဲတော်တယ် ဟဲ့၊ သူ သေတာ အတော်ကြာပြီ။ ဆယ်နှစ်ကျော်ကျော် ရှိပြီပဲဟာ။ မဖြစ်နိုင်တာတွေ လာပြောမနေစမ်းနဲ့"

ဟု ပြောပြောဆိုဆိုနှင့် ရှေ့တိုးလာ၏ ။ မျက်နှာတွင်တော့ ကြောက်စိတ်လွှမ်းနေသယောင် ရှိနေလေ၏ ။

ထိုစဉ် ဆရာတော်မှ -

"ကဲ . . ဇာတ်ရည်လည်အောင် ရှင်းပြမယ်"

ဟုဆိုကာ ရှင်းပြလေ၏ ။ ဖြစ်စဉ်ကို ရှင်းလင်းပြပြီး -

"ဒကာဩဘာလည်း ပုံစံပြောင်းတော့။ မပြောင်းရင် အဲဒီ မျက်လုံးဆရာက ဒကာဆီ မရမသွေ ပြန်လာလိမ့်မယ်။ ဒကာက ကံနိမ့်နေတယ်။ ကံနိမ့်တဲ့သူတွေဟာ သရဲတစ္ဆေတွေနဲ့ တွေ့ရတတ် တာပဲလေ"

ဆရာတော်သည် ဒေါ်အေးမြဆီသို့ အကြည့်ရွှေ့လိုက်ပြီး အသံကိုမြှင့်ကာ -

www.burmeseclassic.com

www.burmeseclassic.com





"ဒေါ်အေးမြလည်း နားထောင် . . ဒကာမကြီးရဲ့ မောင်ဝမ်းကွဲတာ မကျွတ်မလွတ်သေးဘူး။ သူနဲ့ ပတ်သက်တဲ့ပစ္စည်း ဘာတွေများရှိလဲဆို တာ စဉ်းစား။ ရှိရင်လည်း ထုခွဲပြီး အလှူလုပ်၊ သူ့အတွက် အမျှပေးစေ ဟုတ်လား"

"အဲဒီလိုမလုပ်ရင် ဒကာမ ကြီးဆီကို မောင်ဝမ်းကွဲဆိုသူတာ ရောက်လာလိမ့်မယ်။ ဒကာဩ ဘာကို ဒကာမကြီးရဲ့အိမ် သူတ မေးနေပြီ . . မဟုတ်လား"

"ဒီတော့ ဒကာမကြီးရဲ့ မောင် ဝမ်းကွဲဟာ ရွာအနီးအနားမှာ မလွဲ မသွေရှိနေလိမ့်မယ် ကြားလား"

"တင် . . တင်ပါ့ဘုရား။ သူ့အတွက် အလှူလုပ်ပေးပါ့ မယ် ဘုရား . . သူ့ရဲ့ပစ္စည်း တပည့်တော်မမှာ ရှိနေပါတယ် ငါးမူးသား လက်စွပ်တစ်ကွင်းပါ။ သူကိုယ်တိုင် အပ်ထားတာ အဲဒါကို ရောင်းပြီး သူ့အတွက် အလှူ လုပ်ပေးပါ့မယ်"

"ဒါ . . ဒါဆို သူ တပည့်တော်မဆီ မလာတော့ဘူး မဟုတ် လား။ ကျွတ်လွတ်သွားမှာလား၊ မကျွတ်မလွတ်ရင် တပည့်တော် တော့ ဒုက္ခလှလှတွေ့ပါလိမ့်မယ် ဘုရား။ တပည့်တော်မ ကြောက် တတ်ပါတယ် ဘုရား"

ဟု ကြောက်စိတ်ဖြင့် ဝေ့ဝဲနေသော မျက်ရည်စများ လက်ဖမိုးနှင့်သုတ်ရင်း ပြောလေ၏ ။

"စိတ်ချပါ ဒကာမကြီး . . ဘုန်းကြီးကိုယ်တိုင် ကမတ ပြုပြီး လိုအပ်တာတွေကို ဆောင်ရွက်ပေးမယ်။ ဒကာမကြီးက ဝမ်း မောင်ရဲ့နာမည်ကိုခေါ်ပြီး အလှူရေစက်ချ၊ အမျှဝေ ဟုတ်ပြီလား







ဒကာဩဘာရဲ့မိဘများကလည်း ဒကာဩဘာကို သင်္ကန်းစည်း ပေး လိုက်။ သာသနာ့ဘောင်မှာ ပျော် သလောက်နေပလေ့စေ . . ဟုတ် လား . . ဒကာတို့"

အားလုံးမှ တက်ညီ လက်ညီ ဝမ်းသာပီတိစိတ် တို့ ဖြင့် ဝန်ခံ ကတိပြု "တင်ပါ့ ဘုရား"ဟူ၍ လျှောက်တင် ကြလေတော့၏ ။

မကြာမတင်သော ရက်ပိုင်းအတွင်း အလှူပွဲကြီး ဖြစ်တည် ခဲ့လေ၏ ။ အလှူပွဲကြီးသည် စည်ကားလှပါဘိတောင်း။ ချမ်းသာသူ မိသားစုနှစ်စု၏အလှူမို့ ထမင်းရည်ချောင်းစီး၊ တစ်ရွာလုံး မီးနိုး တိတ် အလှူကြီး ဖြစ်လေတော့၏ ။

ထိုနေ့မှစ၍ "လူစိမ်း မျက်လှည့်ဆရာ"ဟုဆိုသော ပရ လောကသား တစ္ဆေကြီးသည်လည်း ကျွတ်လွတ်သွားလေတော့၏။

ဦးဩဘာသည်ကား သာသနာ့ဘောင်သို့ဝင်ကာ အသက်ထက်ဆုံး နေထိုင်၊ ကျင့်ကြံသွားမည်ဟု ဆိုခဲ့ပါသတည်း။

ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



# Ouro boros (သို့မဟုတ်) Infinity သင်္ကေတ



Ouro boros ဆိုတာဟာ နဂါးတစ်ကောင် သူ့အမြီးကို သူ ပြန်စားနေတဲ့ပုံကို သရုပ်ဖော်ထားတဲ့ သင်္ကေတတစ်ခုဖြစ်ပြီး ဂရိ ဘာသာစကား Ouro (အမြီး)နဲ့ boros (စားသောက်ဝါးမြိုခြင်း) ဆိုတဲ့ စကားလုံးတွေကနေတဆင့် ဆင်းသက်လာတာ ဖြစ်ပါတယ်။


ဒီသင်္ကေတဟာ စဉ်ဆက်မပြတ် မွေးဖွားလာသောဘဝ (သံသရာ)နဲ့ အဆုံးမရှိခြင်းကို ကိုယ်စားပြုကာ တမလွန်ဘဝ (သေလွန်ပြီး နောက်ဘဝသို့ ရောက်ခြင်း)ဆိုသော အယူဝါဒများ ပါဝင်နေကာ ဗီးနစ်ငှက်သည် သေဆုံးပြီး ပြန်လည် မွေးဖွားလာနိုင်သကဲ့သို့ ပြန်လည်မွေးဖွားခြင်းများ စဉ်ဆက်မပြတ်ဖြစ်နေသော သံသရာ လို့လည်း ဖွင့်ဆိုကြပါတယ်။

လက်ရှိ သင်္ချာဂဏန်းဗေဒများမှာ သုံးတဲ့ infinity သင်္ကေတ ဟာလည်း ခေတ်ကာလရေစီးကြောင်းအရ Ouro boros သင်္ကေတ မှတဆင့် ပြောင်းလဲ သန္တေတည်လာခဲ့တာ ဖြစ်ပါတယ်။

ဘာသာတရားအချို့နဲ့ ဂမ္ဘီရသင်္ကေတ လေ့လာသူများ







အတွက် ဒီသင်္ကေတဟာ အရေးကြီးတဲ့ အမှတ်တံဆိပ်တစ်ခုဖြစ်ပြီး အဂ္ဂရိတ် ပြုလုပ်ခြင်းဆိုင်ရာများမှာလည်း အများဆုံး အသုံးပြုကြပါတယ်။

လက်ပတ်အဆောင်(သို့မဟုတ်) ဂမ္ဘီရအဆောင်တို့ကို ပတ်ဆင်ကြရင် Ouro boros (ဝါ) infinity သင်္ကေတနဲ့အတူ တွဲဖက် ဆင်တော့မှ ပြီးပြည့်စုံတယ်လို့ သဘောထားကြသူများလည်း ရှိပါတယ်။ ဒီသင်္ကေတကို အနောက်တိုင်းမှာသာ တွေ့ရတာ မဟုတ်ဘဲ အီဂျစ်၊ ဂျပန်၊ အနောက်အာဖရိက စတဲ့ နိုင်ငံများမှာ ပုံစံအမျိုးမျိုးနဲ့တွေ့ရပြီး တဲရော့ကတ် အမှတ်(၁) The Magician ကတ်မှာလည်း မှော်ဆရာရဲ့ခေါင်းပေါ်မှာ တွေ့ရပါတယ်။

အခုဆိုရင် ဒီသင်္ကေတကို ဘာသာပေါင်း များစွာ၊ နယ်ပယ်ပေါင်းများစွာနဲ့ နေရာအနှံ့မှာ အယူအဆပေါင်း များစွာနဲ့ အသုံးပြုနေကြပြီး တချို့က အချစ် သင်္ကေတ Love တံဆိပ် Infinity (ဝါ) Ouro boros လေးကို ဆွဲသုံးခြင်းအားဖြင့် ကိုယ့်အချစ်ဟာ ထာဝရအတွက်လို့ ရည်ညွှန်းကြသူများလည်း ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အတိုတ်က . . ကြင်ယာတော်

ပန္နပြုပ်က . . ဇနီး

အနာဂတ်က . . မရကာ

မကြွေးညိုမြိုင်



www.burmeseclassic.com

www.burmeseclassic.com





* ပစ္စုပ္ပန်က ဇနီး *

"ကိုညီစိမ့် . . ရှင့် စာရေးမကို ပြောထားဦး။ ဘယ့်နှယ်တော် . . မယားကြီး ငုတ်တုတ်ရှိမှန်းသိလျက်နဲ့ ကြောင်တောင်နှိုက်ချင်နေတယ် . . တော်တော်လေး ဗိုလ်ကတော် ဖြစ်ချင်နေတယ် ထင်တယ်"

ဟု ဗုံမပါ၊ ပတ်မပါ လက်ညှိုး တထိုးထိုးနဲ့ ရာဇဝတ်အုပ် ဦးစံမောင်၏ဇနီး ဗိုလ်ကတော် ဒေါ်ထွေးက ကျွန်တော့်ကို ဆူပါလေ၏။ ကျွန်တော့် အနေဖြင့် သူ ဘာတွေပြောနေသည်ကို နားမလည်။

ကျွန်တော့်ထက် ဆိုးသည်မှာ ဒီနေ့နံနက်မှ ရန်ကုန်ကရောက်လာတဲ့ စာရေးဆရာ မြေဖြူ ဆန်ကြည်(ခ) ကိုအောင်ဆန်း (ဟာသ)တိုက်ပိုင်ရှင်က ကျွန်တော့်ကို တစ်ချက်၊ ဗိုလ်ကတော် ဒေါ်ထွေးကို တစ်ချက်ကြည့်ပြီး -

"ဘာတွေတုန်း"ဟု မျက်လုံးများက မေးနေ၏။

"ရှင့်အဖေ ဌာနအုပ်မျက်နှာနဲ့မို့ ကျွန်မက တရားမစွဲတာ အဲဒါ ရှင့် စာရေးမတွေကို ပြောထားဦး"ဟု ဆက်ပြောလေသည်။

"ဗိုလ်ကတော်ကြီး မှားနေပြီထင်တယ်၊ တစ်ခုခုတော့ မှားနေပြီ"ဟု ကျွန်တော်က ပြောမိ၏။

"ဘာမှားရမှာလဲ။ ကျွန်မယောက်ျားနဲ့ ရှင့်စာရေးမ ညတ လူခြေတိတ်မှာ ရှင့်ဆိုင်နောက်ဖေးက ကြက်ဆူတောထဲမှာ ချိန်းတွေ့နေတာ ကျွန်မကိုယ်တိုင်မိတာရှင့် . ."

"ဗျာ! . ."





"ဟုတ်တယ် . . ညတစ်နာရီထိုးမှာ ကျွန်မယောက်ျား ကျွန်မ မသိအောင် တိုက်ပေါ်ကဆင်းသွားတာ၊ ဘယ်ရမလဲ . . ကျွန်မ အိပ်ချင်ယောင်ဆောင်ပြီး လိုက်ချောင်းတာ၊ ကောင်မတာ ချုံရှင်ထဲက အတိုင်းပဲ။ ကျွန်မယောက်ျားကို ပြေးဖက်တာလေ"

"ကျွန်မ ပါးရိုက်မလို့ အနားကပ်သွားတော့ . . တော်တော် သည်းတဲ့ကောင်မ၊ ဘယ်လိုက ဘယ်လို ထွက်ပြေးတယ်မသိဘူး။ မျက်စိရှေ့က ပျောက်သွားတယ်"

ဟု ဗိုလ်ကတော် ဒေါ်ထွေးက ခရားရေလွှတ် တတွတ်တွတ် ပြောနေကာ ကျွန်တော် ဘာမှ ပြန်ရှင်းခွင့်မရ။

"ရှင့်ကောင်မကို ပြောထား . . နောက်တစ်ခါဆို ကျွန်မ နှင်းမလွှတ်ဘူး"

ဟုပြောကာ ဘောက်ချိုက်၊ ဘောက်ချိုက်နှင့် စခန်းထဲသို့ ကျွန်တော့်အိမ်နောက်ဖေးမှ ထွက်သွား၏။

ထိုစဉ်က ကျွန်တော်၏စာအုပ်ဆိုင်မှာ မကွေးအမှတ်(၁) ကောင်ဘက် (ချွေဒဂါး)ရုပ်ရှင်ရုံ၏ရှေ့ နတ်မောက်လမ်းတွင် ရှိ၏။ စာအုပ်ဆိုင်၏အမည်မှာ "မောင်နမစာပေ"ဖြစ်၏။ ရန်ကုန်မှ ထုတ်သမျှစာအုပ်များကို မကွေးတိုင်းအတွင်း တစ်ဆင့်ဖြန့်ချိသော တာဝန်ကိုယူ၏။

ကျွန်တော်ကိုယ်တိုင်လည်း အဖေလိုက်ခဲ့သောအမှုများကို လုံးချင်းဝတ္ထုများအဖြစ် "လူဆိုးထိန်းမောင်ကြီးနှင့် တုံးခေါက်ဆွဲ"၊ "လူဆိုးထိန်းမောင်ကြီးနှင့် ရှင်မတောင်ခင်မောင်" ဟူသော လူဆိုးထိန်းမောင်ကြီးကို ပင်တိုင်ယူကာ လုံးချင်းဝတ္ထုများ ရေးနေ ဖြစ်သည်။

ကောလိပ်ဂျင်နေဝင်း၊ ပန်းချီလေးဝင်းတို့နှင့် ကျွန်တော်၏ ဇာတ်လမ်းများကို ကက်ဆက်ခွေဇာတ်လမ်းအဖြစ် ထုတ်နေသည့် အချိန်ဖြစ်သည်။

ယခု ကိုအောင်ဆန်း မကွေးကို ရောက်နေခြင်း၏အကြောင်းက မဂ္ဂဇင်းအတွက် ကျွန်တော်ရေးသားခဲ့သော ဝတ္ထုများကို

www.burmeseclassic.com

www.burmeseclassic.com



စုစည်းပြီး ဝတ္ထုတိုပေါင်းချုပ် ထုတ်ရန်အတွက်ဖြစ်သည်။

ကိုအောင်ဆန်းကို ကျွန်တော်က အိပ်ခန်းထဲတွင် စော… တကျအိပ်ရန် စီစဉ်ပါသော်လည်း အေးအေးဆေးဆေး ဆိုင်ရှေ့… ပဲ အိပ်မယ်ဆို၍ အိမ်ရှေ့ကုတ္တိုပင်ကြီးအောက်တွင် ခုတင်ချ… ထားကာ ကုတ္တိုပင်ဘက်သို့ ခေါင်းထားကာ ပြင်ဆင်ပေးခဲ့၏။

ထိုကုတ္တိုပင်မှာ နှစ်ပေါင်းတစ်ရာကျော်က အပင်ဖြစ်… အပင်ကြီး၏ ပင်စည်မှာ လူသုံးယောက်ဖက်မှ လက်ချားချင်း ထိ၏။

ထိုအပင် ပင်စည်တွင် ကျွန်တော်သည် ရက္ခစိုးနတ်စင်နှ… လူအများသောက်သုံးရန် ရေအိုးစင်ထားပေးသည့်အပြင် နံနက် နှင့် ညများတွင် အမွှေးတိုင်ထွန်းပြီးသကာလ ကျွန်တော်၏ မိသား… အား စောင့်ရှောက်ပေးကြပါရန် အမြဲဆုတောင်းမိလေ၏။

ကျွန်တော်တို့နှစ်ယောက် အလုပ်ကိစ္စ ဆွေးနွေးခဲ့သည်မှာ ညတစ်နာရီ ထိုးသွားသည်။ မနက်ဖြန် ကိုအောင်ဆန်းသည် မီး… ရထားဖြင့် ရန်ကုန်ပြန်မည် ဖြစ်၏။

ထိုကာလကား ကားရှားသဖြင့် မကွေးမှ တောင်တွင်းကြီး… သွားပြီး မီးရထားစီးရ၏။ မီးရထားက ည(၁၂)နာရီတွင် ပျဉ်းမနား… ဘူတာသို့ရောက်ပြီး နံနက်(၃)နာရီတွင် မန္တလေးမှလာသော ရထား… ခေါင်းတွဲဖြင့်သာ ရန်ကုန်သို့သွားရလေရာ တော်တော် ခက်ခဲသည်။

"ဝုန်း!.."

"ဖျော..ဖျော..ဖျော"

"ဟ..ဘာတုန်းဟ..ကိုညိုစိမ့် လာပါဦး၊ ဒီမှာ ဘာကြီးမှန်း မသိဘူး"

အိမ်ရှေ့မှ ကိုအောင်ဆန်း၏ အလန့်တကြားအော်သံကြား… ၍ ကျွန်တော် ပြေးထွက်ခဲ့သည်။

"ဘာဖြစ်လို့လဲ ကိုအောင်ဆန်း"

ကျွန်တော်က မေးမေးပြောပြောဖြင့် အိမ်ရှေ့သို့ထွက်လာ… ရာ ကိုအောင်ဆန်းက အိပ်ရာခင်းအား ကျွန်တော်ပြင်ပေးသော ကုတ္တိုပင်အား ခေါင်းမထားဘဲ ခြေထောက်ထား၍ အိပ်နေသည်…





…တွေ့ရ၏။



"ပြော မပြောချင်ပါဘူးဗျာ၊ ကျွန်တော်က ခြေထောက်ကို အမြင့်တစ်ခုပေါ်မှာ တင်ပြီးမှ အိပ်တတ်တာဗျ။ …ကြောင့် ခင်များ ထားခဲ့တဲ့အတိုင်း မအိပ်ဘဲ ခြေထောက်ကို ကုတ္တိုပင်က …အတက်ကလေးပေါ် တင်အိပ်တာ အိပ်ပျော်မယ်ကြံရော..ကျွန်တော့်ခြေထောက်က အောက်ကိုပြုတ်ကျတယ်ဗျ"

"မိမိရရမတင်မိလို့ ပြုတ်ကျတယ် ထင်ပါတယ်လေဆိုပြီး …တင်ပြီး အိပ်ပြန်တော့ အဲသလိုပဲ မှေးခနဲအိပ်ပျော်မယ်လည်း ကြံရော ပြုတ်ကျပြန်ရောဗျ၊ ဒါနဲ့ ကျုပ်လည်း ဒီလောက်တောင် သောက်သုံးမကျတဲ့ ခြေထောက်ဆိုပြီး ပက်လက်လှန်ပြီး ခြေထောက်နှစ်ချောင်းကို ကုတ္တိုပင်အတက်ကို မိမိရရချိတ်ပြီး အိပ်လိုက်တာ အဆင်ပြေသွားတယ်ဗျ"

"အိပ်လို့ပျော်မယ်လည်း ကြံရော မပြောပါနဲ့တော့ဗျာ၊ ကျွန်တော့်ရဲ့ ခြေနှစ်ချောင်းကိုကိုင်ပြီး ဆွဲလှည့်လိုက်တာ ခေါင်းက ကုတ္တိုပင်ဘက်ရောက်ပြီး ခြေထောက်က ခင်များထားခဲ့တဲ့အတိုင်း ဖြစ်သွားတာဗျ။ ချောလိုက်တာဗျာ..ရက်ရက်စက်စက်ပါပဲ"

"ဘယ်သူက ချောတာတုံးဗျ၊ ကိုအောင်ဆန်းရ"

"ကရမက်နဲ့လေးကလည်း သင်းလို့..မွှေးမွှေးပဲဗျို့"

"ဟာ!..ဒီလူတော့ ဝေါက်ပြီ"

"ကျွန်တော် ဝုတ်တုတ်ထထိုင်တော့ ကျွန်တော့် ဒူးခေါင်းနားမှာ ရပ်နေတာဗျ"

"ညကြီးမိုးချုပ် ဘယ်သူက ရှင့်အနားကို လာရပ်နေတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ ကိုအောင်ဆန်းရဲ့"

ကျွန်တော့်မိန်းမ စာရေးဆရာမ ဒေါ်အမာစိန်က နောက်မှ လိုက်လာပြီး မေး၏။

"နတ်မိမယ် . . နတ်မိမယ် တစ်ယောက်ပဲဗျ။ ကျွန်တော်က သူ့ကိုဖက်လိုက်မယ်လည်းလုပ်ရော ဟောဒီကုတ္တိုပြင်ပေါ်က ပင့်ကူလူသား(Spider Man)တက်သွားသလို ကုတ်ခြစ်ပြီး တက်သွားလိုက်တာ အပင်ခွဆုံလည်းရောက်ရော ပျောက်သွားတာပဲဗျို့ . . ချောမှချော . . မွှေးမှမွှေးပဲဗျ"

"ဟဲ့ . . ဟဲ့ မိန်းမ၊ ဘုရားစင်ပေါ်က ဆေးဝက်ဘာဆရာတော်ရဲ့ ပရိတ်ရေ မြန်မြန်ယူခဲ့"

ဟု ဇနီးကိုနိုင်းလိုက်ရာ ဇနီးက အမြန်ဆုံးယူလာပြီး ကိုအောင်ဆန်းရဲ့ဦးခေါင်းမှ ခြေထောက်အထိ ရေကို လက်ချောင်းများနှင့် နိုက်ယူပြီး လက်ဖြင့်တောက်လိုက်၏။

ပရိတ်ရေများက တစ်စက်ချင်း ကိုအောင်ဆန်းကို ထိမှန်သွားသည်နှင့် ပြူးပြူးကြောင်ကြောင်ဖြစ်နေသော သတိ ပြန်လည်လာသည်။

"ကိုအောင်ဆန်း . . ဒီရေကလေး သောက်လိုက်ဦး"

ဟုပြောကာ ဆေးဝက်ဘာဆရာတော်၏ ပရိတ်ရေကို တိုက်လိုက်ရာ ကိုအောင်ဆန်းက လိုလိုချင်ချင် သောက်လိုက်သည်။

ကျွန်တော့်မိန်းမ ဒေါ်အမာစိန်က အမွှေးတိုင်များယူ၊ အလင်းတိုင်များယူပြီး ရုက္ခစိုးစင်တွင် မီးထွန်းညှိပူဇော်ပြီး –

"အရှင် ရုက္ခစိုးမင်းကြီးနှင့် နမတော် . . ယခုလူမှာ ကျွန်မတို့ရဲ့ ညှေ့သည်ဖြစ်ပါတယ်။ တစ်ခါတစ်ရံမှားတာ ခွင့်လွှတ်တော်မူသနားပါ"ဟု တောင်းပန်လေတော့၏ ။ အမှန်တော့ သူတို့နေထိုင်သော ဘုံဗိမာန်ကို ခြေထောက်နှင့်ကန်မိ၍ လက်တွေ့ပြလိုက်ခြင်းဖြစ်သည်။

"ခင်ဗျားရဲ့မောင်နှမတပေကလည်း ဂန္တီရနယ်မြေကြီးပဲလားဗျ၊ အင်း . . မဟုတ်မှလွဲရော ဟို ဗိုလ်ကတော်ဆိုတဲ့ မိန်းမကြီး





ပြောတာ ဒီနတ်မိမယ်ပဲ ထင်တယ်ဗျ"ဟု မှတ်ချက်ချလေ၏။

"ဟုတ်လိမ့်မယ် ကိုအောင်ဆန်း၊ လပြည့် လကွယ်ညတွေဆိုရင် ဒီကုတ္တိုပြင်ကို အမြှုတန်းကြီးတွေ ကူး ကူးနေတာ ဒီနားကလူတွေ အကုန်မြင်တွေ့ရတယ်ရှင့် . . ဟိုအရှေ့ဘက်က ခေါက်ဆွဲဆိုင်ကလည်း ကျွန်မတို့ရဲ့အခန်းငှားထားတာ၊ မိန်းမဆိုလို့ ဆိုင်ရှင်တစ်ယောက်ပဲရှိတယ်။ ကျန်တာ ယောက်ျားတွေချည်းပဲ"

"ဒီအနောက်ဘက်ကဆိုင်ကလည်း ကျွန်မတို့ငှားထားတာ၊ ဘိလိယက်ခုံလေ . . ဘာ မိန်းမမှ မရှိဘူး။ မိန်းမနဲ့တူတာဆိုလို့ ခွေးအမတောင် မရှိဘူး။ မနက်တုန်းက ကျွန်မယောက်ျားကို မိန်းမကိစ္စနဲ့ပတ်သက်ပြီး ဒေါ်ထွေး ရန်လာတွေ့တုန်းက ကျွန်မတောင် အံ့ဩနေတာ၊ ရန်တွေ့တဲ့ကိစ္စကိုသာ ကျွန်မ ယောက္ခထီးကြီးကို ပြောလိုက်ရင် သူ့ယောက်ျား ဒုက္ခရောက်ဦးမယ်"

"အဲဒီဘက်က ဆိုင်ကလူတွေလည်း တွေ့ကြ၊ မြင်ကြရလို့ ပူဇော်ဖို့ဆိုပြီး အမွှေးတိုင်တွေ၊ ဖယောင်းတိုင်တွေလာပြီး လှူကြတာ။ ကျွန်မတို့ သုံးလို့တောင် မကုန်ဘူး"

"အေးဗျ၊ ကျွန်တော်လည်း အံ့ဩနေတာပါ။ ခင်ဗျားတို့ စာအုပ်ဆိုင်မှာကလည်း ဘာစာရေးမမှ မထားပါဘူး။ သူတို့ လင်မယားပဲ ရှိနေတာပါလို့ ထင်တော့ထင်သားဗျ။ ခင်ဗျားတို့ ဒါကို ယုံမကြည်တော့ မလုပ်မိကြစေနဲ့ဗျို့ . . ကိုယ်က သူတို့ကို ယုံကြည်ရင် သူတို့ကလည်း ကိုယ့်ကို စောင့်ရှောက်လိမ့်မယ်"

ဟု ပြောလေ၏။

"ဒီအတွက် စိတ်ချ ကိုအောင်ဆန်း . . ကျွန်တော့်မိန်းမက နတ်ကတော်တစ်ဝက် ဖြစ်နေတာဗျ၊ နောက်ဖေးက ကုတ္တိုပြင်မှာလည်း ရုက္ခစိုးစင်နဲ့ ရေချမ်းစင်ထားပြီး နံနက်တစ်ကြိမ်၊ ည တစ်ကြိမ်သွားပြီး ဆုတောင်းတာ . . ပါးစပ်ကတောင် အမြှုပ်ထွက်သလောက်ပဲဗျာ"

"ဘာတွေများလိုချင်လို့ အမြှုပ်ထွက်လောက်အောင် ဆုတောင်းနေရတာလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သားဆုတဲ့ဗျာ . . သားဆုတဲ့"

"မအမာစိန်"

"ရှင်"

"အဲဒါက ရုက္ခစိုးဆီ ဆုတောင်းရမှာ မဟုတ်ဘူးဗျ"

"သူများတွေတော့ ရုက္ခစိုးဆီ ဆုတောင်းကြလို့ ရတယ်ဆို ပြီးပြောကြလို့ . . ဒါနဲ့ နေစမ်းပါဦး၊ ဘယ်သူ့ဆီမှာ ဆုတောင်းရ မှာလဲရှင် . . လမ်းလေးဘာလေး ညွှန်ပါဦး"

"ခင်ပျားယောက်ျားကို ကြိုးစားခိုင်းရမှာဗျ"

"ဟာ! . . ဒီလူကြီး ပေါက်ပေါက်ရှာရှာ၊ ကျွန်မက အကောင်း မှတ်လို့"ဟုပြောကာ ရှက်ရှက်ဖြင့် အိမ်ထဲသို့ဝင်သွားလေတော့ သည်။

"ဒေါ်အမာစိန်ရေ . . ခင်ပျားယောက်ျား တစ်ယောက်တည်း နဲ့ မပြီးသေးဘူးဗျ၊ ခင်ပျားလည်း ကြိုးစား"

ကိုအောင်ဆန်း နောက်ပြောင်ပြောဆိုနေသည်ကို သိ သဖြင့် ကျွန်တော့ဇနီး ဒေါ်အမာစိန်ခမျာ ပြုံးဖြီးဖြီးကြီး အခန်းထဲသို့ ဝင်သွားလေတော့သည်။

❖

## * အတိတ်က ကြင်ယာတော် *

မကွေးနှင့် တောင်တွင်းကြီးမြို့က မိုင် (၅၀)ကျော် ဝေး သည်။ ထိုခေတ်အခါက ကားများမှာ (၃)နာရီမောင်းမှ ရောက်၏။ (၃)နာရီ ကြာ၏။

ချောက်မြို့၊ ကြေးနီရွာမှထွက်သော ကြေးနီ - ပျဉ်းမနား မီးရထားက တောင်တွင်းကြီးသို့ နံနက် ၅-နာရီ (သို့) ၉-နာရီတွင် ရောက်၊ ၁၀-နာရီတွင် ပျဉ်းမနားသို့ဆက်ထွက်သည်။

ထိုကြောင့် ကိုအောင်ဆန်းအား မအိပ်စေတော့ဘဲ ထို ရထားကိုမှီရန် မကွေးမှ နံနက်(၄)နာရီတွင် တောင်တွင်းကြီးသို့ ထွက်သော ကုန်ကားဖြင့် လိုက်နိုင်ရန် ကားဂိတ်သို့ ပို့ပေးရလေ၏။





**"ဒီသူငယ်မယ်က အရင်ဘဝက ကျွန်တော့ဇနီးသေး ကျွန်တော်က အရင်ဘဝတုန်းက ဂျပန်ဗျ.. ဗမာပြည်ကို စစ်ပွဲနဲ့အတူ ရောက်လာပြီး သူနဲ့ ချစ်ခဲ့ကြတာ.."**

---

ကားဂိတ်သို့ရောက်သော် ကားမှာ လူမပြည့်သေးသဖြင့် လက်ဖက်ရည်ဆိုင်သို့ ဝင်ထိုင်ရာ ရာဇဝတ်အုပ် ဦးစံမောင်းနှင့် တွေ့ဆုံကြလေ၏။ ဦးစံမောင်းက ၎င်းထိုင်နေသောခုံကို ပြင်ထိုင် ရင်း အတူထိုင်ရန်ခေါ်သဖြင့် ဦးစံမောင်းရှိရာ စားပွဲဝိုင်းသို့ ကျွန် တော်တို့ ဝင်ထိုင်လိုက်ကြသည်။

"မနေ့ကကိစ္စ . . ကျွန်တော် ကိုညိုစိမ့်ကို အားနာလိုက် တာဗျာ"ဟု သူ၏ဇနီး ကျွန်တော့်ထံ လာရောက် ရန်တွေ့သော ကိစ္စ နှင့်ပတ်သက်ပြီး တောင်းပန်ခြင်းဖြစ်၏။

"မိန်းမဆိုတာ ဒီလိုပါပဲ ဗိုလ်ကြီးရာ . .၊ ဗိုလ်ကြီးကလည်း ဆင်ဆင်ခြင်ခြင်လေးနေပေါ့"ဟု ကျွန်တော်က သတိပေး၏။

"ကျွန်တော်လည်း သတိထားတာပဲ ကိုညိုစိမ့်ရဲ့၊ ဒါပေ မယ့် သူလာခေါ်ရင် မလိုက်ဘဲ မနေနိုင်ဘူး"

"ကောင်မလေးက ဘယ်ကလဲဗျ"

မသိချင်ယောင်ဆောင်၍ ကျွန်တော်မေးလိုက်သည်။

"ခင်ဗျားတို့ အိမ်နောက်ဖေးက ကုက္ကိုပင်မှာနေတာ"

"ဗျာ! . ."

"ဘာလဲ . . ခင်ဗျားကလည်း ကျွန်တော့မိန်းမလိုပဲ မယုံ ဖြစ်ဘူး ထင်တယ်"

"ဩော် . . မယုံတာက ဖြိတ္တာနဲ့လူ ဘယ်လိုများ ချစ်ကြ သလဲဆိုတာပါ။ ဒါနဲ့ မေးရဦးမယ်ဗျ . . လက်ရှိ ဗိုလ်ကတော်ကြီးနဲ့ ဖြိတ္တာမ ဘယ်သူ့ပိုချစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com





"သြော် .. ကိုညိုစိမ့်ရယ်၊ ခင်ဗျားမို့ မေးရက်တယ်"

"ဗိုလ်ကတော်ကြီးက လက်တွေ့ချစ်ရတာဗျ၊ သူ့ယောင်မယ်ကတော့ အငွေ့ချစ်ရတာဗျ။ ဘယ်တူမလဲ တစ်မျိုးစီပေါ့"

"ဒါပေမယ့် ဒီသူ့ယောင်မယ်က အရင်ဘဝက ကျွန်တော့ဇနီးလေ။ ကျွန်တော်က အရင်ဘဝတုန်းက ဂျပန်ဗျ .. ဗမာပြည်ကို စစ်ပွဲနဲ့ အတူရောက်လာပြီး သူနဲ့ ချစ်ခဲ့ကြတာ"

"စစ်ပွဲအတွင်းမှာ ဗုံးဒဏ်သင့်ပြီး ကျွန်တော်တို့နှစ်ယောက် သေခဲ့ရတာ၊ ကျွန်တော်တို့ရဲ့အလောင်းနဲ့အရိုးတွေကို ခင်ဗျားအိမ်ရှေ့က ကုက္ကိုပင်ရဲ့အောက်မှာ မြှုပ်ထားကြတယ်"

"ခင်ဗျားက ဘယ်လိုလုပ်သိတာလဲ"

"သူ့ယောင်မယ်က ပြောပြတာဗျ"

"ဒါဆို ဒီကုက္ကိုပင်က .."

"ဟုတ်တယ်။ ကျွန်တော်တို့ အလောင်းတွေမြှုပ်ပြီးမှ ကုက္ကိုပင်က ပေါက်တာ၊ အခုလက်ရှိ ခင်ဗျားတို့ဆောက်ထားတဲ့ အိမ်နေရာက ဟိုတစ်ချိန်တုန်းက စစ်သင်္ချိုင်းဆိုတာ မသိဘူးလား"

"သိပါတယ်ဗျာ၊ ကျွန်တော် ဒီအိမ်ဆောက်တော့ မြေကြီးထဲက ရှေးဟောင်းအုတ်တွေ တွေ့တယ်လေ"

"ဟုတ်တယ် .. ကိုညိုစိမ့်၊ ဒီကိစ္စတွေ ကျွန်တော်ပြောပြတာ မယုံလို့ အရင်ဘဝက သေနတ်မှန်ထားတဲ့ဒဏ်ရာနဲ့ ဗုံးဆံမှန်ထားတဲ့ဒဏ်ရာ၊ အခု ဒီဘဝအထိပါလာသေးတယ် .. ဒီမှာကြည့်"

ဗိုလ်ကြီးက သူ့အင်္ကျီကြယ်သီးတွေဖြုတ်ပြီး ကျွန်တော်တို့ကို ပြမယ်လုပ်၏။ လူတွေ ကြည့်နေကြလို့-





"နေပါစေ၊ မပြပါနဲ့"ဟု ပြောသော်လည်း မရ။

ဖွတ်ဖွင့်ပြနေ၍ ကြည့်လိုက်ရာ ရင်ဘတ်လက်ဝဲဘက် နှလုံးနေရာတွင် ကြီးမားသော ဒဏ်ရာဟောင်းကြီးတစ်ခုကို တွေ့မြင်ရလေရာ ကျွန်တော်သာမက ကိုအောင်ဆန်းပါ အံ့သြနေတော့၏။

"ဒါက ဝင်တဲ့အပေါက် သေးတယ်၊ ထွက်တဲ့အပေါက်ကို ကြည့်မလား အကြီးကြီးပဲ"ဟုပြောကာ နောက်ကျောကိုလှည့်၍ ပြမည်လုပ်နေသဖြင့် ယုံကြည်ပါကြောင်း ဖြတ်ပြော၍ တားရလေ၏။

ကျည်ဆံတို့၏ သဘောတရားမှာ စတင်မှန်သော နေရာမှာ ဒဏ်ရာသေးငယ်ပြီး ကျည်ဆံထွက်သွားသော နေရာမှာ ကျယ်သည်က ထုံးစံဖြစ်တော့၏။

"ဒီဒဏ်ရာကို ဗိုလ်ကြီးမိန်းမကို မပြဘူးလား"

ဟု ကိုအောင်ဆန်းက မေးသည်။

"မပြဘဲ နေမလားဗျာ၊ အဲဒါကိုလည်း မယုံမြန်ဘူးတဲ့ .. နောက်ဆုံး ဘယ်လိုအကျပ်ကိုင်သလဲသိလား"

"ဟုတ်ကဲ့ .. ပြောပါဦး .. ကြားရအောင်"

"ဒါဆိုလည်း အဲဒီ သူ့ယောင်မယ်ဆီက ရှေးဟောင်း ရွှေလက်ကောက်တစ်ရံနဲ့ ရွှေခြေကျင်းတစ်စုံ တောင်းပေးရမယ်တဲ့ဗျာ"

"အဲဒီတော့ .."

"ကျွန်တော်လည်း တောင်းပေးလိုက်တယ်"

"အောင်မလေး ဗိုလ်ကြီးရယ် .. ပြိတ္တာမက ပေးတာပဲလား"

ကိုအောင်ဆန်းက စပ်စုလိုက်သည်။

"ပြိတ္တာမလို့ မခေါ်ပါနဲ့ဗျ၊ သူ့ယောင်မယ်ပါ"

ဗိုလ်ကြီးက သူချစ်သူကို ပြိတ္တာဟူသော အခေါ်အဝေါ်ကို သုံးမိ၍ စိတ်ဆိုး၏။ မနည်း တောင်းပန်လိုက်ရသည်။

"ပေးတယ်ဗျာ၊ ကျားခေါင်းလက်ကောက်တစ်ရံနဲ့ ကျားခေါင်းရွှေခြေကျင်းတစ်စုံ ပေးတယ်ဗျ။ ဒါပေမယ့် ဘယ်အချိန်မေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်မှန်း ကျွန်တော်တောင် မသိဘူး"

"ဟင်! . . ဒါဖြင့် သူကိုယ်တိုင် သွားပေးတာပေါ့"

"လူကိုယ်တိုင်တော့ မဟုတ်ဘူးဗျ . . ကျွန်တော်တို့အိမ်လေကားအဆင်းမှာ ပန်းအိုးတစ်လုံးရှိတယ်။ အဲဒီပန်းအိုးကို ကျွန်တော့မိန်းမက နေရာရွှေ့လိုက်တော့ လက်ကောက်နဲ့ ခြေကျင်းတို့ တွေ့တော့တာပါပဲ"

"အမယ်လေး . . ဝမ်းသာလိုက်တာ ဗိုလ်ကြီးရာ"

"ဘာတုန်း . . ခင်ဗျားက ကျွန်တော်တို့လင်မယား နစ်ယောက် ထိပ်ပေါက်၊ ခေါင်းကွဲဖြစ်အောင် ရျကြတာကို ဝမ်းသာတာလား"

"ဗျာ . . မဟုတ်ရပါဘူးဗျာ၊ ပစ္စည်းတွေရသွားတော့ ဗိုလ်ကြီးတို့လင်မယား အဆင်ပြေသွားမှာပဲလို့တွေးပြီး ဝမ်းသာတာပါ။ ဘယ်လိုကဘယ်လို ထိပ်ပေါက် ခေါင်းကွဲတွေ ရျဖြစ်ကြပြန်တာတုန်း ဗိုလ်ကြီးရယ်"

"ဘယ်လိုကြောင့်ရမလဲဗျာ၊ အဲဒီပန်းအိုးအောက်မှာ တွေ့တဲ့ပစ္စည်းတွေက ကျွန်တော်က ဟိုမိန်းမကိုပေးဖို့ ဖွက်ထားတာပဲဗျာ"

"ကျွန်တော်လည်း စိတ်တိုပြီး အခန်းတံခါးပိတ်ပြီး ဆော်လိုက်တာ သူ့အံသွားတစ်ချောင်း ကျိုးသွားတယ်"

"သူကလည်း ကျွန်တော့ကို ရရာလက်နက်နဲ့ရျတာ . . တစ်ကိုယ်လုံး ဖူးယောင်နေတာပဲ၊ တော်ပါပြီဗျာ။ ဒီကိစ္စက ဘယ်လိုပဲ ဖြေရှင်းဖြေရှင်း ရတော့မှာမဟုတ်ပါဘူး။ ဒီဘဝတော့ သူ့အရင် သေမှ၊ ကျွန်တော်အရင် သေမှ အေးမှာပါ"

"ကျွန်တော် အခုတော့ ဆုံးဖြတ်ချက် ခိုင်ခိုင်မာမာတစ်ခု တော့ ချရတော့မယ်"

"ဘယ်လိုဆုံးဖြတ်ချက်မျိုးလဲ ဗိုလ်ကြီးရ"

"ကိုယ့်ကိုယ်ကို ပစ်သတ်ပြီး သေဖို့၊ ဒါမှမဟုတ် ဒီမိန်းမကို အသေသတ်ဖို့၊ ဒီနစ်ခုထဲက တစ်ခုကိုတော့ ရွေးရလိမ့်မယ်"





"ကိုင်း . . ကျွန်တော့ကို ခွင့်ပြုပါဦး၊ အိပ်ချင်လာပြီ။ စခန်းထဲသွားပြီး တစ်ရေးတစ်မော အိပ်လိုက်ဦးမယ်"

"ဗိုလ်ကြီး အိမ်မပြန်ဘူးလား"

"မပြန်ပါဘူးဗျာ၊ အိမ်ကဟာမကို ရှောင်နိုင်မှ ကောင်းမှာဗျ"ဟု ပြောပြောကာ ဆိုက္ကားတစ်စီးကိုငှားပြီး ထွက်သွားလေတော့၏။

ကားသမားလည်း ကားထွက်တော့မည်ဖြစ်၍ လိုက်ပါမည့် ခရီးသည်များကို အော်ခေါ်နေသဖြင့် ကိုအောင်ဆန်း ကားပေါ်သို့ တက်သွားလေသည်။ ကျွန်တော်လည်း ကိုအောင်ဆန်းကို နှုတ်ဆက်လက်ပြပြီး ကျွန်တော်၏အိမ်သို့ ပြန်ခဲ့လေသည်။

"ဩော် . . ကံလေသာ အမှောင်"

"ကံလေသာ အမှောင်"

ဘယ်အမှောင်နဲ့မှ မတူဘဲ မျက်ကန်းတစ္ဆေ မကြောက်၊ အမှောင်မျိုးဖြစ်ကြောင်း စာရေးသူ လမ်းသွားရင်း တွေးမိသည်။ ဤကိစ္စ ဤမျှနှင့်ပြီးပါစေဟု ကျွန်တော် ဆုတောင်းပါသည်။

သို့သော် ကျွန်တော်၏ဆုတောင်း မပြည့်ခဲ့ပါ။ ဤကဲ့သို့ မကောင်းသောကိစ္စများကို ကျွန်တော် မရေးချင်ပါ။ ဇာတ်လမ်း မသိမ်းသေးသဖြင့် ဆက်လက် ရေးသားရပါဦးမည်။

ဤကိစ္စမှာ ဤမျှနှင့်မပြီးသေးဘဲ မိန်းမတို့သဘာဝ ဗိုလ်ကတော်ဒေါ်ထွေးက ကျွန်တော်၏ဖခင် (မကွေးအမှတ် - ၁ ရဲစခန်းမှူး) ဦးကြီးထံသို့သွားရောက်ပြီး ရင်ဖွင့်ရာတွင် ကျွန်တော်၏ အဖေသည် တစ်နေ့သော နံနက်ခင်းတွင် ကျွန်တော်ရှိရာ (မောင်းမ)စာပေသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာပြီး ဆူပါလေ၏။

သို့ဖြစ်၍ အဖေ့ကို ဒီကိစ္စနှင့်ပတ်သက်ပြီး နားလည်အောင် ရှင်းပြရပါလေတော့သတည်း။

❖



www.burmeseclassic.com

## * အနာဂတ်က မရကာ *

"ဟော့ကောင် ညီစိမ့် . . သူများလင်မယားကြား မင်းက ဘာကြောင့် ဝင်ပါနေရတာလဲ။ ရှုပ်ရှုပ်ယှက်ယှက် မလုပ်စမ်းပါနဲ့ ကိုယ့်မိသားစုအရေးပဲ ကိုယ်ပါစမ်းပါ"လို့ ရောက်မစိုက် ကျွန်တော့ကိုပြောလိုက်တော့ ကျွန်တော် အဖေ့ကို နားမလည်ဘဲဖြစ်သွားရတယ်။

"ဘာကိစ္စလဲ အဖေ၊ ကျွန်တော်က ဘယ်သူ့လင်မယားကြား ဝင်ပါနေလို့လဲ"

"မင်း ငါ့တပည့် ရဲအုပ်မောင်စံမောင်နဲ့ ဗိုလ်ကတော် ဒေါ်ထွေးတို့ လင်မယားကြားမှာ မင်းဝင်ပါနေတာလေ"လို့ အဖေကပြောတော့ ကျွန်တော် ခွက်ထိုးခွက်လန် ရယ်မိပါတော့တယ်။

"ဟား . . ဟား . . ဟား အဖေကတော့ ဘုမသိ၊ ဘမသိနဲ့ ကျွန်တော့ကို လာဆူနေပြီ။ ဒီပြဿနာက ကျွန်တော့အိမ်ပေါ် တက်လာတဲ့ ပြဿနာဗျ အဖေရ"

"ဟေ . . ဘာပြောတယ်ကွ၊ ငါနားလည်အောင် ရှင်းပြစမ်းပါဦး"

"ဒီလိုအဖေ . . ကျွန်တော့ဆိုင်ရှေ့က ဟောဒီကုက္ကိုပင်အောက်မှာ ကိုစံမောင်နဲ့ သူ့ရဲ့အတိတ်က ကြင်ယာတော်တို့ အလောင်းရှိတယ်တဲ့"

"သူ့ရဲ့အတိတ်က ကြင်ယာတော်က မကျွတ်မလွတ်ဘဲ တစ္ဆေ၊ ပြိတ္တာဘဝရောက်နေတာမှာ သူတို့ချင်းပြန်တွေ့ပြီး ဇာတ်လမ်းဆက်ဖြစ်နေတာကို ဒေါ်ထွေးသိတော့ အဲဒီကောင်မလေးဟာ ကျွန်တော့ဆိုင်က အလုပ်သမားပါဆိုပြီး ကျွန်တော့ကို ပြဿနာ လာရှာနေတာပဲ"

"ဟေ ! . . ဗုဒ္ဓေါ၊ တကယ်ကော ဟုတ်ရဲ့လားကွ"

"ဟာ . . အဖေကလည်းဗျာ၊ ကျားကိုက်ပါတယ်ဆို နာထား ရှည်လား မေးနေရတယ်လို့ . . အဖေလည်း အသိပဲ၊ ကျွန်တော့ စာအုပ်ဆိုင်မှာ ဘယ်မှာ အရောင်းစျေးသည် အမျိုးသမီး ရှိလို့လဲ





အဖေရ . . အဖေ့ရွေးမပဲရှိတဲ့ဟာကို"

"အေး . . အဲဒါလည်း ဟုတ်သားဟ၊ အဖေ နားရှင်းအောင် ခင်းသိသမျှ ရှင်းပြစမ်းပါဦး"

"ဒီလိုအဖေ . . သူတို့လင်မယားနှစ်ယောက်က မာယာ ခြင်းပြိုင်နေကြတာ"

"အင်း . . ဆိုစမ်းပါဦး၊ ဘယ်လို ပြိုင်နေကြတာလဲ"

"မိန်းမမာယာ သဲကိုးဖျာတဲ့၊ ဟော . . ယောက်ျားတို့မာယာကြတော့ မန်ကျည်းကိုးပင်က အရွက်တွေကို တစ်ရွက်ချင်း မရေတွက်နိုင်သလို များသတဲ့ဗျ"

"ဟကောင် . . လိုရင်းတိုရှင်း ပြောစမ်းပါ။ ငါ နားရှုပ်လို့ပါ"

"ဒီလို အဖေ . . ဗိုလ်ကတော်ဒေါ်ထွေးက သူ့ယောက်ျား အစိမ်းသေမနဲ့ ဖောက်ပြားနေတာကို ကျွန်တော်တို့ရပ်ကွက်က ဗိုလ်ကုန်းကျောင်းဆရာတော် (ဦးဇဝန)ကို သွားလျှောက်တော့ ဆရာတော်က ဦးစံမောင်ရဲ့ယူနီဖောင်းတွေနဲ့ အကျီ၊ လုံချည်တွေ အားလုံးကို ပရိတ်ရေနဲ့ စိမ်ခိုင်းသတဲ့"

"အဲဒီ ပရိတ်ရေစိမ်ထားတဲ့ အဝတ်တွေဝတ်ပြီး အစိမ်းသေမနဲ့သွားတွေ့တော့ အစိမ်းသေမခမျာ ဗိုလ်စံမောင်ကို မကပ်နိုင်ဘဲ အတွေ့မခံဘဲ ထွက်ပြေးနေသတဲ့"

"ပရိတ်ရေစိမ်ထားတာကို စံမောင်က မသိဘူးတဲ့လား"

"ဘယ်သိမလဲ အဖေရ . . အကျီ၊ လုံချည်တွေကို ခြောက်အောင်လှမ်းပြီး မီးပူတိုက်ထားတာဆိုတော့ ဘယ်သိမလဲ"

"နောက်တော့ကော . ."

"နောက်တော့ ဗိုလ်စံမောင်က အစိမ်းသေမကို ဘာကြောင့် ရှောင်နေတာလဲမေးတော့ အစိမ်းသေမက ပရိတ်ရေတွေကြောင့် ကပ်နိုင်ဘူး။ ပူတယ်လို့ ပြောသတဲ့"

"အဲဒီတော့ . ."

"အဲဒီတော့ ဗိုလ်စံမောင်က မင်းဘူးဘက်ကို ကားတွေနဲ့ သွားတွေကူးတဲ့ မြင်းကင်းရွာက ဇက်ဆိပ်နားမှာနေတဲ့ အောက်လမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ဒေါ်ရွှေသီးထံသွားပြီး အကျိုးအကြောင်းပြောပြပြီး အတူအညီတောင်းတော့ ဒေါ်ရွှေသီးက အောက်လမ်းနည်းပေးလိုက်သတဲ့"

(မှတ်ချက် - မကွေးတံတားကြီး မဆောက်မီက မကွေးမြို့၏ (ဧရာဝတီ)မြစ်တစ်ဘက်ကမ်း၊ (မင်းဘူး)မြို့သို့ ထိုနေရာမှ သဗ္ဗာန်(ခ) ဇက်(ခ) အမိုးမပါသော စက်သင်္ဘောဖြင့် ကူးကြရသော နေရာဖြစ်၏။)

ယနေ့ထိ ထိုအောက်လမ်းဆရာမကြီး ဒေါ်ရွှေသီး ရှိနေပါသေးသည်။ ၎င်းမှာ ကိုယ်မကောင်းရှာပါ။ (နူနေပါသည်။) ထိုအလုပ်ကိုလည်း ဆက်လက်လုပ်ကိုင်လျက်ရှိသည်။

"ဘယ်လိုနည်းများလဲ ဟကောင်ရ . . ပြောပြစမ်းပါဦး။ စွမ်းရော စွမ်းရဲ့လား"

"ဒီလိုတဲ့ အဖေ . . အိမ်မှာ အမှိုက်လှည်းတဲ့ တံမြက်စည်း အမှိုက်တွေလှည်းပြီး သန့်ရှင်းရေးလုပ်တဲ့ တံမြက်စည်းလေ . . သိတယ်မဟုတ်လား"

"သိတယ်လေကွာ . . ငါ့အိမ်မှာလည်း အဲဒါပဲသုံးတာ"

"အဲဒီ တံမြက်စည်းကို ဇောက်ထိုးထား၊ အပေါ်က ရေလောင်းချ။ အောက်က ခွက်နဲ့ခံထားပြီး အဲဒီရေကို ရေစစ်နဲ့စစ်ပြီး သောက်လည်းသောက်၊ နောက်ပြီး အဲဒီရေတွေနဲ့ (ပရိတ်ရေ)ဖျန်းထားတဲ့ အဝတ်တွေကို ဖျန်းပေးလို့ပြောလိုက်တော့ ပရိတ်ရေတန်ခိုးတွေ ပျက်ပြယ်သွားပြီး ဗိုလ်စံမောင်းလည်း ဘုန်းကံတွေနိမ့်သွားတော့ သူ့ရဲ့အစိမ်းသေမကလေးနဲ့ မြန်ပြီး အိုကေသွားသတဲ့အဖေ"


"ဘုရား . . ဘုရား . . ဒီအကောင်တော့ မျက်ကန်းတစ္ဆေမကြောက်၊ မလုပ်သင့် မလုပ်ထိုက်တာတွေ လုပ်နေတော့တာပဲ ဂန္ဓာရီပညာတွေကလည်း လိုက်လို့မမီအောင် ဆန်းပြားလှချည့်လား"

အဖေ ခေါင်းကုတ်ရပြီ။ အဖေ့ကြည့်ရတာ စိတ်လည်း တော်တော် ရှုပ်သွားပုံပေါ်၏။

"အဖေ့တပည့် ကိုစံမောင်းတစ်ယောက်တော့ အတိတ်က







ကြင်ယာတော် နာနာဘာဝနဲ့ ပစ္စုပ္ပန်ကဖနီး ဒေါ်ထွေးကြားမှာ ဗျာများနေရပြီ၊ ဖေဖေ ကြည့်ထိန်းဦး"

"အေး . . တစ်ထောင့်ငါးရာ အဆိပ် ငယ်ထိပ်တက်ပေါက်နေတော့ ဘာမှလည်း ပြောလို့ရမှာ မဟုတ်ပါဘူးကွာ" ဟု အဖေက ညည်းညူနေစဉ် သေနတ်သံများ ကြားလိုက်ရသည်။

"ဒိုင်း . ."

"ရှိုး . ."

"ဒေါက် . . ပလုတ် . . တုတ်တုတ်၊ တာ! . . အဖေ၊ ခင်ပျားစခန်းက ကင်းသမား သေနတ်လွှတ်ကျပြီထင်တယ်"

"မင်းကလည်းကွာ ပုလိပ်တန်းလျားမှာမွေး၊ ပုလိပ်တန်းလျားမှာ လူဖြစ်လာတဲ့အကောင်က ရိုင်ဖယ်သေနတ်ကထွက်တဲ့ ကျည်ဆံအသံနဲ့ ခြောက်လုံးပြူးကထွက်တဲ့ ကျည်ဆံအသံတောင်မှ မခွဲခြားတတ်ဘူးလားကွ"

"ရိုးရိုးတပ်သားက ရိုင်ဖယ်ပဲကိုင်ရတာ၊ အခုကြားရတာက ခေါလီခြောက်လုံးပြူးကထွက်တဲ့ အသံကွ"

သေနတ်သံအကြောင်း ရှင်းပြနေစဉ် ကျွန်တော်၏ဖနီး အမာစိန်က အိမ်ရှေ့တွင်စကားပြောနေသော ကျွန်တော်တို့ သားအဖအနီးသို့ ထွက်လာပြီး -

"အဖေ . . လုပ်ဦး။ သေနတ်သံက ဖေဖေ့တပည့် ရဲအုပ်ဦးစံမောင်းအိမ်က ကြားရတာ၊ လင်မယားနှစ်ယောက် သတ်ကြပြီနဲ့ထင်တယ်။ ဖေဖေ မြန်မြန်သွားပြီး ရှင်းဦး"

ဟုပြောရာ ဖေဖေစခန်းမှူးဦးကြီးသည် ဦးစံမောင်း၏ အိမ်ရှိရာသို့ သွားလေ၏။ ဦးစံမောင်း၏အိမ်မှာ ကျွန်တော်တို့အုပ်ချုပ်၏နောက်ဖေး တစ်ဖာလုံအကွာတွင် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အစိုးရက ဆောက်ပေးထားသော နှစ်ထပ်တိုက်နှစ်ခန်းတွဲ အရာရှိများနေထိုင်သော တိုက်ခန်းဖြစ်သည်။ တိုက်ခန်း တစ်တိုက်တွင် အရာရှိအိမ်ထောင်သည်နှစ်ဦး နေရ၏။ သေးတိုက်အုတ်နံရံခြားထားသည်။

ကျွန်တော့စာအုပ်ဆိုင်နှင့် ဇင်းတိုက်ခန်းကြားတွင် တစ်ဖာလုံခန့်ကျယ်သော မြေလွတ်ရှိပြီး ထိုမြေလွတ်တွင် (ကြက်ဆူပင်) များ စိုက်ပျိုးထားရာ ထိုကြက်ဆူတောကို တိုးခွေ၍ ရဲအုပ်စံမောင်း၏အိမ်သို့ ခရာခဲဆစ် အရောက်သွားခဲ့ရသည်။

ထိုကြက်ဆူတောမှာ ရဲအုပ်စံမောင်းနှင့် အတိတ်က ကြင်ယာတော် နာနာဘာဝပြိတ္တာမတို့ နေ့ရော၊ ညပါ ချိန်းတွေ့နေသော နေရာဖြစ်လေသည်။

စခန်းမှူးဦးကြီးတစ်ယောက် ရဲအုပ်ဦးစံမောင်း၏ အိမ်အဝင်တွင် ဗိုလ်ကတော်ဒေါ်ထွေး၏ အော်ဟစ်၍ ငိုကြွေးနေသောအသံက ဆီးကြိုနှုတ်ဆက်လိုက်သည်။

"အောင်မယ်လေး .. ကိုစံမောင်းရယ် .. ဘဝဟောင်းက မိန်းမအတွက်နဲ့ ကိုယ့်ကိုယ်ကို သတ်သေရသတဲ့တော် .. ရက်စက်လိုက်တာ၊ ကျွန်မကိုရှင် ဒီလောက်တောင် မုန်းရင်လည်း ကွာရှင်းလိုက်ရင် ရတဲ့ဟာကို၊ ဒီလို သတ်ပြီးသေစရာတဲ့လား"

ဟုလူးလိမ့်၍ ပြောဆိုပြီး ငိုနေလေ၏။

"မပဋ္ဌာ မြေလူးသည်"ကို မမြင်ဖူးပါသော်လည်း ယခု ထဘီမနိုင်၊ ပုဝါမနိုင်။ ဆံပင်များ ဖွာလန်ကျဲအောင် ငိုနေသော ဒေါ်ထွေးကိုမြင်ရသည်မှာ အသုဘရှုလာသူများပင် မျက်ရည်မဆည်နိုင်အောင် ဖြစ်နေ၏။

"ဗိုလ်ကတော်ကြီး ဖြစ်ကြောင်းကုန်စင်အောင် ပြောပြစမ်းပါဦး"ဟု ဦးမောင်ကြီးက မေး၏။

"ကျွန်မယောက်ျားက အကျင့်စာရိတ္တဖောက်ပြန်တယ်။ ဟိုပြိတ္တာမနဲ့ ကြိုက်ပြီးကတည်းက ကျွန်မ လေလည်တာတောင် အပြစ်လို့မြင်ပြီး ထုချင်၊ ရိုက်ချင်တယ်"





"ဒါတော့ ဗိုလ်ကတော်ကြီးရယ် .. လေပုတ်ထုတ်တာတော့ ဘယ်သူက ကြိုက်မလဲဗျ"

"အဲသလို မပြောနဲ့ ဌာနအုပ်ကြီးရဲ့ .. ကျွန်မတို့ ရည်းစားဘဝတုန်းက ကျွန်မ ခဏ၊ ခဏ လေလည်တယ်။ ဒညင်းသီးစားရင် ဘယ်လောက်နံမလဲ။ စဉ်းစားကြည့် .. အဲဒါတောင်မှ မွှေးလွန်းလို့တဲ့"

"အခုတော့ ခြေလှမ်းကို လူတိုင်းလှမ်းတဲ့အတိုင်း လှမ်းတာတောင်မှ ဘယ်တစ်လှမ်း၊ ညာတစ်လှမ်း လှမ်းရမလားဆိုပြီး အပြစ်ပြောနေတယ်လေ"

"ကျွန်မလည်း တော်တော်သည်းခံခဲ့တာပါ။ အမျိုးမျိုး အပြစ်ပြောနေတော့ ကျွန်မမှာ နေစရာတောင်မရှိအောင် ဖြစ်ရပါတယ်"ဟု ငိုလျက် ပြော၏။

ဌာနအုပ်မောင်ကြီးသည် အိပ်ရာပေါ်တွင် ဘယ်ဘက်သို့ စောင်းလျက်သေနေသော ရဲအုပ်ဦးစံမောင်းကို သေချာကြည့်သည်။ ကျည်ဆံသည် ဘယ်ဘက်နားထင်မှ ဝင်သွားခြင်းဖြစ်၏။ ညာဘက်လက်ထဲတွင် သေနတ်ကိုင်ထားပြီး ထိုလက်သည် ခုတင်ပေါ်မှ ဘယ်ဘက်သို့ တွဲလောင်းကျနေ၏။

ဦးစံမောင်း၏ သေနတ်ကိုင်ထားသောလက်ကို ကြည့်လိုက်သောအခါ သေနတ်ကို ဆုတ်ကိုင်ထားတာတွေ့ရ၏။ ဓာတ်ပုံဆရာ ဦးဘထီရောက်လာရာ သေဆုံးနေသော ဦးစံမောင်းအား ဘေးဘက်လေးနံမှ သေသေချာချာ ဓာတ်ပုံရိုက်ယူ၏။

အထူးသဖြင့် သေနတ်ဒဏ်ရာနှင့် သေနတ်ကိုင်ထားသောလက်ကို သေသေချာချာ ရိုက်စေ၏။

ခြောက်လုံးပြူးထဲမှ ကျည်ဆံများကို စစ်ကြည့်တော့လည်း ကျည်ဆံငါးတောင့်သာ ကျန်၏။ သေနတ်ကိုကိုင်ရာတွင် လက်ကိုင်ပဝါဖြင့် သေချာပတ်ပြီးမှ ကိုင်ခြင်းဖြစ်၏။

ရှာဖွေပုံစံဖြင့် သေနတ်ကို သိမ်းလိုက်၏။ ထို့နောက် ဌာနအုပ်မောင်ကြီးသည် သေသူ၏ သေနတ်ဒဏ်ရာအနီးသို့ ကပ်၍ နမ်း

www.burmeseclassic.com



ကြည့်၏။

ထိုသို့ နမ်းကြည့်ပြီးနောက် ရဲအုပ်ကတော်ဒေါ်ထွေးကို သေသေချာချာ ကြည့်လိုက်သည်။ ဒေါ်ထွေးသည် ဌာနအုပ်မောင်ကြီးနှင့် မျက်နှာချင်းမဆိုင်ဘဲ ခေါင်းငုံ့လိုက်၏။

"ကိုင်း . . ကိုင်း အလောင်းကို ဆေးရုံပို့ဖို့ လုပ်ကြ"

"စိန်သောင်း"

"ဆေးစာ အမြန်သွားရေး . . ဆေးရုံကို မင်းကိုယ်တိုင်လိုက်သွား၊ ခေါင်းထဲက ကျည်ဆံထိပ်ဖူးကို သေသေချာချာထုတ်ပြီး ယူခဲ့"

"ဟုတ်ကဲ့ . . ဗိုလ်ကြီး"

"ကိုင်း . . မဆိုင်တဲ့လူတွေ ထွက်ပေးကြပါ။ ကျွန်တော်နဲ့ ဗိုလ်ကတော်နဲ့ အမှုကိစ္စနည်းနည်း ဆွေးနွေးချင်လို့"

ဌာနအုပ်မောင်ကြီးကပြော၍ လူနာမေးလာကြသူများ ဗိုလ်ကတော်ဒေါ်ထွေးကို အားပေးနေသူများ ပြန်သွားကြလေ၏။

"ဒေါ်ထွေး . . ကိုယ့်ယောက်ျားကို ဘာကြောင့် သေနတ်နဲ့ ပစ်ပြီး သတ်လိုက်တာလဲ"

ဟု ဒေါ်ထွေးကိုကြည့်၍ တည့်တည့်ကြီးမေးလိုက်၏။

"အိုး . . ဌာနအုပ်ကြီး ဘယ့်နယ် ကျွန်မကို စွပ်စွပ်စွဲစွဲ ပြောနေရတာတုန်း၊ အိုးစွတ်မစား ခွက်စွတ်မစား။ ကျွန်မ အားကိုးရတဲ့ . . ချစ်ရတဲ့လင်ကို ကျွန်မသတ်ရအောင် ကျွန်မက ဘယ်ယောက်ျားနဲ့မှလည်း ဖောက်ပြန်နေတာမဟုတ်ဘူး။ စွပ်စွပ်စွဲစွဲ မပြောပါနဲ့ ကျွန်မ သတ်မတဲ့လား"

"ကျွန်တော်မေးတာပဲ ဖြေပါ။ အပိုတွေ မပြောပါနဲ့ . . ဘာကြောင့် သတ်လိုက်တာတုန်း"

"ကျွန်မ မသတ်ပါဘူးလို့ဆိုနေ၊ ရှင်က ဘာအထောက်အထားတွေတွေ့လို့ ကျွန်မသတ်တယ်လို့ စွပ်စွဲတာလဲ"

ဒေါ်ထွေးက ခေသူမဟုတ်။ ရာဇဝတ်အုပ်ကတော် လုပ်လာသည်မှာ (၆)နှစ်ကျော်ခဲ့ပြီ။ ဥပဒေအကြောင်း ကောင်းကောင်း







သိသဖြင့် ငြင်းဆိုနေခြင်းဖြစ်၏။

"ဘူးတစ်လုံးဆောင် အိုတောင်ဆောင်းရဲဘူး" ဟု ဆိုရိုးစကားရှိခဲ့သည် မဟုတ်လား။ ထို့ကြောင့် ရဲရဲဝံ့ဝံ့ငြင်းနေခြင်းဖြစ်သကဲ့သို့ မျက်မြင်သက်သေလည်း မရှိ။ ထင်ကြေးဖြင့် ဖမ်းမှာဖြစ်သည်။ သံသယ၏အကျိုးကို တရားခံက သာ ခံစားခွင့်ရှိသည် မဟုတ်ပါလား။ ထို့ကြောင့် ပိုင်ပိုင်ပြီး ငြင်းဆိုနေခြင်း ဖြစ်တော့သည်။

"ကိုင်း . . နောက်ဆုံး ကျွန်တော်မေးမယ်။ ဘာကြောင့် ခင်ဗျား ဦးစံမောင်းကို သတ်လိုက်တာတုန်း"

"နောက်ဆုံးပဲ မေးမေး၊ အရင်ဆုံးပဲ မေးမေး . . ကျွန်မ အဖြေကတော့ တစ်ခုတည်းပဲ။ ကျွန်မ မသတ်ဘူး"

"ကျွန်မ မသတ်ဘူး"

"ကျွန်မ မသတ်ဘူး"

နားနှစ်ဘက်ကိုပိတ်ပြီး ဒေါ်ထွေး အော်ဟစ်လေ၏။

"အခုနေ ခင်ဗျားသတ်တာကို အမှန်အတိုင်း ဖွင့်ပြောမယ်ဆိုရင် ခင်ဗျား လွတ်ရာလွတ်ကြောင်း ကျွန်တော် ဆောင်ရွက်ပေးမယ်။ နောင်တစ်ချိန်မှ တရားနည်းလမ်းအတိုင်း ဆောင်ရွက်လို့ အမှုပေါ်လာရင်တော့ ကျွန်တော် မတတ်နိုင်ဘူး"

"ဟင်း . . ဟင်း . . ဟင်း ရယ်ဖို့တော့ ကောင်းတယ်။ ရှင်အခုပြောနေတဲ့စကားတွေက တစ်ချိန်က ကျွန်မယောက်ျား တရားခံတွေလှည့်စားပြီး အမှုမှန်ပေါ်အောင် လိမ်ခဲ့တဲ့နည်းတွေပဲ။ အမှုမှန်ပေါ်ရေး ထောင်ချပြီး နာမည်ကောင်းယူခဲ့တဲ့ ကျွန်မယောက်ျားနည်းတွေပါ။ ရှိနေပါပြီ ဌာနအုပ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဒေါ်ထွေးက တရားရုံးရောက်သည်အထိ (ဘူး)တစ်လုံး ကိုင်ထားဖို့ အစီအစဉ်ရှိနေ၏။

"ကျွန်တော့်ကို ခင်ဗျားယောကျ်ားနဲ့ မနှိုင်းနဲ့ ဒေါ်ထွေး။ ကျွန်တော်က (၁၈)နှစ်သားကတည်းက ဝင်ခဲ့တာ၊ ရိုးရိုးတပ်သား ဘဝကနေ လုပ်သက်အရ အခုကျွန်တော် ဌာနအုပ်ဖြစ်ခဲ့တာပဲ"

"ဥပဒေနဲ့ပတ်သက်ပြီးလို့လည်း လာပြီးမစမ်းနဲ့"

"လူရိပ်၊ လူကဲခတ်တဲ့နေရာမှာလည်း မစမ်းနဲ့။ ခင်ဗျား ထက် နာမည်ကြီးတဲ့ ခိုး၊ ဆိုး၊ တိုက်နိုက်၊ လုယက်နေတဲ့လူတွေ တောင် ထောင်ထဲပို့ခဲ့တာ၊ ခင်ဗျားကိုတော့ ကျွန်တော် အရည်ကျို သောက်လို့ရတယ်"

"ဒါဖြင့်လည်း လုပ်ကြည့်ပေါ့၊ တရားရုံးကို သွားမယ်ဆိုရင် ကျွန်မကတော့ နောက်ကလိုက်ဖို့ အဆင်သင့်ပဲ"

"ဒီမယ် ဒေါ်ထွေး .. ခင်ဗျားယောကျ်ားက ဘယ်သန်... ထမင်းစားလည်း ဘယ်လက်နဲ့ .. ဖင်ဆေးကုန်းလည်း ဘယ်လက်... နောက်ဆုံးပြောလိုက်မယ်။ ကျွန်တော်တို့ဆိုရင် တခြား ဘေးတစ်... လူပါရင် ထမင်းစားတော့ ကိုယ်သန်တဲ့ ညာလက်နဲ့စားပြီး ဟင်းရည် သောက်တဲ့ ဇွန်းကိုင်တဲ့အခါ ထမင်းစေ့တွေ ကပ်ကျန်မှာ ကြောက်... လို့ ဘယ်လက်နဲ့ကိုင်ပြီး ဟင်းရည်သောက်တာ"

"ခင်ဗျားယောကျ်ားကတော့ ခဏကလေးကိုင်ရတဲ့ ဟင်း ရည်သောက်ဇွန်းကိုတောင်မှ ခေတ္တခဏ ညာလက်နဲ့ မကိုင်ဘူး။ ဇွန်းမှာ ဘာတွေ ဘယ်လောက်ပေပေ၊ ဘယ်လက်နဲ့ပဲ ကိုင်တယ်။ အဲဒီလောက် ဘယ်သုံးတာ"

"ဘယ်လက်နဲ့သာ သေနတ်ကိုကိုင်ပြီး ကိုယ့်ကိုကိုယ် ... သတ်ရင် ဘယ်ဘက်နားထင်မှာပဲ သေနတ်ဒဏ်ရာ ရှိရမှာပေါ့။ အခု တော့ ခင်ဗျားယောကျ်ားရဲ့ သေနတ်ဒဏ်ရာက ညာမှာဖြစ်နေတယ်" ဟု ရှင်းပြ၏။

"အော် .. ဦးကြီး .. ဦးကြီး၊ တကယ်တော့ ရှင်က ... ဓားထစ်သမားပဲ။ လူတစ်ယောက်မှာ စိတ်ဂယောက်ဂယက်ဖြစ်...





နေတဲ့အချိန်မှာ ယောင်ယောင်မှားမှားဆိုတာ လုပ်တတ်တယ်ရှင့်"

"သူ့ရဲ့ ဟို သူယောင်မယ်ဆိုတဲ့ ဟိုပြိတ္တာမဆီကို ဘဝတူး ပြီး သွားချင်လွန်းနေတော့ ဘယ်တွေ၊ ညာတွေ ဘယ်မှာစဉ်းစားနေ တော့မလဲရှင်။ အရေးကြီးတာက မတည်ငြိမ်တဲ့ စိတ်ပဲရှင့် .. ဒေါသ စိတ်၊ စိုးရိမ်လွန်းတဲ့စိတ်"

ဟု ဒေါ်ထွေး ပိုင်ပိုင်နိုင်နိုင် ချေပသည်။

"မှန်လိုက်လေ ဒေါ်ထွေးရယ်"

"ဟဲ .. ဟဲ .. ဟဲ ရှင် လက်ခံပြီမဟုတ်လား ဦးကြီး"

"ကျွန်တော်လက်ခံတာက ခင်ဗျားပြောတဲ့ မတည်ငြိမ်တဲ့ စိတ်၊ ဒေါသစိတ်ဆိုတာကိုပါ"

"ဘာကြောင့် .."

"ဘာကြောင့်ဆိုတော့ .. ဒေါ်ထွေးက ဦးစံမောင်း ဘယ် ဘက်စောင်းပြီး အိပ်နေချိန်မှာ အခွင့်ကောင်းပဲဆိုပြီး နှစ်ပေ အကွာ လောက်ကနေ ဦးစံမောင်းကိုင်နေကြ ခြောက်လုံးပြူးနဲ့ ပစ်လိုက် တယ်"

"ဟင်း .. ဟင်း .. ဟင်း လူဆိုးထိန်းမောင်ကြီးဆိုတဲ့ နာမည်နဲ့ ကျော်စောခဲ့ဖူးတော့ ကိုယ်ဖြစ်ချင်တာတွေ ရှင်တွေးပြီး ပြောနေတာပဲ။ ဘာများ သက်သေအထောက်အထား ပြနိုင်လို့လဲ။ ကျွန်မ နှစ်ပေအကွာကပစ်တယ်လို့ ဘာသက်သေရှိလို့လဲ"

"သက်သေက ယမ်းငွေ့ပဲ ဒေါ်ထွေး"

"ရှင် ! .. ယမ်းငွေ့ဟုတ်လား၊ ယမ်းငွေ့ဆိုတာ ဘာလဲ။ ရှင်းပြပါဦး"

"တကယ်လို့သာ ဦးစံမောင်းက သူ့ဘာသာ သတ်သေ တာဆိုရင် နားထင်ကိုသေနတ်ပြောင်းဝ ထိကပ်ထားမှာပဲ"

"သေနတ်ဆိုတာက ခလုတ်ကို ဆွဲနှိပ်လိုက်တဲ့အခါမှာ (ဒိုင်း)ဆိုတဲ့အသံက အရင်ထွက်လာတာ မဟုတ်ဘူး။ သူ့ရဲ့မှာ (ဖွတ်)ကနဲမြည်ပြီး မီးခိုးတန်းက စထွက်တာ၊ အဲဒီမီးခိုးထွက်ပြီးမှ (ဒိုင်း)ဆိုတဲ့အသံနဲ့ ကျည်ဆံထိပ်ဖူးက ထွက်လာရတာ"



www.burmeseclassic.com

www.burmeseclassic.com





"ဒီလို အသား ကိုကပ်ပစ်တယ် ဆိုရင် ကျည်ဆံဝင်တဲ့ အပေါက် ဘေးမှာ မီးလောင်ထားတဲ့အရာ အပိုင်းလေးရှိနေရမယ်။ အမှန်တော့ အဲဒီမီးခိုးငွေ့၊ တစ်မျိုးပြောရရင် ယမ်းငွေ့မှာ လူတွေ မမြင်တဲ့ မီးတောက်မွှားမွှားကလေးပါတယ်၊ ဒေါ်ထွေး"

"နောက်ပြီး . . သေပြီး ငါးမိနစ်အတွင်းမှာ နမ်းကြည့်ရင် ယမ်းငွေ့နံ့ နံတယ်"

"အခု ကျွန်တော်တို့က သေနတ်သံကြားကြားခြင်း ရောက်လာပြီး နမ်းကြည့်တော့ ယမ်းငွေ့နံ့ မရှိတော့ဘူး။ ဒါကို ကြည့်ခြင်းအားဖြင့် သေနတ်နဲ့ ကပ်ပစ်တာမဟုတ်ဘဲ နစ်ပေအကွာကပစ်လို့ ယမ်းငွေ့နံ့က လူကိုမကပ်ဘဲ ပျောက်သွားတာပေါ့"

"ဒါတွေကို တရားသူကြီးက လက်ခံပါ့မလား။ မီးခိုးအရင်ထွက်တယ်ဆိုတာကော ပြောရင် ယုံပါ့မလား"ဟု ဒေါ်ထွေးက မေးလေ၏။

"အေး . . မီးခိုးက အသံထက် အရင်ထွက်တယ်ဆိုတာ လက်တွေ့သိချင်ရင် ပြေးခုန်ပစ်ပြိုင်ပွဲတွေသွားကြည့်။ မီတာတစ်ရာ၊ မီတာနှစ်ရာသမားတွေကို တာလွှတ်တယ်ဆိုရင် သေနတ်ဖောက်ပြီး အချက်ပေးရတယ်"

"ပါးတဲ့အပြေးသမားတွေက တာလွှတ်ခါနီးမှာ ရှေ့ကို မကြည့်ဘူး။ တာလွှတ်တဲ့လူရဲ့ သေနတ်ကိုကြည့်နေတာ"

"နေရာယူ"

"အသင့်"

"ပြေး"

ဆိုပြီး သေနတ်မောင်းဆွဲလိုက်ရင် မီးခိုးငွေ့လေးက ရှူး





ထွက်လာပြီးမှ နောက်က (ဒိုင်း)ဆိုမြည်တာ။ အငွေ့ထွက်လာတာနဲ့ ပြေးတဲ့လူက နာတဖျားဦးပြီး တာဝင်တာပဲ"

"သေနတ်ဆိုတာ အဲဒီသဘောရှိတယ်။ သူ့ကိုယ်သူ သတ်သေရင် ယမ်းငွေ့က အသားမှာ ကပ်နေရမယ်။ အခု ဘာယမ်းငွေ့မှ မရှိဘူး။ မထွေး . . ခင်ဗျား ဘာပြောင်းချင်သေးသလဲ"

ဟု ဌာနအုပ်ဦးကြီးက ပိုင်ပိုင်နိုင်နိုင်ရှင်းပြ၏။

"ဖျောင်း . . ဖျောင်း . . ဖျောင်း"

ဒေါ်ထွေးက လက်ခုတ်တီးပြီး ဦးကြီးအား ကောင်းချီးပေးလိုက်၏။

"ကိုယ့်လေ့ကိုယ်ထိုး ပဲရှူးရောက်ရောက်ပဲ။ အမှန်တော့ ဦးကြီးက စာဟောဆရာ၊ ကွက်စိပ်ဆရာ၊ စုံထောက်စာရေးဆရာ လုပ်ရမှာ။ အကွက်ဆင်ပြီး ပြောသွားလိုက်တာ သိပ်ကောင်းတာပဲ"

"ရှင်းရှင်းပဲပြောမယ်၊ ကျွန်မ မသတ်ဘူး"

ဟု လျှောင်ပြောင်ပြောကာ ငြင်းလိုက်၏။

"ဒေါ်ထွေး . . နောက်တစ်ခုက ခင်ဗျားစိတ် သိပ်စေသွားတာ တစ်ခုရှိတယ်"

"ဟုတ်ကဲ့ရှင့် ပြောပါ . . ပုံပြင်တွေက နားထောင်လို့ကောင်းတော့ မပျင်းရဘူး။ ဘာများ လုပ်ဇာတ်ခင်းဦးမလို့လဲ။ ပြောပါ။ ကျွန်မ စိတ်ရှည်၊ လက်ရှည် နားထောင်ပေးပါ့မယ်"

"လူတစ်ယောက်ဟာ သေနတ်ပစ်တယ်ဆိုရင် ဘယ်ဘက်နဲ့ပဲဖြစ်ဖြစ်၊ ညာဘက်နဲ့ပဲဖြစ်ဖြစ်။ ဘယ်ဘက်နဲ့ပဲ ပစ်ပစ်၊ မောင်းခလုတ်ကို လက်ညှိုးနဲ့ချိတ်ပြီး ပစ်ရတာ"

"အခုတော့ ဒေါ်ထွေးက ပစ်ပြီး သေနတ်ကို ဦးစံမောင်းရဲ့ ညာလက်နဲ့ ဆုပ်ကိုင်းထားတာကိုး ဗျ"

"ရှင်! . ."

"မရှင်နဲ့ ! . . ဒေါ်ထွေး၊ ကျွန်တော် တတ်ပုံသေသေချာချာ မှတ်ထားတယ်။ သေသူက ဘယ်သန်၊ ကိုင်တော့ ညာလက်"

"နောက်ပြီး သေနတ်မောင်းခလုတ် မဆွဲဘဲနဲ့ သေနတ်

www.burmeseclassic.com



ဒင်ကို လက်နဲ့ ဆုပ်ကိုင်ထားတယ်။ အသက်ထွက်ခါနီးမှာ ခင်ဗျား တ သေနတ်ကိုသူ့လက်ထဲ ဖွတ်ထိုးထည့်လိုက်တော့ သေခါနီးလူ တ ဆုပ်မိဆုပ်ရာ ဆုပ်ကိုင်ထားလိုက်တာပေါ့"

"နောက်ပြီး . . သေနတ် ဦးစံမောင်းလက်ထဲ ထည့်စဉ်က ဒေါ်ထွေးက ဘယ်လက်နဲ့ သေနတ်ပြောင်းကို ကိုင်တယ်။ ညာ လက်နဲ့ သေနတ်ဒင်ကို ကိုင်တယ်။ အဲဒီလက်ဗွေရာတွေကို အင်းစိန် စီအိုင်ဒီရုံးက ဖော်ထုတ်ပေးပါလိမ့်မယ်"

ဟုပြောလိုက်ရာ ဒေါ်ထွေး မငြင်းနိုင်တော့။ အရုပ်ကြိုးပျက် လဲကျသွားလေတော့၏။

"သူ . . သူက အသတ်ခိုင်းလို့ ကျွန်မ သတ်ရတာပါ"

"ဗျာ! . . သူက သတ်ခိုင်းတယ် . . ဟုတ်လား"

"ဟုတ်ပါတယ် . . သူသေချင်တယ်တဲ့ . . သေမှ ဟိုပြိတ္တာမ နဲ့ အတူနေရမှာတဲ့ . . ကိုယ့်ဘာသာကိုယ် သတ်သေဖို့ကျတော့ လည်း အဖန်ငါးရာ ငါးကမ္ဘာ။ နောင်ဘဝတိုင်းမှာလည်း ကိုယ့်ကို ကိုယ် သတ်သေရမှာ ကြောက်လို့ပါတဲ့"

"ကျွန်မ မှားလို့ ဒီလိုဖြစ်ရတာပါ"

"ဘာများ မှားသွားပါသလဲ"

"ကျွန်မက ဗေဒင်ဆရာတစ်ယောက်ကို သွားမေးတော့ ဒီ ကောင်မနဲ့ပြတ်စေချင်ရင် အိမ်မှာ အမှိုက်လှည်းတဲ့ တံမြက်စည်း ကို ပြောင်းပြန်ထားပြီး ရေလောင်း၊ အဲဒီ တံမြက်စည်းရေကို တိုက် ပေးရင် အဲဒီပြိတ္တာမ (မယားငယ်)နဲ့ ပြတ်လိမ့်မယ်ဆိုလို့ ကျွန်မ အမှိုက်လှည်းတဲ့ တံမြက်စည်းရေ တိုက်ခဲ့ပါတယ်"

"စံမောင်းဆိုတော့ အဂ်ါသား၊ ဆီး(ဇီး)ညွန့်ကို လေ့ခါးရေ မှာချ။ အိမ်ကအထွက်ကို ဖနောင့်နဲ့ သုံးချက်ပေါက်ပြီး ဒီ ပြိတ္တာမနဲ့ ဖြတ်။ ဒီမယားငယ်နဲ့ ပြတ်ဆိုပြီး နင်းထွက်လို့ ပြောလို့ ကျွန်မ လုပ် တယ်"

"ယောက်ျားတစ်ယောက်ရဲ့ ဘုန်းကံတွေ နိမ့်သွားအောင် ပေါ့"





"အဲဒါ ကျွန်မယောက်ျားစံမောင်းက သိသိကြီးနဲ့ သောက် တယ်။ သူ ဘုန်းကံနိမ့်လေ ပြိတ္တာမနဲ့ နီးနီးကပ်ကပ် နေရလေဆိုပဲ"

"သူ ဘုန်းကံမြင့်နေရင် ပြိတ္တာမက မကပ်နိုင်ဘူးတဲ့။ ကျွန်မ လုပ်နေတာတွေက ဟိုပြိတ္တာမအတွက်ချည့် ဖြစ်နေတယ် ရှင်"

ဟု ရှိုက်ကြီးတငင် ငိုကာ ပြောလေ၏။

"ဦးကြီးတို့က အလောင်းသာယူသွားတာ . . သူ့ခေါင်းအုံး အောက်မှာ ပုလိပ်ကြီးအတွက် သူစာရေးခဲ့တယ်။ သေတမ်းစာ သဘောမျိုးပေါ့"

ဟုပြောကာ ဦးစံမောင်းအိပ်သော ခေါင်းအုံးအောက်မှ စာ တစ်စောင်ကိုယူ၍ ပေးလေ၏။

"သို့

အစ်ကိုကြီး ဦးမောင်ကြီး ခင်ဗျား . .

ကျွန်တော် အားကိုးတကြီးဖြင့် အကူအညီတောင်းခံအပ် ပါသည်။ ယခု ကျွန်တော်သေရတဲ့ကိစ္စမှာ ကျွန်တော်ခိုင်းသလို သူ လုပ်ရတာပါ။ ကျွန်တော်က သတ်ခိုင်းလို့ သူသတ်ရတာပါ။ ကျွန် တော့်ကို မသတ်နိုင်ကြောင်း ကျွန်တော့်ဇနီးက ငြင်းပါသည်။ ကျွန် တော့်ကိုမသတ်ပါက သူ့ကိုသတ်မည်ခြိမ်းခြောက်လို့ သူ ကျွန်တော့် ကို သတ်ရတာပါ"

"ဤကိစ္စ အမှန်အကန်ဖြစ်ကြောင်း ဤစာဖြင့် ကျွန်တော် ခံပါသည်။ ကျွန်တော်နှင့်ပတ်သက်သည့် သက်ပေါင်ငွေများနှင့် အဖွဲ့အစည်းမှရမည့်ငွေများ၊ ကျွန်တော့်ဇနီးကို စုံစုံစေ့စေ့ရအောင် ကူညီဆောင်ရွက်ပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။

အတိတ်ဘဝကချစ်သူကို ကျွန်တော် မပြတ်နိုင်၊ မဖြတ်နိုင် ဖြစ်နေပါသဖြင့် သူနဲ့ပေါင်းနိုင်ရန် ကျွန်တော့်ကိုယ် ကျွန်တော် သတ်သေမယ်လုပ်ပြန်တော့လည်း ကျွန်တော်တို့ မြန်မာဗုဒ္ဓဘာ သာအယူအရ အဖန်ငါးရာ၊ ငါးကမ္ဘာ ခံရမည်ကြောက်၍ ကျွန်တော့် ဇနီးကို အသတ်ခိုင်းလိုက်ရခြင်း ဖြစ်ပါသည်"

"ဒီကိစ္စကို သက်ပေါင်ဌာနနှင့် ကျွန်တော်တို့ အဖွဲ့အစည်း



www.burmeseclassic.com

www.burmeseclassic.com



မှမသိစေအောင် ဒီစာကို မီးရှို့ဖျက်ဆီးပစ်ဖို့လည်း အကူအညီ တောင်းခံအပ်ပါသည်။

ရှေ့မျက်နှာနောက်ထားပြီး ဒီကိစ္စကို ကျွန်တော့ကို သနားညှာတာသောအားဖြင့် မဖြစ်မနေ ကူညီပေးပါ။ ကျွန်တော့နေးကိုလည်း စောင့်ရှောက်ပေးပါလို့ အစ်ကိုကြီးကို အပ်နှံခဲ့ပါသည်။

အစဉ်လေးစားစွာဖြင့်
စံမောင်း
ရဲအုပ်၊ မကွေး(၁)စခန်း
မကွေးမြို့

ကျွန်တော်၏ဖေဖေ စခန်းမှူးဦးကြီးသည် စာကို သေချာစွာ ဖတ်ပြီးနောက် ဗိုလ်ကတော်ဒေါ်ထွေးကို သေသေချာချာ စူးစူးစိုက်စိုက်ကြည့်လိုက်၏။

ဒေါ်ထွေးသည် မျက်ရည်များပြည့်လျှံနေသော မျက်လုံးများဖြင့် စခန်းမှူးဦးကြီးကိုကြည့်၍ အသနားခံနေ၏။

"ဘယ်လို ဆုံးဖြတ်မလဲ"ဟုမေးသော မျက်လုံးများဖြစ်၏။

စခန်းမှူးသည် အသင့်ပါလာသော မီးခြစ်ကိုထုတ်လိုက်ပြီး မီးခြစ်လိုက်ပြီးနောက် တောက်လာသောမီးဖြင့် ဦးစံမောင်း၏စာကို မီးရှို့လိုက်လေ၏။

ထို့နောက် ပြာကျသွားသော စာရွက်အပိုင်းအစများကို ဒေါ်ထွေး၏ဦးခေါင်းပေါ်သို့ ကြဲချလိုက်ပြီးနောက် စခန်းသို့ ပြန်လေတော့၏။

ဒေါ်ထွေးတစ်ယောက်မှာမူ ရင်ထုမနာဖြစ်ကာ ကျေးဇူးတင်သောမျက်လုံးများဖြင့် စခန်းမှူးဦးကြီး၏ကျောပြင်ကို ကြည့်ရင်း သတိလစ်မေ့မြော၍သွားလေတော့သတည်း။

စခန်းမှူးဦးကြီး စဉ်းစားရလွန်းလို့ ခေါင်းမီးတောက်၍ နေချေပြီ။

ပထမ - ဒေါ်ထွေး လူသတ်မှုမှလွတ်ရန်။







ဒုတိယ - ရဲအုပ်စံမောင်း ကိုယ့်ကိုကိုယ် သတ်သေသည် ဆိုပါက အသက်ပေါင်လည်း ရမည် ဟုတ်။ ဌာနဆိုင်ရာမှလည်း စစ်ဆေးချက် မြောက်များစွာဖြင့် ခံစားခွင့်ရဖို့ မလွယ်။

အင်း . . တစ်ခုတော့ ရှိသည်။ သေနတ်ကို တိုက်ချွတ် ဆေးကြောရာမှ ချည်ဆံကျန်နေသည်ကို မသိဘဲ ထွက်သွား၍ သေသည်ဟု အစီရင်ခံစာတင်ရမည်လား။

မတော်လို့ အလိမ်ပေါ်သွားပြန်ရင် ဘုန်းကြီးအမှု ရှာပတ်ဆိုသကဲ့သို့ ဖြစ်ရချေဦးမည်။ ဘာတစ်ခုမှ မစားရ၊ မသောက်ရဘဲ ကိုယ်ဒုက္ခရောက်ဦးမည်။

ဤသို့ဖြင့် စခန်းမှူးဦးကြီး စဉ်းစားရလွန်းသဖြင့် ခေါင်းမီးတောက်၍ နေလေတော့သတည်း။

ဝန်ခံချက်။ ၁၉၇၅ ခုနှစ်ကဖြစ်ခဲ့သော အဖြစ်မှန်ဖြစ်ပါ၍ ဘဝကံရှင်များ၏ အမည်ပြောင်းလဲထားပါသည်။

သဗ္ဗေ၊ အနိစ္စ၊ သင်္ခါရ
မကွေးညိုစိမ့်



www.burmeseclassic.com

www.burmeseclassic.com



# ကြီးပွားချမ်းသာအောင် ကြေးကိုဆောင်



စာရေးသူသည် ချမ်းသာကြွယ်ဝသော မိတ်ဆွေအချို့တို့၏ နေအိမ်ဂေဟာများဆီသို့ အကြောင်းကြောင်းသော အကြောင်းကြောင့် ရောက်ခဲ့၊ စားသောက်နေထိုင်ခဲ့ဖူးလေ၏။

ထိုသို့ရောက်ရှိခဲ့လေတိုင်း ၎င်းတို့၏ လွန်စွာသပ္ပာယ်၍ ခမ်းနားလှသော ဘုရားကျောင်းဆောင်သို့ တခုတ်တရ ဝင်ရောက်ဖူးမြော်ခဲ့ရလေ၏။

ဖူးမြော်ရဖန်များလေသော် ဘုရားကျောင်းဆောင်အတွင်း ထူးခြားမှုအချို့ကို တွေ့မြင်ရလေ၏ ။ ထူးခြားမှုဆိုသည်ကား ကြေးဖြင့် အတိပြီးသော အရာများဖြစ်လေ၏။ ထိုကြေးဖြင့် အတိပြီးသော အရာများသည် ပြောင်တဝင်းဝင်း၊ တလင်းလင်း တလက်လက် ဖြစ်တည်နေလေသေး၏။

ဤသည့် အကြောင်းခြင်းရာများကို လောကီပညာရပ်များကို အထူးသိတတ်သည့် ပုဂ္ဂိုလ်ကြီးတစ်ဦးအား မေးမြန်းသမှု ဖြေကြားရာ ပုဂ္ဂိုလ်ကြီးမှ -

"ကြီးပွားစေအောင် ကြေးကိုဆောင်"







ဟုဆိုလေ၏။ ထို့နောက် တစ်ဆက်တစ်စပ်တည်းပင် အောက်ပါအတိုင်းပင် ရှင်းပြလေ၏။

မိမိဘဝတွင် ထိုက်သင့်သလောက် ကြီးပွား၍ လုပ်ငန်းကိစ္စရပ်များ အောင်မြင်ကြီးပွားလိုပါက မိမိနေအိမ်ရှိ ဘုရားကျောင်းဆောင်တွင် ကြေးဝါပစ္စည်း ကိုးမျိုးကို မြှင့်ဆင်၍ ကိုးကွယ်ပါ။

ငွေရလွယ်ပြီး လိုအင်ဆန္ဒများပြည့်ဝစေ၍ ကြီးပွားအောင်မြင်ပါလိမ့်မည်။

လောကီပညာရပ်များအဆိုအရ ကြေးဝါနှင့် ပတ်သက်၍ ကိုးကွယ်မှုဆိုင်ရာတွင် အောင်ဓာတ်ကိုပေးသည့်အတွက် ကြေးဝါကို အဆောင်ပြု ကိုးကွယ်ခြင်းဖြစ်သည် ဟူ၏။

ဘုရားကျောင်းဆောင်တွင် ကြေးဝါပစ္စည်း(၉)မျိုးကို မြှင့်ဆင်၍ ကိုးကွယ်ရာတွင် -

၁) ကြေးဆင်းတုတော်
၂) ကြေးရဟန္တာ (ရှင်သီဝလိ)
၃) ကြေးရဟန္တာ (ရှင်ဥပဂုတ္တ)
၄) ကြေးစည်
၅) ကြေးမောင်း
၆) ကြေးသပိတ်
၇) ကြေးပန်းအိုး
၈) ကြေးလင်ပန်း
၉) ကြေးသောက်တော်ရေခွက် စသည့် ပစ္စည်းများဖြစ်ပါသတည်း။

K. M. T. W

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





"ဒီနေ့ အမဲပစ်ထွက်လာရတာ တစ်ကောင်လုံး တိတ်ဆိတ်နေတာပဲနော် အာစရိ"

"အေးကွ . . ဒီနေ့လာရတာ ထူးခြားနေတယ်လို့ ငါ့စိတ်ထဲမှာ ခံစားနေရတယ်၊ သတိတော့ထား ပေါ့ကွာ"

အမဲလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုနေကြရသော မှဆိုးလှမိုးနှင့် တပည့်ဖြစ်သူ ဖိုးသောကြာတို့ စကားတပြောပြောနှင့် ၊တာတိုးလာကြခြင်း ဖြစ်သည်။

မှန်ပေသည်။ ဖိုးသောကြာ ပြောသလိုပင် ယနေ့ တစ်တောလုံး ဘိတ်ဆိတ်ငြိမ်သက်နေခြင်းသည် သူ၏ အမဲလိုက်အတွေ့အကြုံအရ ထူးခြားဆန်းကြယ်မှုတစ်ခု ဖြစ်သည်။

တောတောင်၏သဘာဝအရ ကျေးငှက်သာရကာများနှင့် တောကောင်တို့၏ပြေးလွှားလှုပ်ရှားသံများ ရှိနေသင့်သည်။ မတော် မှလွဲရော။ ဒါတောခြောက်ခြင်း၏ အစပျိုးနေမှုလားဟု တွေးနေ သည်။ ထိုစဉ် စမ်းချောင်းလေးတစ်ခု၏အစပ်၌ ရေဆင်းသောက် နေကြသော သမင်ပျိုလေး(၃)ကောင်ကို ကုန်းမြင့်ပေါ်မှနေ၍ စီး ပြီး တွေ့လိုက်ရ၏ ။ ဖိုးသောကြာအား မျက်ရိပ်ပြပြီး -

"ရှူး . . ဟိုမှာ တွေ့လား၊ ရေဆင်းသောက်နေကြတာ အဲဒီထဲက အကြီးဆုံးကောင်ကို ငါရအောင် ပစ်ပြမယ်"

ထို့နောက် -

"ဒိန်း! . ."







ရိုးမတောကြီးတစ်တောလုံးကို ပြန်လည်အသက်ဝင် လှုပ်ရှားသွားစေသည်။ ကျည်ဆံထိမှန်ပြီး နေရာတွင်ပင် လဲကျသေဆုံး သွားသည်။ ကျန်နှစ်ကောင်ကတော့ တောနက်ထဲသို့ ဝင်ပြေးသွား ကြ၏ ။ ထို့နောက် နှစ်ဦးသား သားကောင်အား ကောက်ရန်ရောက် သွားကြသောအခါ -

"ဟာ! . ."

"ဟင်! . ."

မကြာသေးခင်ကာလကမှ လဲကျသေဆုံးခဲ့ရသော သမင်ဖို ကြီးအား ရှာမတွေ့ကြတော့။ မျက်စိအောက်မှာပင် မျက်လှည့်ပြ လိုက်သလို၊ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားလေပြီ။

"ဟာ! . . စောစောက သမင်ကြီး ဘယ်ရောက်သွားလဲ မသိ ဘူး အာစရိ"

"အေးကွ . . ငါတို့တောခြောက်ခံရပြီနဲ့တူတယ်"

မုဆိုးလှမိုးစကားကြောင့် ဖိုးသောကြာ မျက်နှာပျက်သွားရ သည်။ ထို့နောက် တောနက်ပိုင်းသို့ရောက်အလာတွင် မျက်ခြေပြတ် သွားသော သမင်(၂)ကောင်အား ကိုက်(၂၀၀)အကွာရှိ မြုံပုတ်အနီး တွင် ရိပ်ခနဲ မြင်တွေ့လိုက်ကြရ၏ ။

မုဆိုးလှမိုးမှ သေနတ်ကိုအသင့်ပြင်ပြီး မြုံပုတ်ထဲမှထွက် အလာကို စောင်းဆိုင်းနေကြရင်း နေ့လယ်(၂)နာရီ ကျော်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ထို့နောက် နှစ်ဦးလုံးငိုက်မြည်းလာကြရာ အနီးရှိသစ်ပင်ကြီး တစ်ပင်၏ခွဆုံပေါ်သို့ တက်၍ အိပ်ကြရတော့၏ ။

"ထကြစမ်း . . အခုထကြစမ်း . . ရှင်တို့"

မှဆိုးလှမိုး၏ နားစည်ထဲသို့ ချိုသာသော်လည်း ဒေါသသံ တို့ပါ စွက်ဖက်နေသော မိန်းမပျိုတစ်ဦး၏အသံ ဝင်ရောက်လာ၏ ။

"ကျွန်မတို့က ရှင်တို့လက်ချက်ကြောင့် သေဆုံးသွားရတဲ့ အစ်ကိုကြီးဝဏ္ဏရဲ့ ညီမတွေပဲ၊ နာမည်တွေကတော့ ဝတီနဲ့ သီရိပါ"

"အခု ဒီကိုလာရတဲ့ အကြောင်းအရင်းက "

"ရှင် . . ရှင်တို့ သိပ်ရက်စက်တယ်၊ အစ်ကိုကြီးကို သေနတ် နဲ့ ပစ်သတ်ခဲ့ကြတယ်"

"ဒါ . . ဒါဆို . . ခုနက ဟို . . ဟိုနေရာမှာ ရေ . . ရေဆင်း သောက်နေကြတဲ့ သမင်တွေက"

"အဲဒါ ကျွန်မတို့မောင်နှမတွေပဲ"

"ဟာ! . ."

"အဲဒီအတွက် ရှင်တို့ နောင်တရစေရမယ်၊ ဒီနေ့ပဲ ရှင်တို့ ကို လက်စားချေပြမယ်"

"ဟာ! . . ဒါ . . ဒါက . . ဒီ . . ဒီလိုပါ မိန်းကလေးရယ်"

မုဆိုးလှမိုးမှာ မိန်းမပျိုအား ရှင်းပြဖို့ ကြိုးစားနေတုန်းမှာပင် ဖျတ်ခနဲ ပျောက်သွားသည်။

❖

"ဆရာ . . ဆရာ ဒီကိုလာကြည့်ပါဦး"

ဖိုးသောကြာ၏ ခေါ်သံကြောင့် မုဆိုးလှမိုး အိပ်မက်မှ လန့်နိုး သွားရတော့၏ ။

"ဟို . . ဟိုမှာဆရာ"

ဖိုးသောကြာညွှန်ပြရာသို့ ကြည့်လိုက်မိသော် ကိုယ့်မျက်စိ ကိုယ် မယုံကြည်အောင်ဖြစ်သွားရ၏ ။ မိမိကိုယ်ကိုယ် နောက်ထပ် ကြိမ် အိပ်မက် ထပ်မက်နေပြီလားဟု ထင်သွားမိ၏ ။





မြင်တွေ့လိုက်ရသော မြင်ကွင်းက ယုံကြည်နိုင်စရာ မရှိ။

မိမိတို့သစ်ပင်ကြီးနှင့် တိုက် (၂၀၀) အကွာအဝေးရှိ စမ်းချောင်းတစ်ခုထဲ၌ ရေချိုး ရင်း တစ်ဦးနှင့်တစ်ဦး ကျီစယ် နေကြသော မိန်းမပျိုနှစ်ဦး ကိုယ်စီမှာ အဝတ်အထည် ဗလာ ဖြစ်နှင့်မို့ တင်းရင်းစွင့်ကားနေ ကြသော ထိုမိန်းမပျိုနှစ်ဦး၏ ကိုယ်ကာယကောက်ကြောင်း များမှာ နေရောင်ခြည်အောက်တွင် အထင်းသား ပေါ်လွင်နေကြ ၏။

ပုထုဇဉ်များထဲမှ ပုထုဇဉ်နှစ်ဦးဖြစ်ကြသော မုဆိုးလှမိုးနှင့် ဖိုးသောကြာတို့၏ ခန္ဓာကိုယ်အနှံ့အပြားရှိ အကြောအချဉ်များ တောင့်တင်းသွားရသည်။ ထို့အတူ ဤမျှ နက်ရှိုင်းသော တောနက် ထဲသို့ ရောက်ရှိနေကြသော ထိုမိန်းမပျိုနှစ်ဦးတို့သည် လူသား စင်စစ်မှ ဟုတ်ပါလေစ။ နတ်ဒေဝါတွေလား၊ နာနာဘာဝတွေလား ဟူသော အတွေးများမှာလည်း တပြိုင်နက်တည်း ပေါ်ပေါက်လာရ တော့၏ ။

ဖိုးသောကြာမှ -

"အား . . ပါး . . ပါး . . အာစရိရေ . . ကျွန်တော်တို့တော့ ကံရကံကြုံတော့ မုတ်ဆိတ်ပျားဆွဲတာပဲ"

"နေဦး . . ဖိုးသောကြာရဲ့၊ ငါ စဉ်းစားနေတာ ဒီလို တောနက် ကြီးထဲမှာ နတ်သမီးရွှံ့လောက်အောင်လှတဲ့ အပျံစားလေးတွေက ဖြစ်နိုင်ပါ့မလားကွ"

"အာ . . အာစရိကလည်း အတွေးခေါင်နေပြန်ပြီ၊ ဒါ



www.burmeseclassic.com

www.burmeseclassic.com



အနီးအနား ရွာက မှိုချိုး မျှစ်ချိုးဖို့လာကြတဲ့သူတွေ နေမှာပေါ့"

"ဟာ! . . မဖြစ်နိုင်တာကွာ . . ဒီနားမှာ ဘာရွာမှမရှိပါဘူး။ လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ငါစနည်းနာပြီးပြီ"

"ဘာပဲဖြစ်ဖြစ် သူတို့လည်း နှစ်ယောက်၊ ကျွန်တော်တို့လည်း နှစ်ယောက် ပွဲပြီးပြီပေါ့ ဟီး ဟီး ဟီး"

"ဟာ! . . ဒီကောင် ကဲကွာ"

"ဖောင်း! . ."

"အ! . ."

ပြောမရသည့်အဆုံး မုဆိုးလှမိုးမှ ဖိုးသောကြာအား နားရင်း တစ်ချက် အုပ်လိုက်ရ၏ ။

ထိုစဉ် ရေဆင်းချိုးနေကြသော မိန်းမပျိုနှစ်ဦးအနက်မှ မျက်နှာကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် အသားအရေက ဖွံ့ဖြိုးဝင်းအိစက်နေသော မိန်းမပျိုမှ မုဆိုးလှမိုးတို့ စောင့်ကြည့်နေကြသည်ကို ကြိုတင်သိနေသည့်အလား လှည့်ကြည့်၍ လက်ယက်ခေါ်နေသည်ကို တွေ့လိုက်ကြရ၏ ။

ထိုမိန်းကလေးကို မိမိသည် မြင်ဖူးသလိုရှိသည်။ ဘယ်နေရာမှာလိမ့်ဟု မုဆိုးလှမိုး စဉ်းစားနေမိသည်။ နောက်မှ -

"ဟာ! . . သိပြီ . . သိပြီ . . ဒါ . . ဒါ အိပ်မက်ထဲက မိန်းကလေး"

"အာစရိ . . ဘာတွေပြောနေတာလဲ၊ ဟိုမှာ ကျွန်တော်တို့ကို ခေါ်နေတယ်"

မုဆိုးလှမိုးမှာ ဖိုးသောကြာ၏ အမေးကိုမဖြေနိုင်။ စပါးကြီးမြွေအညို့ခံထားရသူ ပမာ၊ တမဟုတ်ချင်း မိန်းကလေးအနားသို့ တဖြည်းဖြည်း ချဉ်းကပ်ရောက်ရှိသွား၏ ။

မိန်းမပျိုနှစ်ဦးမှာ ကမ်းပေါ်သို့ပြန်ရောက်နေကြပြီး ထိုအချိန်တွင် ချုံနွယ်များနဲ့ပိတ်ပေါင်းနေသော တောနက်ပိုင်းအတွင်းသို့ ချုံနွယ်များကို ဖယ်ရှားရင်း တဖြည်းဖြည်းနှင့် ဝင်ရောက်သွားကြပြီဖြစ်သည်။ ထို့နည်းတူ မိမိသည်လည်း သတိကင်းမဲ့နေသော





စိတ်ဖြင့် တောနက်ပိုင်းအတွင်းသို့ ရောက်မှန်းမသိ ရောက်လာခဲ့ရလေတော့၏ ။

တောကနက်လာသလို မှောင်စပင် ပျိုးနေပြီဖြစ်သည်။ ကြာခင် နေဝင်မိုးချုပ်တော့မည်။ ယခု မိမိရောက်နေသောအချိန်တာ နယ်ဒေသခံများအခေါ် "နွားရိုင်းသွင်းချိန်"။

ထိုစဉ် မိမိနင်းလိုက်မိသော မြေကြီးသည် အောက်သို့ ကျွံခင်သွားသည်ဟု ခံစားလိုက်ရပြီး -

"ဝုန်း! . ."

"အမလေး! . ."

လူ့အရပ် သုံးပြန်လောက်မြင့်မည် ထင်ရသော တွင်းကြီးထဲသို့ ဒလိမ့်ခေါက်ကွေးကျ အသွား၊ ကြောက်အားလန့်အားဖြင့် တွင်းနှုတ်ခမ်းက သစ်ပင်အမြစ်များကို ဆွဲကိုင်ထားမိ၍ တော်တော့၏ ။ အောက်ကိုငုံ့ကြည့်လိုက်မိတော့ ပဒူကျင်းကြီး။

တွင်းထဲတွင် ပဒူကောင်များက ဟိုမှသည်သို့ ဝဲပျံလျက်။ ကျသွားလို့ကတော့ မိမိအဖြစ်သည် မတွေးဝံ့စရာ။ ပဒူကောင်များ သက်ချက်ဖြင့် အရိုးတခြား၊ အသားတခြားဖြစ်သွားနိုင်၏ ။

ထိုသို့သောခဲရာခဲဆစ် အနေအထားမှ တပည့်ဖြစ်သူ ဖိုးသောကြာအား တကြော်ကြော် အော်ခေါ်နေမိ၏ ။

"ဟေး . . ငါ့ကို လာကယ်ပါဦး"

(မှတ်ချက် - တောတောင်ထဲတွင် တစ်ဦးနှင့်တစ်ဦး နာမည်ခေါ်ဆိုရသောကြောင့် နာမည်အစား "ဟေး" ဟုသုံးကြပါသည်)

ထိုသို့ အကူအညီတောင်းခံနေသောအချိန်တွင် တွင်း၏ အထက်ဆီမှ မိန်းမပျိုနှစ်ဦး၏ ရယ်မောသံများထွက်ပေါ်လာ၏ ။

"ခစ် . . ခစ် . . ခစ်"

"ခစ် . . ခစ် . . ခစ်"

မုဆိုးလှမိုး ကြောက်စိတ်နှင့်အတူ ဖောချွေးများ စီးကျလာသည်။ ယခုဆိုလျှင် ဤအနေအထားကြီးနှင့် တစ်နာရီကျော်သွားချေပြီ။ ကြာလျှင် လက်အံသေ၍ ပဒူကျင်းကြီးထဲသို့ ပြုတ်ကျ

www.burmeseclassic.com

www.burmeseclassic.com



ဖွယ်ရာရှိတော့သည်။ မိမိ၏အဖြစ်ကား သေမင်းနှင့် လက်တစ်ကမ်း အလိုပါတကား။

နားထဲတွင် မိမိအိပ်မက်,မက်ခဲ့စဉ်က ကြားခဲ့ရသော မိန်းမ ပျို၏အသံများသာ ကြားယောင်နေမိတော့၏ ။

"ရှင် .. ရှင်တို့ သိပ်ရက်စက်တယ်၊ အပြစ်မရှိတဲ့ အစ်ကို ကြီးကို သေနတ်နဲ့ပစ်သတ်ခဲ့တယ်"

"အဲဒီအတွက် ရှင်တို့ နောင်တရစေရမယ်၊ ဒီနေ့ပဲ ရှင်တို့ ကို လက်စားချေပြမယ်"

❖

"အာစရိ .. ဗျို့ .. အာစရိ .. အာစရိ ဘယ်ရောက်နေလဲ"

"ဟေး .. ငါဒီမှာ"

အဝေးဆီမှ ဖိုးသောကြာ၏ အသံသဲ့သဲ့ကို ကြားနေရ၍ မြင် လည်း အသံပြုလိုက်မိသည်။ ငါမသေတော့ဟူသော အတွေးနဲ့အလု အားတက်သွားမိ၏ ။ အတန်ကြာသော် ဖိုးသောကြာမှ တွင်းနှုတ် ခမ်းထိပ်သို့ရောက်လာပြီး -

"အာစရိ .. အာစရိ ဘယ်ကအော်နေတာလဲ"

"ဟေ့ .. ငါတွင်းထဲမှာကွ"

"ဟာ! .. အာစရိ"

"အေး .. ငါ့ကို မြန်မြန်ကယ်စမ်းပါ"

ထို့နောက် နှစ်ဦးသား တောနက်ကြီးထဲမှ ပြန်လည်ထွက် ကြ၏။ ညာဘက်ခြေထောက်နာသွားသော မုဆိုးလှမိုးကို ဖိုးသော ကြာမှ တွဲလျက် ယှဉ်လျှောက်ရင်း -

"ကံကောင်းလို့ပေါ့ အာစရိရယ်၊ ကျွန်တော်ကတော့ တော တော်နဲ့ရှာမတွေ့လို့ အာစရိတော့သွားပြီထင်နေတာ"

မုဆိုးလှမိုးက ပြုံးလိုက်ပြီး -

"အဲဒါ ဘာဖြစ်လို့ ကံကောင်းသွားတာလဲသိလား"

"မသိဘူးလေ အာစရိ .. အာစရိပြောပြမှပေါ့"





"ဟင်း .. ဟင်း .. ဒါလေးကြောင့်ပေါ့ကွ၊ ဒါလေးကြောင့် ပေါ့"

မုဆိုးလှမိုးမှ သူ၏လည်ပင်းတွင် ဆွဲထားသော သိမ်းငှက် တစ်ကောင် အတောင်ပံဖြန့်နေပုံ၊ လော့ကတ်သီးနှင့် စတီးဆွဲကြိုး လေးကို လက်ဖြင့်ပုတ်ပြရင်း -

"ဒါ ငါ့ကို .. ငါနဲ့ အရမ်းရင်းနှီးတဲ့ ရွာဦးကျောင်းဆရာ တော်တစ်ပါးက ချီးမြှင့်ထားတဲ့ အဆောင်ဆွဲကြိုးလေးကြောင့်ပေါ့ ကွာ၊ နို့မို့ ငါဟာ တွင်းထဲမှာ ကယ်သူမဲ့ပြီး တောကောင်ကြီးတွေရဲ့ အစာဖြစ်ရမှာ မလွဲဘူး"

"နောက်ပြီး ဒီသိမ်းငှက်ရုပ်က အတောင်ပံနှစ်ဘက်ကို ဖြန့်ကားထားတယ်ဆိုတဲ့ အဓိပ္ပာယ်က ရင်ဆိုင်ကြုံတွေ့လာရမယ့် ဘေးအန္တရာယ်တွေကို ကာကွယ်ထားတယ်ဆိုတဲ့ သဘောပေါ့ ကွာ"

ထို့နောက် တောအစပ်သို့ရောက်သော် အဝေးဆီမှ မီးခိုး အလူလူထွက်နေသော သူတို့ရွာလေးကို လှမ်းမြင်နေရပြီ ဖြစ် သည်။ ရွာထဲရောက်သော် မိတ်ဆွေများအား ယနေ့ကြုံတွေ့ခဲ့ရ သော တောလိုက်အတွေ့အကြုံများကို ပြန်လည်ဖောက်သည်ချ ပြောဆိုရပေဦးမည်ဟု ကိုယ်စီတွေးရင်း . . .။

စိုးမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com



# ဘုရားသခင်၏ အလိုတော်

အောင်မြီး

www.burmeseclassic.com

www.burmeseclassic.com





၂

"ချစ်ခြင်းသည်သာလျှင်
ဒဿနတွေ ပေါက်ဖွားရာ
လယ်ယာမြေကောင်း ဖြစ်တယ်။
အဘိညာဉ်ဆိုတာ မြေလျှိုး မိုးပျံတာကို
ဆိုလိုတာမဟုတ်ဘူး။
ချစ်ကြောင့်ရလာတဲ့ ထူးသောဉာဏ်၊
ဉာဏ်ထူးတွေဖြစ်တယ်"

သူ့ကို"မော်ဆရာ"လို့ ပြောသူကပြောကြသည်။

တချို့ကတော့ တရားပေါက်နေသည့် သူတော်စင်လို့ ထင်ကြသည်။ တော်တော်များများကတော့ သူ့ကို ရာဇဝတ်မှုကျူးလွန်ပြီး ထွက်ပြေး ရှောင်တိမ်းလာသူဟု ယူဆကြသည်။

သူ လာရောက်နေထိုင်သော မြို့လေး၏နာမည်မှာ မေထွန်းအိမ်ဖြစ်သည်။ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်နှင့် မပူလွန်း၊ မအေးလွန်းသော ရာသီဥတုရှိ၏။

သဘာဝပတ်ဝန်းကျင်ရှုခင်းသည် ဖက်ဖူးစိမ်းရောင် သန်းနေသည်။ နေရောင်သည် ရွှေရောင်တောက်ပနေသည်။ ထိုမြို့လေး၏ထူးခြားမှုမှာ တိမ်ကင်းစင်သော ကောင်းကင်ပြာကို အမြဲလိုလို မြင်တွေ့ရခြင်းပင်ဖြစ်၏။

ငြိမ်းချမ်းသည် သူ၏အိမ်ရှေ့တွင်ရှိသော ကျောက်ဖျာပေါ်တွင် ပက်လက်လှန် လဲလျောင်းလျက် ကောင်းကင်ပြာကြီးကို မမှိတ်မသုန် စူးစိုက်ကြည့်နေသည်။ လူနှင့် ကောင်းကင်သည် တစ်သားတည်းဖြစ်ကြောင်း နှလုံးသွင်း ဆင်ခြင်လျက်ရှိသည်။





တစ်နာရီလောက်ကြာသောအခါ သူမျက်စိကို မှိတ်လိုက်သည်။ ကောင်းကင်ပြာကြီးသည် သူ၏အရှုတ္တအတွင်း ပေါ်လွင်ထင်ရှားနေပြီ ဖြစ်၏။ ဗဟိဒ္ဓမှာရှိသော ကောင်းကင်သည် အရှုတ္တမှာလည်း ရှိပေ၏။

လူသည် ကောင်းကင်ဖြစ်သည် မဟုတ်လော။ လူသည် နက္ခတ်ကြယ်တာရာတွေ မဟုတ်လော။ လူသည် သစ်ပင်၊ ဝန်းမန်၊ ကျေးငှက်၊ လိပ်ပြာလေးတွေ မဟုတ်လော။ လူသည် မြေ၊ ရေ၊ လေ၊ မီး၊ အာကာသ၊ အလင်းရောင် မဟုတ်လော။ တကယ်တော့ အရာရာဟာ လူနှင့်တစ်သားတည်းဖြစ်၏။

ငြိမ်းချမ်းသည် သူ၏အရှုတ္တတွင်ရှိသော ကောင်းကင်ပြာကြီးကို စူးစိုက်ကြည့်နေရင်း ပတ်ဝန်းကျင်ကမ္ဘာကြီးကို မေ့လျော့သွားသည်။ သူ၏ခန္ဓာကိုယ်၊ သူ၏အမည်နာမ၊ သူ၏လူအဖြစ်အားလုံးကို မေ့လျော့သွားသည်။ အပြာရောင် မိုးကောင်းကင်ကြီးသည်သာလျှင် သူ့ဘဝ၊ သူ့ခန္ဓာဖြစ်သည်။

ထိုသို့ အပြာရောင် မိုးကောင်းကင်ကြီးသည် သူ့ဘဝ၊ သူ့ခန္ဓာဖြစ်ရခြင်းအတွက် သူပီတိဖြစ်သည်။ ဝုဏ်ယူသည်။

"သြော် . . လောကကြီးဟာ အဆုံးအစမရှိတဲ့ ကောင်းကင်ပြာကြီး၊ ဟင်းလင်းပြင်ကြီးပါတကား။ ထို ကောင်းကင်ပြာကြီး၊ ဟင်းလင်းပြင်ကြီးသည် လွတ်မြောက်ရာ လွတ်မြောက်ကြောင်းပါတကား"

ထိုသို့ သူ၏ဉာဏ်အမြင်သည် ဖြစ်ပေါ်ခဲ့၏။

ညနေစောင်းတော့မှ သူပြန်လည် နိုးထလာသည်။

ရုတ်တရက်တော့ သူ့မှာ ပတ်ဝန်းကျင်နှင့် အသားမကျသေးပေ။ ကိုယ်မရောက်ဘူးသော ကမ္ဘာတစ်ခု၊ ပတ်ဝန်းကျင်တစ်ခုကိုရောက်ရှိလာသော လူစိမ်းတစ်ယောက်လို သူခံစားမိသည်။ နည်းနည်းကြာတော့မှ သူ့နာမည်၊ သူ့ဘဝကို အမှတ်ရလာသည်။ တကယ်တော့ လူ့ဘဝဆိုတာ အမှတ်သညာတွေနဲ့ တည်ဆောက်ထားခြင်း မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



❖



ငြိမ်းချမ်း ရေချိုးပြီးတော့ အစာစား သည်။ သူသည် သစ်သီးဝလံများကို သာ စားသောက်သူဖြစ်သည်။ အကျီနှင့် ပုဆိုး သုံး စုံသာ ရှိသူဖြစ်သည်။ စားဝတ်နေရေးအမှု ကိစ္စနည်းပါးသူ ဖြစ်၏။

ထို့ကြောင့် သူ၏စိတ်သည် အလွန် ပေါ့ပါးလန်းဆန်းသည်။ ရုပ်ခန္ဓာသည်လည်း အညစ်အကြေးကင်း၍ ပေါ့ပါးလန်းဆန်း၏ အအိပ်အနေ နည်းပါး၏ ။ သတိလက်လွတ် အိပ်ပျော်ခြင်းဆိုသည်မှာ သေခြင်းတစ်မျိုးပင် မဟုတ်ပါလော။

ငြိမ်းချမ်းသည် ဒဿနတစ်ခုကို ထူထောင်ချင်သူဖြစ်၏ ။ သူ၏ဆရာသည် သူ့ကို လမ်းညွှန်ပြသပေးသည်။ သူ၏ဆရာဖြစ်သော ဆရာရှင်ဒီဇေသည် အောက်ပါအတိုင်း သူ့ကို လမ်းညွှန်ဆုံးမသည်။


"ငါ့တပည့် . . မင်းဒဿနတစ်ခုကို ထူထောင်ချင်ရင် ရျာန် အဘိညာဉ်ရအောင် ကျင့်လော့။ ရျာန်သည်သာလျှင် ဒဿနတွေ ပေါက်ဖွားရာ လယ်ယာမြေကောင်းဖြစ်တယ်။ အဘိညာဉ်ဆိုတာ မြေလျှိုး၊ မိုးပျံတာကို ဆိုလိုတာမဟုတ်ဘူး။ ရျာန်ကြောင့်ရလာတဲ့ ထူးသောဉာဏ်၊ ဉာဏ်ထူးတွေဖြစ်တယ်"

ထိုသို့ သူ့ဆရာက ဆုံးမသည့်အတိုင်း ဤမြို့လေးတွင် လာရောက်ကျင့်ကြံ၍ ဒဿနတစ်ခု ထူထောင်ရန် သူက ကြိုးစား အားထုတ်နေခြင်း ဖြစ်သည်။

ယနေ့ သူ့အတွေ့အကြုံကို "ကောင်းကင်နှင့် စိတ်"ဟု သူ့ ဒိုင်ယာရီထဲမှာ ခေါင်းစဉ်တပ်ရေးလိုက်သည်။ ကောင်းကင်နှင့် စိတ် တစ်သားတည်းကျသွားသောအခါ အလွန် ချမ်းသာငြိမ်သက် တည် ကြည်သည်။







ရုပ်ခန္ဓာသည် အနှောင်အဖွဲ့သာဖြစ်ကြောင်း သိရှိသွားသည်။ တကယ်တော့ လောကနှင့် လူသားသည် ကွဲပြားခြားနားခြင်းမရှိဘဲ တစ်သားတည်းပင် မဟုတ်ပါလော။ ငြိမ်းချမ်းသည် သူ၏ဆရာရှင် ဒီဇေ ပြောဖူးသောစကားကို သတိရမိသည်။

"ထင်ရှားပြသောတန်ခိုးမှာ ခပ်သိမ်းသောအရာအားလုံး မိမိပင်ဖြစ်သည်ဟု လည်းကောင်း၊ ထိုအရာအားလုံးအတွက် မိမိ သည် ကူညီနိုင်သည့်အပြင် ထိုသို့ကူညီရင်းပင် မိမိ ကူညီသော အရာသည် မိမိသာဖြစ်သည်ဟု အာရုံထားနိုင်ခြင်းဖြစ်လေ၏"

ထိုသို့ ဆရာက သူ့ကို ပြောဖူးသည်။ တန်ခိုးဆိုသည်မှာ စိတ်နေစိတ်ထားပင် မဟုတ်ပါလော။ နောက်တစ်နေ့ မနက်ရောက် တော့ ငြိမ်းချမ်း ရေချိုး၍ သစ်သီးတစ်လုံးသာစားပြီး ကျောက်ဖျာပေါ် မှာ ထိုင်သည်။


လေသည် ညင်သာစွာ တိုက်ခတ်နေသည်။ လတ်ဆတ် သော လေ၏ရနံ့ကို ရှူရှိုက်မိသည်။ လေဆိုသည်မှာ မမြင်ရသော အရာဖြစ်သည်။ ခန္ဓာကိုယ်ကို ထိတွေ့လာသော လေ၏အတွေ့ အာရုံကို ရှုစိုက်ထားရသည်။ လေသည် မိမိပင်ဖြစ်သည်ဟု နှလုံး သွင်းထားသည်။ မမြင်ရသောအရာကို မြင်ရသောအရာဖြစ် အောင် အာရုံရှုစိုက်ရသည်မှာ ပင်ပန်းခက်ခဲလှသည်။



www.burmeseclassic.com

www.burmeseclassic.com





တစ်နေကုန် ကျင့်သော်လည်း လေနှင့်သူသည် တစ်သားတည်း ဖြစ်မသွားပေ။ ပင်ပန်းလှသောကြောင့် ကျောက်ဖျာပေါ် လှဲချလိုက်သည်။ ထိုခဏမှာပင် လေနအေးတွေ တသုန်သုန် တိုက်ခတ်လာသည်။ ထိုလေနအေးပေါ်တွင် အာရုံစူးစိုက်မှု သူ မလုပ်တော့ပေ။

စိတ်ကို လေထဲသို့ မျှောပစ်လိုက်သည်။ စိတ်သည် လေနှင့်အတူပါသွားသည်။ လယ်မြေစိုက်ခင်း တောတောင်အနှံ့ မြစ်ချောင်းအင်းအိုင်တွေအပေါ် အာရုံနိမိတ်ဖြစ်ကြောင်း သူ နားလည်သွားသည်။ အာရုံစူးစိုက်မှု အသေလုပ်လို့ မရပေ။ လေစီးကြောင်းအတိုင်း စိတ်ကလိုက်၍ စီးဆင်းဖို့လိုသည်။

ညကျတော့ သူ့ဒိုင်ယာရီထဲတွင် ရေးမှတ်လိုက်သည်။

"ယနေ့ အာရုံနိမိတ်အရှင်ကို တွေ့သည်။ တစ်ခါမှ အာရုံနိမိတ်အရှင်ကို မတွေ့ဖူးပေ။ အာရုံနိမိတ်အရှင်သည် အာရုံနိမိတ်အသေထက် သာလွန်ကြောင်း မှတ်သား၍ မှတ်တမ်းတင်ပါသည်။"

ထိုသို့ ရေးမှတ်၍ သတိဆောင်ပြီး အိပ်စက်အနားယူသည်။ သူသည် သတိလက်လွတ် အိပ်ပျော်ရိုး ထုံးစံမရှိပေ။ အိပ်မက်မက်လျှင် အိပ်မက်မှန်းသိ၏။ အိပ်မက်ကို လိုသလိုစေစား၍ သူမက်ချင်သည့်အတိုင်း မြင်မက်နိုင်၏။





❖

ထိုမြို့လေးတွင် ငြိမ်းချမ်း၏ မိတ်ဆွေဆိုလို့ ဘေးချင်းကပ်အိမ်မှ အဘိုးကြီးတစ်ယောက်သာ ရှိသည်။ တစ်ပတ်တစ်ခါလောက် သူ့ဆီ အလည်လာတတ်သည်။ ဒီနေ့ ထိုအဘိုးကြီး သူ့ဆီလာသည်။ သူက သစ်သီးဖျော်ရည်တစ်ခွက်နဲ့ ဧည့်ခံသည်။

"ကိုငြိမ်းချမ်း ခင်ဗျားလုပ်နေတာတွေ အောင်မြင်ရဲ့လား"

အဘိုးကြီးက သူ့အကြောင်း အနည်းငယ်သိသည်။

"ဟုတ်ကဲ့ .. အဘ၊ နားလည် သဘောပေါက်မှုတစ်ခုတော့ ရပါပြီ"

"ဟုတ်လား .. ရှင်းစမ်းပါဦးဗျာ"

"ဒီလို အဘ .. လုပ်ယူထားတဲ့ ချမ်းသာတွေအားလုံးဟာ တည်မြဲဘူး။ သင်္ခါရ (ပြုလုပ်မှု)တွေဟာ မမြဲခြင်းတရားရဲ့ လွှမ်းမိုးမှုအောက်မှာပဲ ရှိတယ်"

"အဲဒီတော့ .."

"ကျွန်တော်ဆိုလိုတာက ချမ်းသာအစစ်ဆိုတာ တောင့်တခြင်း၊ ကြောင့်ကြခြင်းကင်းပြီး ဘဝကိုတည်ဆောက်နေတဲ့ သင်္ခါရတရားတွေကို ရပ်တန့်ပစ်ဖို့လိုတယ်"

"ဖြစ်ချင်တာတွေ လျှော့ချရမယ်ပေါ့"

"ဟုတ်တယ် အဘ .. ကျွန်တော်က အဲဒါကို သဘာဝအတိုင်း နေသားတကျ နေထိုင်ခြင်းလို့ အမည်ပေးထားတယ်။ ထမင်းဆာရင် စား၊ ရေဆာရင် ရေသောက်၊ စိတ်ကို စိတ်အတိုင်းထား၊ အဲဒါ ချမ်းသာစွာ ဘဝနေထိုင်နည်းပါပဲ"

"ကိုငြိမ်းချမ်းနည်းကိုတော့ ကြိုက်သွားပြီဗျာ"

"ဒီလို အဘ .. တကယ်တော့ တရားဆိုတာ ရိုးစင်းပါတယ်။ လူတွေက အထူးအဆန်းကို ကြိုက်နှစ်သက်ကြတယ်။ အဲဒါကြောင့် လူတွေဟာ တရားအစစ်ကို မမြင်နိုင်ဘဲ ရေလိုက်လွဲနေကြတာပေါ့"

"ကိုငြိမ်းချမ်းပြောတာ ဟုတ်ပါ့ဗျာ၊ ဒါနဲ့ ကိုငြိမ်းချမ်း အာရုံ



www.burmeseclassic.com

www.burmeseclassic.com



သရုပ်ဖော်တာကို ကျင့်သလား"

"ကျင့်ပါတယ် အဘ . . အာရုံသရုပ်ဖော်တာဟာ အရမ်းအရေးကြီးတဲ့ကျင့်စဉ်ပါပဲ"

"ဘာတွေကို သရုပ်ဖော်သလဲ။ နည်းနည်းလောက် ရှင်းပြပါဦး"

"ကျွန်တော် အရေးကြီးတဲ့ အာရုံသရုပ်ဖော်မှု ဆယ့်နှစ်ခုကို ပြောပြပါ့မယ်"

၁) နလုံးရဲ့ ရွှေကြာပန်း၊

၂) အနီရောင်ကွင်းပြင်ထဲက တောက်လောင်တဲ့ လယ်ကွင်း၊

၃) နံနက်စောစော နေရောင်ခြည် ပက်ဖျန်းထားတဲ့ တောင်ထိပ်၊

၄) ထောင်ထားသော လက်တစ်ဖက်၊

၅) လက်တံလေးဘက်ညီ ကြက်ခြေ(ကားတိုင်)၊

၆) ဖွင့်ထားသော တံခါး၊

၇) မီးလျှံ ကြိုဂံ၊

၈) ဘုရားဆီသွားရာ ရွှေရောင်လမ်း၊

၉) ပင်လယ်ပြင်နှင့် ကျောက်ကမ်းပါး၊

၁၀) ငွေရောင်ခြည်တန်း၊

၁၁) လင်းလက်သော အံစာတုံး၊

၁၂) မီးတောက်နေသော ချုံပုတ် ဒါတွေပါပဲ"

"ခင်ဗျားပြောတဲ့ အာရုံသရုပ်ဖော်မှုတွေဟာ အရမ်း လေးနက်တာပါပဲ"

"ဟုတ်တယ် အဘ . . ဒါတွေကို စိတ်ပန်းချီဆွဲတယ်လို့လည်းခေါ်နိုင်တယ်"

"ဘယ်လိုနေ့တွေမှာ ကျင့်ရင် အကောင်းဆုံးလဲ"

"လပြည့်နေ့ပေါ့ အဘ၊ လပြည့်နေ့တွေမှာ ပိတ်နေတဲ့ လောကတံခါးတွေ ပွင့်သွားတယ်။ အထူးသဖြင့် ကဆုန်လပြည့်နေ့ဟာ အကောင်းဆုံးပဲ"





"ဟုတ်ပြီ . . ကျွန်တော် လုပ်ကြည့်မယ်လေ"

အဘိုးကြီး အားတက်သရော ဖြစ်သွားသည်။

"ကိုငြိမ်းချမ်း ဒဿနတစ်ခု ထူထောင်ချင်တယ်လို့ သိထားတယ်။ ဘယ်လိုလဲ . . လမ်းစတွေ့ပြီလား"

"ဒီလို အဘ . . မြတ်စွာဘုရားက အစွန်းနှစ်ဘက်ကို ရှောင်ပြီး အလယ်အလတ်လမ်းစဉ်ကို ဟောကြားခဲ့တယ်။ အသင့်အတင့် နလုံးသွင်းခြင်းကိုလည်း ဟောခဲ့တယ်။ ကျွန်တော် စဉ်းစားတာက အမှန်တရားဆိုတာ မှန်တယ်လို့ ထင်ရတဲ့အရာပဲ"

"လူတိုင်းဟာ မှန်တယ်လို့ ထင်ရတဲ့အရာကို လုပ်နေတာပဲ။ သူများအသက်ကို မသတ်ရဘူးဆိုထားပေမယ့် ကိုယ့်မိသားစု၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို ထိပါးစော်ကားလာရင် ကာကွယ်ရမယ်။ လက်တုံ့ပြန်ရမှာပဲ။ ဒါကြောင့် မြတ်စွာဘုရားက အမှန်တရားနှစ်ခုဟောခဲ့တယ်။ သမ္မုတိသစ္စာနဲ့ ပရမတ္ထသစ္စာပါပဲ"

"အဲဒီတော့ ခင်ဗျားက ဘယ်လိုဒဿနမျိုးကို ထူထောင်ချင်တာလဲ"

"ကျွန်တော့် အတွေးအခေါ်ကတော့ အမျိုးမျိုးသော အမှန်တရားနဲ့ တစ်ခုတည်းသော အမှန်တရားတို့ ရှိကြတယ်။ အဲဒီနှစ်ခုဟာလည်း ခေါင်းနဲ့ပန်းလို တစ်ထပ်တည်းပါပဲ။ အသားဝါ၊ အသားဖြူ၊ အသားမည်းလို့ လူမျိုးကွဲပြားပေမယ့် လူဟာ လူပါပဲ"

"ပြဿနာက ငါနဲ့ သူတစ်ပါး ခွဲခြားခြင်းပါပဲ။ အဲဒီ ခွဲခြားခြင်းတာလည်း လောကတည်ဆောက်ရေးမှာ မရှိရင် မဖြစ်ဘူး။ ရှိသင့်သလောက်တော့ ရှိသင့်တယ်။ ဒါပေမယ့် အလွန်အကျွံဖြစ်လာရင် လူမျိုးရေးပြဿနာ၊ နိုင်ငံရေးပြဿနာတွေ ဖြစ်လာတယ်"

"ဒါကြောင့် တစ်ခုတည်းသောအမှန်တရား(Oneness) ရောက်အောင် လုပ်ဖို့လိုတယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ တရားထိုင်ပြီး လုပ်တာကို ဆိုလိုတာမဟုတ်ဘူး။ လောကကို (Oneness)ဖြစ်အောင်လုပ်ရမှာ"

"ဘာသာမတူ၊ လူမျိုးမတူ၊ နိုင်ငံမတူပေမယ့် တစ်သောတ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ တစ်ယောက် ညီရင်းအစ်ကိုတွေလို ချစ်အောင်နေရမယ်။ ဘာလင်တံတိုင်းဖြိုသလို၊ လူသားအချင်းချင်း ခွဲခြားထားတဲ့ အယူအစွဲ တံတိုင်းတွေ ဖြိုချရမယ်"

"တစ်ကမ္ဘာလုံးမှာရှိတဲ့ နိုင်ငံက ခေါင်းဆောင်တွေပေါင်းပြီး ကမ္ဘာကြီးကို ကောင်းကင်ဘုံလိုဖြစ်အောင် ညှိနှိုင်းဆွေးနွေး စီမံကိန်း ရေးဆွဲပြီး အကောင်အထည်ဖော်ရမယ်။ ဒီစီမံကိန်းကို "ဘုရားသခင်၏ အလိုတော်"လို့ နာမည်ပေးရမယ်"

"ဒါဆိုရင် .. ခင်ဗျားအတွေးအခေါ်နာမည်ကလည်း ဘုရားသခင်၏အလိုတော် အတွေးအခေါ်ပဲပေါ့"

"အင်း .. အဲဒီလိုပြောရမှာပဲ"

အဘိုးကြီးက ပြုံးသည်။

"ခင်ဗျား အတွေးအခေါ်က စိတ်ကူးယဉ်မဆန်ဘူးလား"

"ဒါပေါ့ .. လောကကြီးကို စိတ်ကူးတွေနဲ့ပဲ တည်ဆောက်ထားတာလေ"

"ခင်ဗျားပြောတဲ့အထဲမှာ လောကကြီးကို (Oneness)ဖြစ်အောင် လုပ်ရမယ်လို့ပါတယ်။ ဘယ်လိုလုပ်မှာလဲ"

"ကျွန်တော်ဆိုချင်တာက လူသားတွေမှာ အချစ်နဲ့အမုန်း ရှိကြတယ်။ ချစ်တဲ့သူကြရင် ချစ်တယ်။ မုန်းချင်ရင် မုန်းတယ်။ အချစ် အမုန်းနှစ်မျိုးရှိတဲ့အတွက် (Oneness)မဖြစ်ဘူး"

"(Oneness)ဖြစ်အောင် အမုန်းကိုပယ်ပြီး အချစ်တစ်ခုတည်းကျန်အောင် လုပ်ရမယ်။ ဒါဟာ အမုန်းတရား တိုက်ဖျက်ရေး စီမံကိန်းပဲ။ ရုပ်ဝတ္ထုပစ္စည်းတွေ ချမ်းသာကြွယ်ဝရေးအတွက် စီမံကိန်းတွေလုပ်နေတာထက် လူတွေရဲ့အဇ္ဈတ္တပြောင်းလဲရေး စီမံကိန်းတွေ လုပ်သင့်တယ်"


"ကိုငြိမ်းချမ်းပြောတဲ့အတိုင်း ဖြစ်လာရင်တော့ ကောင်းတာပေါ့ဗျာ"

အဘိုးကြီးပြန်သွားတော့ ငြိမ်းချမ်း အိမ်ရှေ့က ကျောက်ဖျာပေါ်တွင် ကမ္မဋ္ဌာန်းထိုင်သည်။ အာရုံနိမိတ်တွင် အလင်းစက်မှုန်





မှုန် မြင်လာသည်။ နောက်တော့ ဒီအလင်းမှုန်တွေဟာ ကျစ်လစ်လာပြီး နေမင်းသဖွယ် ဖြစ်လာသည်။



အဲဒီ နေဝန်းရဲ့ဗဟိုချက်တွင် နက်ပြာရောင်အဝိုင်း ပေါ်လာသည်။ ငြိမ်းချမ်း ဒါကို စောင့်နေတာ ကြာပြီဖြစ်သည်။ ချက်ချင်း အဲဒီ နက်ပြာရောင် အဝိုင်းထဲ ဝင်လိုက်သည်။

သုညတ ဆိုက်သွားသည်။ ဒီ နက်ပြာရောင်အဝိုင်းဟာ ဝိညာဉ်ရဲ့ထွက်ပေါက် နိဗ္ဗာန်တံခါးပေါက်ပဲ ဖြစ်သည်။

သူ သုညတ ဆိုက်သွားသည်မှာ တစ်နေ့လုံး၊ တစ်ညလုံး ဖြစ်သည်။ မနက်ရောက်တော့မှ ပြန်လည် သိစိတ်အသက်ဝင်လာသည်။ ဒိုင်ယာရီထဲတွင် ရေးမှတ်ထားလိုက်သည်။

"တကယ်တော့ လောကဆိုသည်မှာ အိပ်မက်သဖွယ်ဖြစ်ကြောင်း၊ လောကုတ္တရာ အလင်းရောင်ရသောအခါ လောကအိပ်မက်မှ နိုးထလာရကြောင်း၊ နိဗ္ဗာန်ဆိုသည်မှာ ထာဝရရှင်သန်ခြင်းဖြစ်ကြောင်း၊ လောကဆိုသည့် သေခြင်းတရားမှ လွတ်မြောက်ရာဖြစ်ကြောင်း၊ နိဗ္ဗာန်ဆိုသည်မှာ မဟာအလင်းဓာတ်ကြီးသာဖြစ်ကြောင်း သူရေးမှတ်လိုက်သည်"

ထိုအတွေ့အကြုံပေါ်မူတည်၍ ဉာဏ်အမြင်တစ်ခု ဖြစ်ပေါ်လာသည်။ ထိုဉာဏ်အမြင်မှာ လောကဟူသည် ပြုပြင်စီရင်ထားသော သင်္ခါရလောကနှင့် မပြုပြင် မစီရင်ဘဲ နဂိုရှိသော အသင်္ခတလောကဟူ၍ နှစ်မျိုးရှိသည်ဟု နားလည် သဘောပေါက်သွားသည်။

"သင်္ခါရလောက"ဟူသည် ရေအိုင်တွင် ထင်ဟပ်နေသော



www.burmeseclassic.com

www.burmeseclassic.com





လရိပ်သဖွယ်ဖြစ်ပြီး "အသစ်တလောက"သည် နဂိုရှိလမင်းဖြစ်သည်။ သင်္ခါရလောကကို အဆုံးစွန်သိမြင်သည်နှင့် တစ်ပြိုက်နက် အသစ်တလောကကို မျက်မှောက်ပြုသော ဉာဏ်အမြင်သည် ဖြစ်ပေါ်ခဲ့ပါ၏ ။

အကြောင်းအကျိုးလောကကို ငြီးငွေ့ပြီး မျက်နှာလွှဲချလိုက်သောအခါ အကြောင်းအကျိုးမဲ့လောကကို တွေ့ရလေသည်။ သင်္ခါရလောကသည် ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်။ ပယ်အပ်သည်လည်း မဟုတ်ဘဲ၊ တွယ်အပ်သည်လည်း မဟုတ်။ မဂ္ဂင်ရှစ်ပါးနဲ့အညီ နေထိုင်သွားရန်သာ လိုအပ်ပါသည်။

ငြိမ်းချမ်း ကိုယ်လက်သန့်စင်ပြီး သစ်သီးတစ်လုံး စားသည်။ ပြီးတော့ ကျောက်ဖျာပေါ်တွင် လဲလျောင်းလျက် အာရုံသရုပ်ဖော်မှုကို လေ့ကျင့်သည်။ ကောင်းကင်ပြာကြီးကို မျက်စိမှိတ်ပြီး မြင်လာအောင် စိတ်ကူးသည်။ သူ့အာရုံတွင် ကောင်းကင်ပြာကြီး ပေါ်လွင်ထင်ရှားလာသည်။

လမင်းကို စိတ်ကူးသရုပ်ဖော်သည်။ လမင်းပေါ်လာသည်။ ကောင်းကင်ပြာနှင့် လမင်းဖြစ်သွားသည်။ ဆယ်မိနစ်လောက် အာရုံဝင်စားနေလိုက်သည်။ ပြီးမှ ကောင်းကင်ပြာကို အနက်ရောင် ညကောင်းကင်ဖြစ်အောင် စိတ်ကူးသရုပ်ဖော်သည်။

ကြယ်တွေစုံသော ညကောင်းကင်ပေါ်လာသည်။ ထိုညကောင်းကင်ကိုကြည့်နေရင်း ကြယ်လေးတစ်လုံးကို အာရုံစူးစိုက်ကြည့်လိုက်သည်။ ထိုကြယ်လေးသည် သူ့ထံကို ပြေးဝင်လာသည်။ ရုတ်တရက် ဗလာဖြစ်သွားသည်။





သူ၏ အာရုံစူးစိုက်သည့် စိတ်ရော၊ အာရုံပြုခံရသည့် ကြယ်လေးရော ပျောက်ကွယ်သွားသည်။ အချိန်ကာလနှင့် ပြောရလျှင် အချိန်အတန်ကြာဆိုပေမယ့် ထိုသို့ဖြစ်ခြင်းသဘောတွင် အချိန်ကာလသဘော မရှိချေ။

❖

ငြိမ်းချမ်း တစ်ပတ်လုံးလုံး ကျင့်ကြံအားထုတ်နေသည်။ သူ့မှာ တစ်လစာ စားသောက်ဖို့ သစ်သီးတွေရှိသည်။ ရေခဲသေတ္တာထဲ ထည့်ထားသည်။ မနက်ခင်းတစ်ခုမှာ ကမ္မဋ္ဌာန်းတစ်ခု ကျင့်ကြံနေရာမှ နိုးထလာသည်။ မရှေးမနှောင်းမှာဘဲ ဘေးအိမ်မှ အဘိုးကြီးရောက်လာသည်။

"ကိုငြိမ်းချမ်းရေ . . မင်္ဂလာပါဗျာ"

"မင်္ဂလာပါ အဘ"

အဘိုးကြီးကို နေရာထိုင်ခင်းပေးပြီးနောက် သစ်သီးဖျော်ရည်တစ်ခွက်ဖြင့် ဧည့်ခံသည်။ အဘိုးကြီးက သစ်သီးဖျော်ရည်ခွက်ကို ကြည့်ပြီး -

"ကိုငြိမ်းချမ်းကိုတော့ အံ့သြပါတယ်ဗျာ . . သစ်သီးစားပြီး နေနိုင်တာကိုပါ"

"ဒီလိုပါပဲ အဘ . . ကျွန်တော်က အကျင့်ဖြစ်နေပါပြီ"

အဘိုးကြီးက ဖျော်ရည်တစ်ငုံသောက်လိုက်သည်။

"ကိုငြိမ်းချမ်းကို ပြောရဦးမယ်။ ကျွန်တော့်မှာ သမီးတစ်ယောက်ရှိတယ်။ အမေရိကန်မှာ နေတာပါ။ အခု ကျွန်တော့်ဆီ အလည်လာတယ်။ သူက ရိုဆီကရှုအင်ဂိုဏ်းကပါ။ ကျွန်တော်က ကိုငြိမ်းချမ်းအကြောင်းပြောတော့ ကိုငြိမ်းချမ်းကို စိတ်ဝင်စားသွားတယ်။ ခင်ဗျားနဲ့သူနဲ့ တရားအကြောင်း၊ ဂန္ဓာရီအကြောင်းတွေ ဆွေးနွေးချင်တယ်တဲ့"

"ရပါတယ် အဘ . . ဆွေးနွေးလို့ရပါတယ်။ မနက်ဖြန် မနက်စောစော လာခဲ့ပါ။ မနက်(၇)နာရီကနေ (၈)နာရီအထိ



www.burmeseclassic.com

ကျွန်တော် အားပါတယ်"

အဘိုးကြီးပြန်သွားတော့ အနံ့အာရုံ သရုပ်ဖော်တာကို လေ့ကျင့်သည်။ နင်းဆီရနံ့ကို စိတ်ဖြင့်သရုပ်ဖော်ပြီး ရှူသည်။ တဖြည်းဖြည်း နှင်းဆီရနံ့မွှေးလာသည်။ သူကိုယ်တိုင် နှင်းဆီပန်းခင်းကြီးထဲရောက်သွားသလို ခံစားရသည်။ စိတ်သည် လောကကို ဖန်ဆင်းသည်မဟုတ်ပါလား။

ငြိမ်းချမ်း တစ်ညလုံး အာရုံသရုပ်ဖော်တာကို လေ့ကျင့်နေသည်။ ယခု သူသည် သူ့ကိုယ်ပိုင်ကမ္ဘာတစ်ခုကို ဖန်ဆင်းနိုင်ပြီဖြစ်သည်။ အနံ့၊ အရသာ၊ အထိအတွေ့ မျက်စိမဖွင့်ဘဲနဲ့ မြင်နိုင်သည်။ အမြင်အာရုံအရာရာကို စိတ်သက်သက်ဖြင့် ခံစားနေနိုင်ပြီဖြစ်သည်။ အရိုးရည်တစ်ဘူးကို စိတ်ကူးလိုက်ရုံနဲ့ ထိုအရိုးရည်၏အရသာကို ခံစားနိုင်သည်။

တိုးတက်လာသော စိတ်တန်ခိုးကို . . အဘိ - ထူးသော၊ ဉာဏ် - ဉာဏ်ဖြင့် စေစားအသုံးပြုနိုင်ခြင်းသည် အဘိညာဉ်ပင် ဖြစ်သည် မဟုတ်ပါလော။

မနက်ရောက်တော့ အိမ်ရှေ့တွင် စားပွဲကုလားထိုင်ခင်းပြီး ဧည့်သည်တွေအတွက် နို့နှစ်ခွက် ပြင်ဆင်ထားလိုက်သည်။ သူလည်း တစ်ပတ်တစ်ခါ နို့သောက်ပါသည်။ အမြဲတမ်းတော့ မသောက်ပေ။

❖

မနက်ခင်းနေရောင်သည် ရွှေရောင်ဟပ်ကာ ဖက်ဖူးစိမ်းရောင်သစ်ရွက်များအပေါ် ကျရောက်နေသည်မှာ အလွန် ကြည်နူးဖွယ်ကောင်းသည်။ အမှန်တော့ လောကသည် လှပ၍ ကြည်နူးနှစ်လိုဖွယ်ကောင်းပါသည်။ ငြီးငွေ့စရာ၊ မုန်းတီးစရာ မလိုပါ။

(၇)နာရီအတိမှာပဲ အဘိုးကြီးနှင့် သူ့သမီး ရောက်လာသည်။ ထိုအမျိုးသမီးသည် ကျက်သရေရှိသော အလှကို ပိုင်ဆိုင်သည်။ အဘိုးကြီးက မိတ်ဆက်ပေးသည်။





"ဒါက ကိုငြိမ်းချမ်းတဲ့ . . သူကတော့ ကျွန်တော့သမီး ရှင်းသန့်မာယာပါ"

နှစ်ဦးသား အပြုံးကိုယ်စီဖြင့် အသိအမှတ်ပြုလိုက်သည်။ သူမက စတင်စကားဆိုသည်။

"ကိုငြိမ်းချမ်းက ဒဿနတစ်ခုကို ထူထောင်နေတယ်လို့ သိရပါတယ်။ အောင်မြင်ပြီလား"

ငြိမ်းချမ်း ဒီတစ်ခါတော့ အဖြေပေးနိုင်ပြီဖြစ်သည်။

"ဟုတ်ကဲ့ အောင်မြင်ပါပြီ"

"ကျွန်မကို ပြောပြလို့ ရမလား"

"ရပါတယ်။ တစ်ချက်ကခင်ဗျားအဖေကို ပြောပြပြီးဖြစ်တဲ့ ဘုရားသခင်၏ အလိုတော်ပါပဲ။



ဒီလူ့လောကကြီးတစ်ခုလုံးကို ကောင်းကင်ဘုံလို ဖြစ်အောင်လုပ်ရမယ်။ ကမ္ဘာ့ခေါင်းဆောင်အားလုံး ညှိနှိုင်းဆွေးနွေးပြီး ကမ္ဘာရဲ့ မဟာစီမံကိန်းကြီးအဖြစ် အကောင်အထည်ဖော်ရမယ်။ လောကမှာရှိတဲ့ ချမ်းသာအားလုံးကို လူသားတွေ ခံစားနိုင်ရမယ်။ အဲဒီချမ်းသာတွေထဲမှာ ဈာန်ချမ်းသာလည်းပါရမယ်"

"ဒါဟာ ပထမအဆင့် အတွေးအခေါ်ပေါ့"


"ဟုတ်ပါတယ် . . ဒုတိယအဆင့်ကတော့ လူသားအားလုံးဟာ (Oneness)ဖြစ်အောင် တစ်ခုတည်းသော ရည်မှန်းချက်ထားရမယ်။ အဲဒီရည်မှန်းချက်ကတော့ ကိုယ့်ရဲ့ လူ့အဖွဲ့အစည်း[illegible]နိုင်သလောက် ကောင်းကျိုးပြုနိုင်ဖို့ပဲ။ အလုပ်သမားက ခို[illegible]အလုပ်လုပ်ပြီး အလုပ်ရှင်က ရသင့်ရထိုက်တဲ့ အလုပ်[illegible]ရဲ့ အခွင့်အရေး၊ လစာရိက္ခာကိုပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com





"တတိယအဆင့်က ဘာလဲ"

"ဒါကတော့ အရေးကြီးဆုံးပဲ။ ကျွန်တော်တို့ဟာ အသားအရောင်ခွဲခြားမှု၊ လူမျိုးရေး၊ နိုင်ငံရေး ခွဲခြားမှုတွေကို တိုက်ဖျက်ပြီး "မဟာလူသားဝါဒ"ကို ထူထောင်ရမယ်။ "ကမ္ဘာချစ်စိတ်"ကို ထူထောင်ရမယ်"

"ဒါပေမယ့် ဒါဟာ ခဲယဉ်းပါတယ်။ စိတ်ကူးယဉ်ပြီး ပြောရရင် အခြားဂြိုဟ်တစ်ခုက ဂြိုဟ်သားတွေဟာ ကျွန်တော်တို့ ကမ္ဘာကို လာရောက်တိုက်ခိုက်၊ ကိုလိုနီပြုတဲ့အခါမှာ "မဟာလူသားဝါဒ၊ ကမ္ဘာလူသားဝါဒ" ဖြစ်ပေါ်နိုင်ပါတယ်။ အခု အဲဒီလို ရန်မျိုးမရှိတဲ့အတွက် လူသားအချင်းချင်း မုန်းတီးမှုတွေနဲ့ သတ်ဖြတ်နေကြတယ်"

"မဟာလူသားဝါဒကို ဘယ်လို အနက်အဓိပ္ပာယ်ဖွင့်မလဲ"

"ကျွန်တော်ဆိုလိုချင်တာက ဘာသာတရားတွေ မပေါ်ခင်ကတည်းက လူသားတွေ ပေါ်ထွန်းရှင်သန်လာခဲ့တာပါ။ လူပေါ်ပြီးမှ ဘာသာအယူဝါဒတွေ ပေါ်လာတာပဲ"

"ဘာသာအယူဝါဒတွေအတွက် လူက အဓိကကျတယ်။ လူသာလျှင် ပဓာနဖြစ်တယ်။ ဘာသာအယူဝါဒတွေဆိုတာ အားကိုးရာရှာကြတာဖြစ်တယ်။ ဘုရားတွေကို ကိုးကွယ်မယ့်အစား လူသားအချင်းချင်း မေတ္တာထားနိုင်မှု၊ စာနာနားလည်မှုတွေကို ကိုးကွယ်ပါ။ ဘုရားသခင်၏ အလိုတော်ဆိုလည်း ဒါပါပဲ"

"နည်းနည်းလောက် ထပ်ရှင်းပါဦး"

"ဘုရားသခင်က လူသားတွေအတွက် လောကကြီးကို အပြည့်အစုံ ဖန်ဆင်းပေးထားတယ်။ လူသားတွေက အလိုလောဘ







တွေများပြီး ဘုရားသခင် ဖန်ဆင်းပေးထားတာကို ငါ့အတွက်ပဲ ဆိုပြီး တစ်ကိုယ်ကောင်းစိတ်နဲ့ သိမ်းပိုက် ယှဉ်ငင်နေကြတယ်"

"တစ်ယောက်နဲ့ တစ်ယောက် မနာလိုမှုတွေ၊ မုန်းတီးမှုတွေ ဖြစ်လာကြတယ်။ ကျွန်တော့်အမြင်ပြောရရင် ကောင်းကင်ဘုံဆိုတာ ဒီလူ့လောကကြီးပဲ"

"လူတွေရဲ့ လောဘ၊ ဒေါသ၊ မောဟကြောင့် ငရဲပြည်လို ဖြစ်နေတာပါ။ ဘုရားသခင်က ကောင်းကင်ဘုံကို ဖန်ဆင်းပြီး လူသားတွေက ကောင်းကင်ဘုံကို ဖျက်ဆီးသူတွေဖြစ်တယ်"

ရှင်းသန့်မာယာက လေးစားသောလေသံဖြင့် သူ့ကို ပြောသည်။

"ကျွန်မက တရားအကြောင်းတွေ၊ ဂန္ထာရီအကြောင်းတွေ ဆွေးနွေးမလို့ လာတာပါ။ ကိုငြိမ်းချမ်း အတွေးအခေါ်ကို သိလိုက်ရမှ ကျွန်မ အသိတစ်ခုဝင်လာတယ်။ ဒါဟာ ဘာလဲဆိုတော့ လောကကို အကျိုးပြုမယ့်အတွေးအခေါ် ဆိုတာပါပဲ"

"ခင်ဗျား မှန်ပါတယ်။ တရားဆိုတာ၊ ဂန္ထာရီဆိုတာ လောကကို အကျိုးပြုမယ့် အရာတွေပါပဲ။ တရားသမားကလည်း လောကကို အကျိုးပြုရမယ်။ ဂန္ထာရီသမားကလည်း လောကကို အကျိုးပြုရမယ်။ ဂန္ထာရီပညာရဲ့အစက လောကကို အကျိုးပြုခြင်းဖြစ်ပြီး ဂန္ထာရီပညာရဲ့အဆုံးကလည်း လောကကို အကျိုးပြုခြင်းပဲဖြစ်တယ်"

ရှင်းသန့်မာယာရဲ့မျက်လုံးများ ဝင်းလက်တောက်ပသွားသည်။

"ဂန္ထာရီပညာရဲ့အနှစ်ချုပ်ကို ရှင်ပြောပြမှပဲ သဘောပေါက်တော့တယ်။ ကျေးဇူးတင်ပါတယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး နားထောင်နေသော အဘိုးကြီးက အစုမှ ဝင်ပြောသည်။

"ကဲ . . သမီး၊ ကိုငြိမ်းချမ်းက အချိန်သိပ်မရဘူး။ သူ့မှာ ကျင့်စရာတွေ ရှိတယ်။ ပြန်ကြစို့"

နှစ်ယောက်စလုံး သူ့ကို နှုတ်ဆက်ပြီး ပြန်သွားကြသည်။ ထိုနေ့ကစပြီး ငြိမ်းချမ်း တရားကျင့်တာအပြင် စာရေးသည့် အလုပ်ကိုပါလုပ်သည်။ ထိုမြို့လေး၏ သာရေး၊ နာရေးများတွင် ဝင်ရောက် လုပ်ကိုင်ကူညီသည်။

ခွေးများနှင့် ငှက်များကို အစာကျွေးသည်။ ကလေးများကို အင်္ဂလိပ်စာ အခမဲ့ သင်ပေးသည်။ သူသည် အရင်ကလို ပတ်ဝန်းကျင်နှင့် တစ်သီးတစ်ခြားဖြစ်အောင် နေထိုင်ခြင်း မရှိတော့ပေ။ ပတ်ဝန်းကျင်နှင့် ဆက်ဆံ၍ ပတ်ဝန်းကျင် အကျိုးကိုဆောင်သည်။

သူ့ကို မှော်ဆရာဟု ပြောသူများသည်လည်းကောင်း၊ သူတော်စင်ဟု ထင်ကြသူများသည်လည်းကောင်း၊ ရာဇဝတ်မှု ကျူးလွန်ပြီး ရှောင်တိမ်းလာသည်ဟု ယူဆကြသူများသည်လည်း ကောင်း၊ ယခု သူ့ကို ထိုသို့ မထင်ကြတော့ပေ။ သူသည် လူသား တစ်ယောက်သာဖြစ်သည်ဟုသာ သူတို့တွေ့ရှိသွားလေသည်။

အောင်ငြိမ်း



www.burmeseclassic.com